# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ညီညွတ်ခြင်းသည် ချမ်းသာခြင်း**

ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သူတော်ကောင်းတရားကို ဟောကြားတော်မူခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာခြင်းအကြောင်းဖြစ်၏။ (ဓမ္မပဒ - ၁၉၄)


၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက် | ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၃၈)




# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လေဘာပါတီလွှတ်တော်အမတ်အား တွေ့ဆုံ

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၃

# ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ မောင်တောဒေသသို့ တတိယအကြိမ် မြေပြင်ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်

**မောင်တော ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၃ ရက်က ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးအဖွဲ့၏ အစီရင်ခံစာပါ အချက်အလက်များနှင့် စပ်လျဉ်း၍ မြေပြင်ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ရန် ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ပြည်နယ်ဝန်ကြီးချုပ်နှင့် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် ကျီးကန်းပြင်သို့ရောက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အကျဉ်းဦးစီးဌာန ဘူးသီးတောင်အကျဉ်းထောင်သို့ သွားရောက်၍ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် ပတ်သက်၍ နိုင်ငံတကာအခြေခံစည်းမျဉ်းများနှင့် ညီညွတ်စွာ ဆောင်ရွက်ထားခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆



ဘူးသီးတောင်အကျဉ်းထောင်၌ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့်ပတ်သက်၍ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ တာဝန်ရှိသူများအား မေးမြန်းစဉ် (သတင်းစဉ်)


KBZ BANK

STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# မြန်မာ့အလင်း

## ဆုပ်ကိုင်ရမည့် ငြိမ်းချမ်းရေး အခွင့်အလမ်းကောင်းများ

ပင်လုံမြို့တွင်ကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "တစ်ခါတလေ အကောင်းဆုံးအချိန်မှာ မိမိရရမဆုပ်ကိုင်လိုက်ရလို့ ဒီအကျိုးတွေဟာ အပတ်ပေါင်းများစွာထပ်ပြီးတော့ စောင့်ရပါတယ်။ ဘယ်လောက်အထိစောင့်ချင်သလဲ"ဟု ပြောကြားခဲ့ခြင်းအပေါ် အလေးအနက်ထားသုံးသပ်နှလုံးသွင်းရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ပစ္စုပ္ပန်ကာလသည် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အလားအလာကောင်းများ တည်ရှိနေသော အချိန်ကာလဖြစ်ပါသည်။

နှစ်ပေါင်း(၇၀)နီးပါးရှိပြီဖြစ်သော ပြည်တွင်းစစ်သမိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)ကို အစိုးရ၊ တပ်မတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းတို့ အပြန်အလှန်လွတ်လွတ်လပ်လပ်ညှိနှိုင်း၍ ဆုပ်ကိုင်ရရှိထားသော အချိန်ကာလဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA)၏ဦးတည်ချက်အဖြစ် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုထူထောင်ရေးကို တညီတညွတ်တည်း သဘောတူထားသော အချိန်ကာလဖြစ်ပါသည်။ ပြည်တွင်းစစ်ဖြစ်ပွားနေခြင်းကြောင့် တိုင်းပြည်အတွက် တစ်စုံတစ်ရာအကျိုးမရှိဟူသောအချက်ကို တပ်မတော်နှင့် လက်နက်ကိုင်တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လေးလေးနက်နက်ခံယူသဘောပေါက်လျက်ရှိသော အချိန်ကာလဖြစ်ပါသည်။ အာဆီယံစီးပွားရေးရပ်မြို့ (AEC)နှင့် ခေတ်သစ်ပိုးလမ်းမစီမံကိန်းကြီးတို့ကဲ့သို့သော ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတို့က ဒေသတွင်းပဋိပက္ခတို့ကို ချုပ်ငြိမ်းစေ၍ တည်ငြိမ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကို ကျယ်ပြန့်ခိုင်မာလာစေရန် အားပေးအားမြှောက်ပြုလျက်ရှိသော အချိန်ကာလဖြစ်ပါသည်။

အထက်ဖော်ပြပါအချက်တို့ကို ကြည့်ရှုမျှဖြင့်ပင် ပစ္စုပ္ပန်အချိန်ကာလသည် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အတွက် အခွင့်ကောင်းများဖူးပွင့်လျက်ရှိသည်ကို ထင်ထင်ရှားရှား ညွှန်းဆိုဖော်ပြနေပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်ကို ကိုးကားလျက် စစ်မှန်သောသတ္တိဟူသည် လုပ်သင့်လုပ်ထိုက်သောကိစ္စရပ်ကို ဆောင်ရွက်လျက် ကြုံတွေ့ရသမျှကို ရင်ဆိုင်ခံယူရဲခြင်းဟု ထောက်ပြသွားပါသည်။ နှစ် (၇၀) နီးပါးရှိပြီဖြစ်သော ပြည်တွင်းစစ်သမိုင်းက ပြည်တွင်းငြိမ်းချမ်းရေးကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်သာ ရရှိနိုင်သည်ကို သက်သေထူပြီးဖြစ်ပါသည်။ ဤသမိုင်းအမှန်တရားကို မျက်နှာမူလျက် ပစ္စုပ္ပန်ကာလတွင် ဖူးပွင့်လျက်ရှိသော သမိုင်းတွင်စေမည့်အခွင့်အလမ်းကောင်းတို့ကို အမိအရဆုပ်ကိုင်ရယူကြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ထူးခြားသည့်ညအပူချိန်များ

၁၄-၂-၂၀၁၇

| | |
|---|---|
| ဟားခါးမြို့ | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၆ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၇ ဒီဂရီစင်တီဂရိတ် |

# (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။







## အရှေ့တောင်အာရှ ဆေးပညာညီလာခံ ကျင်းပမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း မြန်မာနိုင်ငံနာကျင်မှုဝေဒနာ ဆေးပညာအဖွဲ့မှ ကြီးမှူး၍ (၇)ကြိမ်မြောက် အရှေ့တောင်အာရှဆေးပညာညီလာခံကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၉ ရက်အထိ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ Sule Shangri-La Hotel, Ballroom ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တက်ရောက်မည့် ဆရာဝန်များသည် ကြိုတင်၍ မှတ်ပုံတင်စာရင်းပေးသွင်းပြီး တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

## ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၄-၂-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၀၀၀ |

စက်သုံးဆီစျေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၀ ကျပ် |

နိုင်ငံတကာ ငွေကြေးစျေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ ・ ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၅၆ ・ ၂ |
| ထိုင်း | တစ်ဘတ် | ၃၈ ・ ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ・ ၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ ・ ၉၉ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ ・ ၉ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လေဘာပါတီ လွှတ်တော်အမတ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ လေဘာပါတီလွှတ်တော်အမတ် Ms. Rushanara Ali MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ လေဘာပါတီလွှတ်တော်အမတ် Ms. Rushanara Ali MP ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်**

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**
**ကြေညာချက်အမှတ်၊ ၁/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)**
**ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်များအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများဖွဲ့စည်းခြင်း**

၁။ နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်ပါ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဒေသကို အခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးတွင်လည်းကောင်း၊ လူမျိုးကိုအခြေခံသည့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်တွင်လည်းကောင်း ကျင်းပနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

**(က) ပဲခူးတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်နော်ပွယ်ဆေး | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးမျိုးအောင် | (တပ်မတော်) |
| (၃) | ဦးခင်မောင်သန်း | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | စောဆဲဂေး | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | စောထွန်းကဲ | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | စောကီးဒို | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးသိန်းတန် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးတင်စိုး | (နိုင်ငံရေးပါတီ) |
| (၉) | ဦးရန်နိုင် | (နိုင်ငံရေးပါတီ) |

**(ခ) ရှမ်းပြည်နယ် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါက်တာထွန်းလှိုင် | (တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး) |
| (၂) | ဗိုလ်မှူးကြီးစန်းညွန့်ဇော် | (တပ်မတော်) |
| (၃) | ဒေါက်တာဒေါ်သန်းငွေ | (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) |
| (၄) | ခွန်ထွန်းတင် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၅) | ဒုတိယဗိုလ်မှူးကြီးဆောင်းဟန် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၆) | ဒုတိယဗိုလ်မှူးကြီးဆိုင်ဟန် | (တိုင်းရင်းသားလက်နက်ကိုင်) |
| (၇) | ဦးခင်မောင်ညွန့် | (နိုင်ငံရေးပါတီ) |
| (၈) | ဦးခွန်သူရအောင် | (နိုင်ငံရေးပါတီ) |
| (၉) | ဦးစိုင်းမြင့်မောင် | (နိုင်ငံရေးပါတီ) |

၂။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများသည် နိုင်ငံရေးဆွေးနွေးမှု မူဘောင်ပါ ဤပူးတွဲကော်မတီက အတည်ပြုထားပြီးဖြစ်သော ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ လုပ်ငန်းလမ်းညွှန်များနှင့်အညီ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စေရေး၊ စနစ်တကျရှိစေရေး၊ လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**(ပုံ) အောင်ဆန်းစုကြည်**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ**

## ဦးစိန်ဦးအား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဦးအား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ **(မိုး/ဇလ)**

## စတုတ္ထအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စတုတ္ထအကြိမ်မြောက် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂရေးရာ တာဝန်ခံ သံအမတ်ကြီး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာကိုအိချိမိဇုရှိမတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ဆွေးနွေးပွဲတွင် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ၌ နှစ်နိုင်ငံချမှတ်ကျင့်သုံးလျက်ရှိသော မူဝါဒများ၊ အလေ့အထများနှင့် နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ သက်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်၌ ကျင်းပသည်။

အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်း၊ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခဌာနမှူး ဒေါက်တာနော်ဂျူးဖောနှင့် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန ညွှန်ကြားရေးမှူး ဒေါက်တာပိုးပိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်က ပင်လုံဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ နှုတ်ခွန်းဆက်စကားပြောကြားသည်။


သုံးခွမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ် (သတင်းစဉ်)

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးမြင့်တို့က အဖွင့်အမှာစကားပြောကြားကြပြီး ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခဌာနမှူးနှင့် အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာန ညွှန်ကြားရေးမှူးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူရှင်များအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အင်္ဂလိပ်စာကျောင်းသား ကျောင်းသူများက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါ ပင်လုံဆောင်၌ ဘွဲ့ကြိုဘွဲ့လွန် အင်္ဂလိပ်စာအထူးပြုကျောင်းသားများအတွက် ဘာသာရပ်များသင်ကြားပို့ချလျက်ရှိပြီး ခေတ်နှင့်အညီ တိုးတက်လာသည့် မြန်မာနိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် English for Occupational Purposes(EOP)၊ English for Professional Purposes (EPP) အထူးပြုဘာသာရပ်များ၊ Intercultural Communication၊ Academic Writing အစရှိသည့် ဘာသာရပ်သစ်များကို တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပါရဂူသင်တန်းသားများအတွက် English for Prelim ပို့ချပေးခြင်း၊ ဘွဲ့ကြိုသင်တန်းသားများအတွက် Foundation English ကိုလည်း နိုင်ငံတကာအဆင့်မီဖြစ်စေရန် ပြောင်းလဲသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ငြိမ်းချမ်းရေးအထိမ်းအမှတ် ပင်လုံဆောင်ကြီးကို အောင်အောင်မြင်မြင်ဖွင့်လှစ်နိုင်ခြင်းသည် ပညာရေးကဏ္ဍဆောင်ရွက်ချက်များအနက် အောင်မြင်မှုတစ်ရပ်ဖြစ်သည့်အပြင် အင်္ဂလိပ်စာဘာသာရပ်လိုအပ်ချက်များကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်တာဝန်ရှိသူများ ရန်ကုန်တက္ကသိုလ် ပင်လုံဆောင်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ် (သတင်းစဉ်)

# စီမံကိန်းနှင့် ဖွံ့ဖြိုးစည်းပုံစိစစ်ရေးအဖွဲ့၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်သူများ၏ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အဆိုပြုတင်ပြလာသည့် ဝန်ထမ်းဖွဲ့စည်းပုံများတိုးချဲ့ဖွဲ့စည်းနိုင်ရန် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့မှ အဆိုပြုတင်ပြလာသည့် ဖွဲ့စည်းပုံများ တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းသည်။

ထိုအစည်းအဝေးတွင်ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ/ခရိုင်ရုံးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ရဲစခန်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခြင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန လက်အောက်တွင် မဟာဓာတ်အားလိုင်းမှူးရုံး (ဂန့်ဂေါ)ကို အသစ်ဖွင့်လှစ်ပေးခြင်း၊ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန လက်အောက်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၌ ဝန်ထမ်းအင်အား တိုးမြှင့်ပေးခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနတွင် ပုဂံဘုရားများ ကြံ့ခိုင်ထိန်းသိမ်းရေးအဖွဲ့ အသစ်ဖွဲ့စည်းခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေး ကော်မတီတို့၏ ဖွဲ့စည်းပုံ တိုးချဲ့ဖွဲ့စည်းခြင်းများကို ခွင့်ပြုခဲ့သည်။

ထို့အပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများ၌ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ၁၀ ရုံနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ ကျေးရွာများ၌ ကျေးလက်ကျန်းမာရေးဌာနခွဲခြောက်ခုတို့ကို အသစ်ဖွင့်လှစ်ပေးခြင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားဆေးဘက်ဌာနခွဲ၌ ဝန်ထမ်းအင်အား ထပ်မံတိုးချဲ့၍လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)ကို အသစ်ဖွင့်လှစ်ရန် ခွင့်ပြုခဲ့ပါသဖြင့် အဆိုပါဒေသများရှိ ပြည်သူများ၏ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးစေရန်၊ ပညာရေးအဆင့်အတန်းနှင့် လူနေမှုဘဝ ပိုမိုမြင့်မားလာနိုင်စေရန်၊ ဒေသခံပြည်သူများအား အားကစားနည်းမျိုးစုံ သင်ကြားပေးနိုင်ပြီး ထူးချွန်အောင်မြင်သည့် မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာနိုင်စေရန်၊ နိုင်ငံတော်၏ အမျိုးသားကျန်းမာရေး မူဝါဒနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှု စွမ်းရည်ပြည့် ဆောင်ရွက်ပေးနိုင်စေရန်နှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ကျန်းမာရေး အနီးကပ်စောင့်ရှောက်မှုများ ပြည့်ဝစွာရရှိခံစားနိုင်စေရန်အတွက် ဆွေးနွေးညှိနှိုင်းခဲ့ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗြိတိန်နိုင်ငံအောက်လွှတ်တော်အမတ်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ဗြိတိန်နိုင်ငံ လေဘာပါတီမှ အောက်လွှတ်တော်အမတ်များ ဖြစ်ကြသည့် Ms.Margaret Hodge နှင့် Ms. Rushanara All ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံးညှိခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက် JCC မှ နိုင်ငံတကာ လွှတ်တော်ပါလီမန်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ အမျိုးသမီးများ နိုင်ငံရေးတွင် ယခုထက် ပိုမိုပါဝင်လာနိုင်ရေး၊ ဒီမိုကရေစီအရေး လူ့အခွင့်အရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များ၊ လွှတ်တော်လုပ်ငန်း အတွေ့အကြုံများ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ပူးပေါင်း၍ အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ငယ်သင်တန်းကျောင်းရှိ အနုပညာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ကြည်ကြည်မြတို့က လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် အမျိုးသမီးရေးရာအဖွဲ့အစည်းများအတွင်း အသိပညာဗဟုသုတပြန့်ပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းပို့ချမည်ဖြစ်ပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းများမှ သင်တန်းသား/ သင်တန်းသူ ၅၀ ခန့် သင်တန်းတက်ရောက်ကြသည်။ ယင်းသင်တန်းကို နေပြည်တော်၌လည်း ကျင်းပခဲ့ပြီး ခရိုင်အဆင့် သင်တန်းများဆက်လက် ပို့ချသွားမည် ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ၏ ကျန်းမာရေး၊ နာရေးကိစ္စရပ်များကို အဓိကကူညီဆောင်ရွက်ပေးနေသော လူမှုကူညီရေးအဖွဲ့၏ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မြန်မာ့အလင်း သတင်းစာတိုက် (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဖွဲ့ဝင်သတင်းထောက်များအနေဖြင့် ဖိတ်စာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ယင်းနေ့တွင် တက်ရောက်နိုင်ရန် နှိုးဆော်ထားပြီးဖြစ်သည်။

ထို့အပြင် အဖွဲ့ဝင်သတင်းထောက်များအနေဖြင့် မိမိတို့၏ တင်ပြလိုသော ကိစ္စအကြောင်းအရာများရှိပါက အခမ်းအနားပြင်ဆင်သည့် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ သတင်းစာတိုက် အစည်းအဝေးခန်းမရှိ အလုပ်အမှုဆောင်များထံ ပေးပို့နိုင်ကြောင်း သိရသည်။

**ကိုကြီးတင်**

## တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **(မိုး/ဇလ)**

◆ *ရှေ့ဖုံးမှ*

ထိုသို့စစ်ဆေးစဉ် ဘူးသီးတောင် အကျဉ်းထောင်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းအေးကျော်က အကျဉ်းထောင်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ခရိုင်ဥပဒေအရာရှိနှင့် မြို့နယ်တရားသူကြီးတို့က တရားခံများအား ရုံးတင်စစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အကျဉ်းသားများနှင့် ၎င်းတို့၏မိသားစုဝင်များ အဆင်ပြေစွာ တွေ့ဆုံနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးရေး၊ အကျဉ်းသားများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးရေးနှင့် တရားခံများအား ဥပဒေနှင့်အညီ အမြန်ဆုံး တရားစီရင်နိုင်ရေးတို့အတွက် တရားခွင်များ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ တိုက်ရိုက်ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အဆိုပါအကျဉ်းထောင်မှ အချုပ်သားများနှင့်တွေ့ဆုံပြီး အကျဉ်းထောင်အတွင်း နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများနှင့် မိသားစုဝင်များနှင့် တွေ့ဆုံမှုအခြေအနေများကို မေးမြန်းသည်။

ဘူးသီးတောင်အကျဉ်းထောင်တွင် အကျဉ်းသားဝင်ဆံ့နိုင်မှု ဦးရေသည် ၁၃၈၈ ဦးဖြစ်ပြီး လက်ရှိအကျဉ်းထောင်အတွင်းရှိ အကျဉ်းသားအရေအတွက်သည် ၁၂၉၄ ဦး ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်မှ ဘူးသီးတောင်အကျဉ်းထောင်သို့ လာရောက်စစ်ဆေးစဉ် တွေ့ရှိချက်အရ အဆိုပါအကျဉ်းထောင်တွင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုမရှိကြောင်း၊ သတ်မှတ်ထားသည့် စားသောက်နေထိုင်မှုကို စနစ်တကျ ဆောင်ရွက်ပေးကြောင်း၊ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတနှင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားခံများအား ဥပဒေနှင့်အညီ အမြန်ဆုံး တရားစီရင်နိုင်ရေးတို့အတွက် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် တရားခွင်အဆောက်အအုံနေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ ဘူးသီးတောင်အကျဉ်းထောင်၌ ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

# မြန်မာ-ဂျပန် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာ-ဂျပန် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်များ ဆွေးနွေးနိုင်ရန်အတွက် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် တိုကျိုမြို့ရှိ ဂျပန်နိုင်ငံ ကုန်သည်များအသင်းရုံးသို့ သွားရောက်ကာ ဂျပန်-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ Mr.Yoichi Kobayashi၊ ဂျပန်နိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ Mr. Toru Ishida နှင့် အထွေထွေမန်နေဂျာ Takeshi Akagi တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် စီးပွားရေးဇုန်များ အထူးသဖြင့် ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်နိုင်ငံမှလုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

ဆက်လက်၍ ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အကြံပေး Mr.Izumi နှင့်တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေး၊ထားဝယ်အထူးစီးပွားရေးဇုန်တွင် ဂျပန်လုပ်ငန်းရှင်များ လာရောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် တိုကျိုမြို့ ANA Intercontinental Hotel တွင် Japan External Trade Organization (JETRO) မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး အဆိုပါညစာစားပွဲသို့ Executive Vice President Mr.Koji Yonetani နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရမည်းသင်းမြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်းတည်ဆောက်ခြင်းစီမံကိန်းကို ဖေဖော်ဝါရီ ၁၄ ရက်က မြို့မသုသာန်ဟောင်းမြေနေရာတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**များစွာအကျိုးပြုမည်**

ယခုတည်ဆောက်သွားမည့် ရမည်းသင်းမြို့အဝေးပြေးယာဉ်ရပ်နားစခန်းတွင် အဝေးပြေးယာဉ်လိုင်းဂိတ်များ၊ ဒေသထွက်ကုန်အဆင့်မြင့်ဈေးဆိုင်ခန်းများ၊ အဆင့်မြင့် ၂၄ နာရီစားသောက်ဆိုင်များ၊ ဟိုတယ်နှင့် စက်သုံးဆီဆိုင်များ၊ လူနေဆိုင်ခန်းများ၊ ကုန်တင်ကုန်ချ ပွဲရုံတန်းများ အစရှိသော အဆောက်အအုံများ ထည့်သွင်းတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ ရမည်းသင်းမြို့တွင် အဝေးပြေးယာဉ် ရပ်နားစခန်းတည်ဆောက်ခြင်းကြောင့် ယာဉ်များစနစ်တကျ သွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်ပို့ဆောင်မှု၊ ကုန်စည်စီးဆင်းမှုလည်း ယခင်ကထက်ပိုမိုမြန်ဆန်လာမည်ဖြစ်၍ ဒေသအတွက် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**



● *ကျောဖုံးမှ*

ထိုသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုခဲ့ရာ ယနေ့ ဖေဖော်ဝါရီ ၁၄ ရက်က Diethelm Travel Myanmar Tourism Co., Ltd ၏ အစီအစဉ်ဖြင့် ဂျာမနီနိုင်ငံသားဧည့်သည် Mr.Helge Hugo Lehmann ဦးဆောင်သော ဂျာမနီနိုင်ငံသားများ ပါဝင်သည့် အဖွဲ့ဝင်ကိုးဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ်လေးစီးဖြင့် မြဝတီ-မဲဆောက်ဝင်ထွက်ဂိတ်မှ ဝင်ရောက်ပြီး မြဝတီမှ ဘားအံ၊ တောင်ငူ၊ အင်းလေး၊ ပင်းတယ၊ မန္တလေး၊ ပုဂံ၊ ပုပ္ပါး၊ မကွေး၊ ပြည်၊ ငပလီခရီးစဉ်များသို့ သွားရောက် လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့နှင့်အတူ မြဝတီခရိုင် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ချောကြည်ကြည် လိုက်ပါသွားမည်ဖြစ်သည်။

အခု လည်ပတ်တဲ့ အဖွဲ့ဟာ ဖေဖော်ဝါရီ ၂၈ ရက်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဂျာမနီကို နှစ်ဦးပြန်မယ်၊ မတ်လ ၂ ရက်မှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကပဲ တရုတ်ကို တစ်ဦး၊ ဂျာမနီကို ငါးဦးပြန်ထွက်မှာပါ၊ ပြီးတော့ မြဝတီမြို့ဝင်ထွက်ဂိတ်မှ တစ်ဦး ပြန်ထွက်ခွာမှာပါ”ဟု ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးငြိမ်းမိုးက ပြောသည်။

❖ *ကျောဖုံးမှ*

လူနာရှင်များအနေဖြင့် အောက်ဆီဂျင်ဖိုးကုန်ကျငွေမှာ မများသော်လည်း အောက်ဆီဂျင်ဘူးများ သယ်ယူပို့ဆောင်ခမှာ ကုန်ကျမှုအနည်းငယ်ရှိနေကြောင်း၊ ယင်းအခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် ကွန်တိန်နာအရွယ်အစားရှိ ကြီးမားသည့် အောက်ဆီဂျင်ထုတ်လုပ်ပေးသည့် စက်ကိုမှာယူတပ်ဆင်ပေးနိုင်တော့မည်ဖြစ်၍ လာမည့် ဧပြီလဆန်းမှစတင်ကာ အင်းစိန်ပြည်သူ့ဆေးရုံကြီးတွင် လူနာများအတွက် အောက်ဆီဂျင်ဘူး လိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အင်းစိန်ပြည်သူ့ဆေးရုံကြီးသည် ခုတင် ၅၀၀ ဟု သတ်မှတ်ထားသော်လည်း လူနာတက်ရောက်ကုသမှုမှာ ယင်းပမာဏထက် ကျော်လွန်လျက်ရှိကြောင်း၊ အောက်ဆီဂျင်ဘူးအသုံးပြုကုသပေးရသည့် လူနာများလည်း များပြားကြောင်း၊ အများစုမှာ အဆုတ်ရောဂါနှင့် နှလုံးရောဂါဝေဒနာရှင်များအား အောက်ဆီဂျင်ပေးကုသနေရကြောင်း၊ လစဉ် အောက်ဆီဂျင်ဘူး ဘူးကြီး ၆၀ နှင့် ဘူးလတ် ၁၀၀ ခန့် အသုံးပြုနေရကြောင်း၊ အဆုတ်ကုသရေးဌာနတစ်ခုတည်းတွင် နေ့စဉ် အောက်ဆီဂျင်ပေးကုသလူနာ ၃၀ ခန့်ရှိကြောင်း သိရသည်။ ယင်းအောက်ဆီဂျင်လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရန် အင်းစိန်ဆေးရုံအုပ်ကြီးနှင့်တကွ တာဝန်ရှိသူများက ဝိုင်းဝန်းကြိုးပမ်းအားထုတ်မှုကြောင့် လာမည့် ဧပြီလဆန်းမှ စတင်ကာ ပြင်ပသို့အောက်ဆီဂျင်ဘူးများသွားရောက်ယူစရာမလိုတော့ဘဲ အပြည့်အဝ ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကျွန်တော်သိသော တရားဥပဒေစိုးမိုးရေး (သို့မဟုတ်) တရားဥပဒေစိုးမိုးရေးအပေါ် ကျွန်တော့်အမြင်

## ဦးတင်မောင်ဦး (ရွှေပြည်သာ)

*( ယမန်နေ့မှအဆက် )*

**တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ**

တရားဥပဒေစိုးမိုးရေးကဏ္ဍတွင် လွှတ်တော်အသီးသီးမှ သတ်မှတ်ပြဋ္ဌာန်းပေးထားသော ဥပဒေများအတိုင်း အစိုးရအဖွဲ့အစည်း အဆင့်ဆင့်မှ ညွှန်ကြားချက်များ ထုတ်ပြန်၍ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၏ အုပ်ချုပ်ရေးအခန်းကဏ္ဍသည်လည်း အဓိကကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။ နိုင်ငံတော်၏အုပ်ချုပ်ရေးစနစ်တွင် အားနည်းချက်များရှိသည်ကို လေ့လာသုံးသပ်၍ ဥပဒေနှင့်အညီ စနစ်တကျအုပ်ချုပ်နိုင်ရေးအတွက်လည်း ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့ဥပဒေကို ဌာနဆိုင်ရာများနှင့်ဆွေးနွေးညှိနှိုင်း၍ ရေးဆွဲပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ပြည်သူနှင့်အနီးစပ်ဆုံးဖြစ်သော ရပ်ကွက် / ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များမှသည် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၏ အုပ်ချုပ်ရေးယန္တရား ချောမွေ့စွာလည်ပတ်နိုင်စေရေး၊ အုပ်ချုပ်ရေးအဖွဲ့များ၏ ဆောင်ရွက်မှုများသည် ဥပဒေနှင့်အညီဖြစ်စေရေး၊ ပြည်သူတို့၏ လိုအပ်ချက်များကို ထဲထဲဝင်ဝင်လေ့လာ၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးတို့သည်လည်း အထူးလိုအပ်လျက်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ အားနည်းခြင်း၊ အားကောင်းခြင်းသည် တရားဥပဒေစိုးမိုးရေးနှင့် တိုက်ရိုက်အချိုးကျပတ်သက်နေရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏အခန်းကဏ္ဍကို ဥပဒေပါအတိုင်း တိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နိုင်မှသာ တရားဥပဒေစိုးမိုးရေးကို အားကောင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့များ၏ အားနည်းချက်များ၊ လိုအပ်ချက်များကို မည်သို့ဖြည့်ဆည်းပြင်ဆင်ကြပါမည်နည်း၊ အဖြေမှာ ဥပဒေနှင့်အညီ ပြင်ဆင်မှသာရမည် ဖြစ်ကြောင်းကိုလည်း တွေ့ရှိကြရမည်ဖြစ်ပါသည်။

**ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်းများ**

တရားဥပဒေစိုးမိုးရေးလုပ်ငန်းများသည် အထက်တွင်ဖော်ပြထားသည့် အဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်ရုံဖြင့် ထိရောက်အောင်မြင်နိုင်မည်မဟုတ်ဘဲ နိုင်ငံသားများကို တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့် အသိပညာပေးခြင်းကိုလည်း ထိရောက်စွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အချိန်တိုအတွင်း သိရှိနားလည်သဘောပေါက်စေရန် ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများမှ ဇာတ်လမ်းတိုများ ထုတ်လွှင့်ပြသခြင်း၊ သီချင်းများ ရေးသားသီဆိုထုတ်လွှင့်ခြင်း၊ မိမိကဏ္ဍနယ်ပယ်အလိုက် တရားဥပဒေစိုးမိုးရေး ပညာပေးမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ထိုသို့ အနုပညာရှင်များ၏စွမ်းအားကို ပေါင်းစည်းရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် ၆.၂.၂၀၁၇ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေး ဆွေးနွေးဆောင်ရွက်ခဲ့ကြသည့်နည်းတူ မကြာမီ မြန်မာနိုင်ငံဇာတ်သဘင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ရန်ရှိကြောင်း သိရှိရပါသည်။

**သတင်းမီဒီယာများ**

တရားဥပဒေစိုးမိုးရေး အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မဏ္ဍိုင်(၁)ခုဖြစ်သော နိုင်ငံသားတို့၏ နား၊ မျက်စိ၊ နှလုံးသားနှင့်တူသော သတင်းမီဒီယာတို့၏ အခန်းကဏ္ဍကိုလည်း ဦးစားပေးမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားများကို အသိပညာပေး စည်းရုံးဆောင်ရွက်ရာတွင် ရုပ်မြင်သံကြားသတင်းဌာနများ၊ နိုင်ငံပိုင်သတင်းစာများနှင့် ပုဂ္ဂလိကသတင်းဌာနများ၊ ဂျာနယ် / မဂ္ဂဇင်းများတွင် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်သည့် အသိပညာပေးမှုများဖြစ်သော ကာတွန်း၊ ဆောင်းပါး၊ ဆွေးနွေးပွဲ၊ သတင်းများ ရေးသားထုတ်လွှင့်ပြသခြင်းသည်လည်း တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံသားများကို အသိပညာပေးရာတွင် ထိရောက်သော ဆောင်ရွက်မှုများဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ၆.၁.၂၀၁၇ ရက်တွင်လည်းကောင်း၊ သတင်းမီဒီယာကဏ္ဍကို ဦးဆောင်ဦးရွက်ပြုနေသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ၂၈.၁၂.၂၀၁၆ ရက်တွင်လည်းကောင်း တွေ့ဆုံခဲ့ပြီး တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးညှိနှိုင်းခဲ့ကြခြင်းကြောင့် ယနေ့ဆိုလျှင် သတင်းစာ၊ ဂျာနယ်များတွင် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်သည့် ကာတွန်း၊ ဆောင်းပါးများ စဉ်ဆက်မပြတ် ဖော်ပြပါရှိနေသလို ရုပ်မြင်သံကြားမှာလည်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပညာပေးဆွေးနွေးမှုများကို ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

ဤသို့ဖြင့် မကြာမီကာလများတွင် ယခုထက်ပိုမို၍ ထိရောက်ကျယ်ပြန့်သော မီဒီယာလုပ်ငန်းစဉ်များဖြင့် ပြည်သူများ တရားဥပဒေစိုးမိုးရေးတွင် ပိုမိုစိတ်ပါဝင်စား ပါဝင်လာစေရေး ဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး တိုးတက်လာမည်ကိုလည်း ယုံကြည်နေမိပါသည်။ ယနေ့သတင်းမီဒီယာသမားများ လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲအတားအဆီးတစ်ခုသဖွယ် တွေ့ကြုံရင်ဆိုင်နေကြရသည့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ)နှင့် ပတ်သက်၍လည်း မီဒီယာများအနေဖြင့် ဥပဒေနှင့်အညီ ရဲရဲဝံ့ဝံ့ရေးသားတင်ပြခွင့်များ မဆုံးရှုံးစေရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့် ဥပဒေတွင်ပါဝင်သည့် အသရေဖျက်ခြင်းဆိုသော အသုံးအနှုန်းကို ၎င်းနှင့်ဆက်နွှယ်နေသည့် သိက္ခာချခြင်း၊ အမနာပ ပြောဆိုခြင်းဆိုသည့် အသုံးအနှုန်းနှင့် နှိုင်းယှဉ်သုံးသပ်၍ ပြောဆိုမှုနှင့် ရင့်သီးစွာ ဝေဖန်ပုတ်ခတ်ပြောဆိုမှုများအကြား ဟန်ချက်ညီထိန်းချုပ်နိုင်ရန် သုံးသပ်ပြင်ဆင်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ အကြံပြုတင်ပြ၍ သတင်းမီဒီယာများအရေး ဆောင်ရွက်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေး အားကောင်းလာစေရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

> **ယနေ့ အစိုးရသစ်ဝန်ကြီးဌာန ၂၂ ခုတွင် လိုက်နာကျင့်သုံးနေရသော ဥပဒေပေါင်း ၃၉၅ ခု၊ ပြင်ဆင်ရန် ဥပဒေ ၃၆ ခု၊ အသစ်ရေးဆွဲရန် ဥပဒေ ၂၇ ခု၊ ရုပ်သိမ်းရန် ဥပဒေ ၂၄ ခု၊ အသစ်ရေး အဟောင်းရုပ်သိမ်းရန် သင့် / မသင့် စိစစ်သင့်သော ဥပဒေ ၅၄ ခု စုစုပေါင်း ၁၄၁ ခုရှိပြီး မြန်မာဘာသာပြန်ဆိုရန် ဥပဒေ ၁၃၇ ခုရှိကြောင်းနှင့် နည်းဥပဒေမရှိသေးသော ဥပဒေ ၃၄ ခုရှိ**

**အရပ်ဘက်လူမှုအဖွဲ့အစည်းများ**

ယနေ့နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေးဆောင်ရွက်ကြရာတွင် မဖြစ်မနေပူးပေါင်းပါဝင်ရမည့် အဖွဲ့အစည်းမှာ အရပ်ဘက် လူမှုအဖွဲ့အစည်းဖြစ်ပါသည်။ အဆိုပါ အဖွဲ့အစည်းများသည် ယနေ့ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် အခန်းကဏ္ဍအသီးသီးမှ စွမ်းစွမ်းတမံပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသော အဖွဲ့အစည်းများ ဖြစ်ပါသည်။ ထိုအဖွဲ့အစည်းများသည် ရပ်ကွက်ကျေးရွာများအတွင်း ပြည်သူများနှင့်အတူ နီးကပ်စွာနေထိုင်၍ ပြည်သူ့အသံ၊ ပြည်သူ့ဘဝ၊ ပြည်သူ့ခံစားချက်များကို အနီးစပ်ဆုံးတွေ့ရှိနိုင်သလို နိုင်ငံတော်အစိုးရမှ လက်လှမ်းမမီသောကိစ္စအရပ်ရပ်ကိုလည်း သူ့နည်းသူ့ဟန်ဖြင့် ဥပဒေနှင့်အညီ ဝိုင်းဝန်းကူညီလျက်ရှိကြလေရာ မြန်မာနိုင်ငံတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း အကြီး၊ အငယ်၊ အလတ် စုစုပေါင်း ၅၀၂၈ ဖွဲ့ခန့်ရှိပြီး အဆိုပါ အရပ်ဘက်အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအစရှိသောကဏ္ဍများတွင် အားတက်သရော ကူညီဆောင်ရွက်လျက်ရှိကြပေသည်။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့်လည်း နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဦးဆောင်သူ ၃၂ ဦးအား ၁၀.၁.၂၀၁၇ ရက်နေ့တွင်တွေ့ဆုံ၍ လိုအပ်ချက်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြသလို တရားဥပဒေ စိုးမိုးရေးအတွက်လည်း ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဦးဆောင်သူ ၇၀ ခန့်နှင့် ၃၁.၁.၂၀၁၇ ရက်တွင်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါသည်။ ဤသို့ဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များတွင် ယခင်ကာလများထက် ပိုမိုပါဝင်လှုပ်ရှားခွင့်ရရှိလာကြမည်ကိုလည်း တွေးမြင်မိပါသည်။

**နိုင်ငံသားများ**

ယနေ့ဒီမိုကရေစီဖော်ဆောင်နေချိန်တွင် နိုင်ငံတော်အတွက် အရေးကြီးဆုံးအရာမှာ တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေး ကျဆင်းလာသည်နှင့်အမျှ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်ကျဆင်းလာမည်မှာ အမှန်ပင်ဖြစ်ပါသည်။ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေလိုသည့်ဆန္ဒများ ရင်နှင့်မဆံ့ရှိနေသလို ဤသို့ဖွံ့ဖြိုးတိုးတက်ရန် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ်လိုအပ်ကြောင်းနှင့် ယနေ့ တရားဥပဒေစိုးမိုးရေး အားနည်းနေကြောင်းကိုလည်း နိုင်ငံသားများ သိရှိထားပြီးဖြစ်ပါသည်။ ဤအခြေအနေသို့ မရောက်မီ ပထမအကြိမ်၊ ပြည်သူ့လွှတ်တော်တွင် ၂၀၁၃ ခုနှစ်၌ ဤအခြေအနေများကို ကြိုတင်မျှော်မှန်း၍ ထိန်းသိမ်းစီမံနိုင်ရန် ထိုစဉ်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ယနေ့ဒုတိယအကြိမ်၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်သူ့လွှတ်တော်၏ ကော်မတီတစ်ရပ်အဖြစ် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီကို ယနေ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ရာ ကော်မတီဥက္ကဋ္ဌက ပြည်တွင်း၊ ပြည်ပအကူအညီများရယူ၍ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်ခဲ့မှုကြောင့် တရားဥပဒေစိုးမိုးရေးစင်တာများကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ လားရှိုးမြို့များတွင် ဖွင့်လှစ်၍ နိုင်ငံသားများအကြား စတင်လှုပ်ရှားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် အောင်မြင်မှုများဖြင့် တရားဥပဒေစိုးမိုးရေးကဏ္ဍကို ဝိုင်းဝန်းကူညီပေးလျက်ရှိ ကြပါသည်။

ယနေ့ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ သူရဦးရွှေမန်းအနေဖြင့်လည်း ပြည်ထောင်စု လွှတ်တော်၏ ၃၀.၁၁.၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇/၂၀၁၆) ဖြင့် ဥပဒေနှင့်အညီ တာဝန်ပေးအပ်ထားသော တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများကို အသိပညာပေးခြင်းနှင့် တရားဥပဒေစိုးမိုးရေးတွင် ပြည်သူများ ပါဝင်လာရေးကို ဖော်ဆောင်ရန် ကော်မရှင်အဖွဲ့များနှင့်အတူ ရန်ကုန်မြို့သို့ ၃၀.၁၁.၂၀၁၆ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့သို့ ၁၆.၁၂.၂၀၁၆ ရက် တွင်လည်းကောင်း သွားရောက်၍ Rule of Law Center များတွင် တွေ့ဆုံ ဆွေးနွေးမှုများပြုလုပ်ခြင်း၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာများ ဆွေးနွေးခြင်း၊ တရားစီရင်ရေးလိုအပ်ချက်များကို အကြံပြုဆွေးနွေးခြင်းများပြုလုပ်ခဲ့သလို ကော်မရှင်အဖွဲ့ဝင်အချို့မှလည်း ၁၃.၁.၂၀၁၇ ရက်တွင် ချင်းပြည်နယ်သို့ သွားရောက်၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပညာပေးမှုများ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးကို ထိရောက် ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ တရားဥပဒေစိုးမိုးရေးတွင် နိုင်ငံသားများ၏ စိတ်ပါဝင်စားမှု အခန်းကဏ္ဍသည် အလိုအပ်ဆုံးသော လိုအပ်ချက်ဖြစ်သည့်နည်းတူ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော တရားဥပဒေစိုးမိုးရေးကို အားလုံးပူးပေါင်းဆောင်ရွက်ကြရေးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သော တရားဥပဒေစိုးမိုးရေးကို ဝိုင်းဝန်းပူးပေါင်း၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ကြရာတွင် ဥပဒေကို လေးစားလိုက်နာရန်၊ အဆိုပါဥပဒေများသည် ပြည်သူ့ဆန္ဒလိုအပ်ချက်နှင့် ပြည်သူကို အကာအကွယ်ပေးသော၊ ပြည်သူများလိုက်နာနိုင်သော ဥပဒေဖြစ်ရန်၊ ဥပဒေမှသည် နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များအထိ ဥပဒေနှင့်အညီ စဉ်ဆက်မပြတ်ထွက်ပေါ်လာခြင်းဖြင့် ပြည်သူများ ဥပဒေ၏အကျိုးသက်ရောက်မှုကို ရရှိခံစားနိုင်စေရန်အတွက် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံတော်၏ ဥပဒေများကို လေ့လာခဲ့ရာတွင် နိုင်ငံတော်၌ ခေတ်ကာလ (၇)ပါးဖြစ်သောလွတ်လပ်ရေးမရမီ ပါလီမန်ဒီမိုကရေစီခေတ်၊ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခေတ်နှင့် ယနေ့ ဒီမိုကရေစီလွှတ်တော်များ ပေါ်ပေါက်လာသည့်ခေတ်တို့တွင် ဥပဒေပေါင်း ၁၆၀၃ ခု ပေါ်ထွက်ခဲ့ပြီး ယနေ့အစိုးရသစ်ဝန်ကြီးဌာန ၂၂ ခုတွင် လိုက်နာကျင့်သုံးနေရသော ဥပဒေပေါင်း ၃၉၅ ခု၊ ပြင်ဆင်ရန် ဥပဒေ ၃၆ ခု၊ အသစ်ရေးဆွဲရန် ဥပဒေ ၂၇ ခု၊ ရုပ်သိမ်းရန် ဥပဒေ ၂၄ ခု၊ အသစ်ရေး အဟောင်းရုပ်သိမ်းရန် သင့် / မသင့် စိစစ်သင့်သော ဥပဒေ ၅၄ ခု စုစုပေါင်း ၁၄၁ ခုရှိပြီး မြန်မာဘာသာပြန်ဆိုရန် ဥပဒေ ၁၃၇ခုရှိကြောင်းနှင့် နည်းဥပဒေမရှိသေးသော ဥပဒေ ၃၄ ခုရှိကြောင်း လေ့လာတွေ့ရှိထားသည့်နည်းတူ အဆိုပါဥပဒေများ အမြန်ဆုံး ပြင်ဆင်ထွက်ပေါ်လာစေရေးအတွက်လည်း ပြည်ထောင်စုလွှတ်တော်ကို ဗဟိုပြု၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ၎င်းအပြင် အဆိုပါကော်မရှင်အနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်ဆက်နွှယ်နေသော အထူးကိစ္စ ၅၀ ကျော်ခန့်ကိုလည်း တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရပါသည်။ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်သည် မူဝါဒများကို အဆုံးအဖြတ်ပေးသော၊ ညွှန်ကြားသောအဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးအတွက် အကြံဉာဏ်ကောင်းများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလျက်ရှိသည့် အဖွဲ့အစည်းသာဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။ အဆိုပါကော်မရှင်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့အချိန်ကာလတွင် မရှိမဖြစ်လိုအပ်သော အစိုးရ၏ ဝယ်ယူရေးဆိုင်ရာ ဥပဒေ၊ ပစ္စည်းခွန်ကောက်ခံခြင်းကို ကြီးကြပ်ခြင်းဆိုင်ရာ ဥပဒေတို့ကိုလည်း ရေးဆွဲထားရှိပြီးဖြစ်ရာ မကြာမီ အဆိုပါဥပဒေများ ထွက်ပေါ်လာတော့မည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းကူညီ**

ယနေ့ တရားဥပဒေစိုးမိုးရေး၏ အခန်းကဏ္ဍသည် ကျဆင်းလျက်ရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ တရားဥပဒေစိုးမိုးရေးအခန်းကဏ္ဍ တိုးတက်ကောင်းမွန်လာစေရန်မှာ အထက်တွင်ဖော်ပြခဲ့သော အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၊ ဥပဒေအရ ပေးအပ်ထားသော မိမိတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြခြင်း၊ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် အောင်မြင်မှုရရှိနိုင်လိမ့်မည်ကိုလည်း ယုံကြည်မျှော်လင့်မိပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် တာဝန်ရှိသူအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များတွင် လုပ်ငန်းစဉ်ပြီးမြောက်ရန်အတွက် လိုအပ်ချက်များ အနည်းနှင့်အများရှိကြမည်ဖြစ်သော်လည်း စေတနာရှေ့ထားပြီး လက်ရှိအင်အားဖြင့်စတင်ပါမှ "အချိန်မီချုပ်အစုတ်သက်သာ" မည်ဖြစ်ပြီး လူတိုင်းနှင့်သက်ဆိုင်နေသော အရေးကိစ္စဖြစ်ပါသည်။ နိုင်ငံတကာတွင်လည်း အလားတူ တရားဥပဒေစိုးမိုးရေးကျဆင်း၍ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်လာပြီး ပြည်သူများစားဝတ်နေရေး အခက်အခဲရှိမှုများ ကြုံတွေ့လာချိန်တွင် ဥပဒေပြုလွှတ်တော်၊ အစိုးရ၊ တရားစီရင်ရေးမဏ္ဍိုင်အစရှိသည့် ကဏ္ဍအသီးသီးမှ အဖွဲ့အစည်းများသည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်အဝဖြင့် ပြည်သူများနှင့်အတူ ရင်ဆိုင်ဖြတ်ကျော်ရင်း အောင်မြင်ခဲ့ကြသည်ကိုလည်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးတို့မှသည် ငြိမ်းချမ်းရေးရရှိနိုင်ရေးအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည့် "တရားဥပဒေစိုးမိုးရေး" ကို နိုင်ငံတော်အတွင်းရှိ အသီးသီးသောအဖွဲ့အစည်းများနှင့် နိုင်ငံသူ / နိုင်ငံသားများက ဝိုင်းဝန်းကူညီကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# တောအဆင့်အတန်း ကျဆင်းလျက်ရှိသည့်နေရာများတွင် စည်းကမ်းချက်သတ်မှတ်၍ ပုဂ္ဂလိကစိုက်ခင်းများ တည်ထောင်ခွင့်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးတွင် ပုလဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်၏ **အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အား Ecotourism (သဘာဝအခြေပြု ခရီးသွားလုပ်ငန်း) နယ်မြေအဖြစ် သတ်မှတ်ဖော်ဆောင်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သဘာဝအခြေခံ ခရီးသွားလုပ်ငန်းကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၁၂ ရက်တွင် စတင်ဖွဲ့စည်း၍ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် အပါအဝင် သဘာဝအခြေခံခရီးသွားလုပ်ငန်းနေရာ ၁၅ နေရာသတ်မှတ်ခဲ့ပြီး သဘာဝကို အခြေခံသော ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်ခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့စေရန်အတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေး၊ ခရီးသွားလုပ်ငန်းကြောင့် ဒေသခံပြည်သူတို့၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ၊ သွင်ပြင်လက္ခဏာများကို ထိခိုက်မှုမရှိစေရေး၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသခံများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး စသည့် အချက်သုံးချက်ကို အဓိကထား ထည့်သွင်းစဉ်းစား၍ အခြားသဘာဝအခြေခံ ခရီးသွားလုပ်ငန်းများနည်းတူ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်ကိုလည်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်းနယ်မြေအဖြစ် သတ်မှတ်ခဲ့ကြောင်း သဘာဝအခြေပြု အမျိုးသားဥယျာဉ်အသွင် ပီပြင်စွာဖြစ်တည်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥယျာဉ်၏ ကြားခံနယ်မြေ၌ ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သဘာဝတောထိန်းသိမ်းခြင်းကို အခြေခံသော ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်းများကိုလည်း အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များ ရေရှည်တည်တံ့စေရန်၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးစနစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

လှိုင်းဘွဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို၏ **နိုင်ငံပိုင်**



ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း

**သစ်တောများအတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များအား နှစ်ရှည်ငှားရမ်းဆောင်ရွက်ပေးမှုများနှင့် ပတ်သက်၍ စိုက်ပျိုးခွင့်ပြုပြီး မြေကေနှင့်အညီ သတ်မှတ်ကာလအတွင်း အမှန်တကယ် စိုက်ပျိုးပြီးစီးမှု ရှိ မရှိ၊ ခွင့်ပြုမထားသော လုပ်ငန်းများနှင့် အပင်များ စိုက်ပျိုးထားခြင်း ရှိ မရှိ၊ ဥပဒေမဲ့ လွှဲပြောင်းရောင်းချမှုများ ရှိ မရှိ၊ မျှတသည့် နှုန်းထားတို့နှင့်အညီ စိစစ်ပြင်ဆင်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိနှင့် ကြွေးကျန်များရှိနေသေးလျှင် ဥပဒေနှင့်အညီ မည်သို့အရေးယူဆောင်ရွက်မည်ကို ရှင်းလင်းချပြနိုင်ခြင်း ရှိ မရှိ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက သစ်တောမူဝါဒနှင့်အညီ ပြည်သူလူထု ပူးပေါင်းပါဝင်သော သစ်တောတည်ထောင်ခြင်းလုပ်ငန်းအဖြစ် ၂၀၀၆ ခုနှစ်မှ စတင်၍ ပုဂ္ဂလိကကျွန်းစိုက်ခင်း တည်ထောင်ခြင်းကိုလည်းကောင်း၊ ၂၀၀၇ ခုနှစ်မှစတင်၍ ပုဂ္ဂလိကသစ်မာ စိုက်ခင်းတည်ထောင်ခြင်းကိုလည်းကောင်း၊ သစ်တောကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများရှိ တောအဆင့်အတန်း ကျဆင်းလျက်ရှိသည့် နေရာများတွင် စည်းကမ်းချက်များ စနစ်တကျသတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပုဂ္ဂလိကသစ်တောစိုက်ခင်းများကို တည်ထောင်ခွင့်ပြုလျက် ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သစ်တောနယ်မြေအတွင်း ပုဂ္ဂလိက ရော်ဘာစိုက်ခင်းတည်ထောင်ရန် စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိခဲ့သည့် လုပ်ငန်းရှင်များမှ စာချုပ်ပါ စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် စာချုပ်အား ပယ်ဖျက်ပြီး ပြန်လည်သိမ်းဆည်းရန် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သဘောထားမှတ်ချက်ပြုပေးနိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ညှိနှိုင်းမေတ္တာရပ်ခံထားရှိပါကြောင်း။

သို့ဖြစ်၍ ၂၀၁၆ ခုနှစ် မေ ၃ ရက် အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ငန်းရှင်များအနေဖြင့် ပုဂ္ဂလိက(ကျွန်းနှင့်သစ်မာ) စိုက်ခင်းများ တည်ထောင်ရာတွင် ပိုမိုအလေးထားတာဝန်ယူဆောင်ရွက်စေရန်နှင့် ခွင့်ပြုဧရိယာအား စွန့်လွှတ်မှုကြောင့် ပျက်စီးပြုန်းတီးမှုများရှိပါက နိုင်ငံတော်ဘဏ္ဍာငွေ ကျခံသုံးစွဲခြင်းမှ လျော့နည်းသက်သာစေရန် ရည်ရွယ်၍ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသော ပုဂ္ဂလိက (ကျွန်းနှင့် သစ်မာ) စိုက်ခင်းအားလုံးအား လုပ်ငန်းအာမခံကြေးငွေ တစ်ကေလျှင် ကျပ်ငါးသောင်းကြိုတင်ပေးသွင်းရန်နှင့် လုပ်ငန်းစီမံ ချက်ကာလ ကုန်ဆုံးသည်အထိ စီမံချက်ပါ ဧရိယာကေအားပြီးစီးရန်နှင့် သတ်မှတ်ရှင်ပင် ရာခိုင်နှုန်းရရှိရန် ဆောင်ရွက်ခြင်းမရှိသည့် ဧရိယာကေများအားလုံးအတွက် သက်ဆိုင်ရာဘဏ်တွင် ထားရှိသော လုပ်ငန်းအာမခံကြေးငွေအား ခရိုင်သစ်တောအရာရှိက သစ်တောဦးစီးရုံးချုပ်၏ အတည်ပြုချက်ရယူ၍ သက်ဆိုင်ရာဘဏ်မှ ထုတ်ယူပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူရန် ပြဋ္ဌာန်းထားရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



လှိုင်းဘွဲမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို

အလားတူ မြိုင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း၏ မေးခွန်းမေးမြန်းမှုအပေါ် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် တင်သွင်းသည့် **မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပုံတောင်ပုံညာဒေသအား Eco-Tourism (ဂေဟအကျိုးပြု ခရီးသွားလုပ်ငန်း) ဒေသအဖြစ် သတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

လသာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင်က ပုံတောင်ပုံညာဒေသကို Ecotourism ဒေသအဖြစ် သတ်မှတ်ပေးပါက နိုင်ငံတော်နှင့် ဒေသအတွက် ဝင်ငွေတိုးတက်လာရုံမျှမက ဆက်စပ်အကျိုးအမြတ်များဖြစ်ကြသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်၊ လူမှုရေးအကျိုးအမြတ်တို့ကိုသာမက ဖွံ့ဖြိုးရေးအကျိုးအမြတ်များကို ရရှိနိုင်ခြင်းကြောင့် ယခုအဆိုကို ထောက်ခံရခြင်းဖြစ်ပါကြောင်း၊ အဆိုပါဒေသအား ဂေဟအကျိုးပြု ခရီးသွားဒေသအဖြစ် သတ်မှတ်ဆောင်ရွက်ပြီးပါက လိုအပ်သောအခြေခံအဆောက်အအုံများ၊ လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်နှင့် ကျန်းမာရေး စသည်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုကို မြန်ဆန်စေပြီး ဒေသဖွံ့ဖြိုးမှုကို ဒေသခံများ တိုက်ရိုက်ခံစားရမည်ဖြစ်သည့်အတွက် အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကသာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်က

စာမျက်နှာ ၈ သို့

# မြောက်ဦးမြို့၏ မြို့ပြဖွံ့ဖြိုးရေး ဖွဲ့စည်းတည်ဆောက်မှုအဆိုပြုပုံစံကို နှစ်ရှည်မျှော်မှန်း၍ ရေးဆွဲခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်း**ဖြေကြားခြင်း၊** ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက **ဆွေးနွေးခြင်း၊** ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ဖတ်ကြားခြင်း**တို့ကို ဆောင်ရွက်ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄) မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ်၏ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်သော မြောက်ဦးမြို့ကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းအဖြစ် သင့်လျော်သောနေရာတွင် တိုးချဲ့မြို့သစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က မြောက်ဦးမြို့သည် ရခိုင်ပြည်နယ်၏ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုမြို့ဖြစ်ပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြို့ပြဖွံ့ဖြိုးရေး ဖွဲ့စည်းတည်ဆောက်မှု စီမံကိန်းပုံစံကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ



ပြည်ထောင်စုဝန်ကြီး
ဦးဝင်းခိုင်

၂၀၁၅ ခုနှစ် မတ်လအတွင်း လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပြီး မြောက်ဦးမြို့၏ မြို့ပြဖွံ့ဖြိုးရေး ဖွဲ့စည်းတည်ဆောက်မှု အဆိုပြုပုံစံကို နှစ်ရှည်မျှော်မှန်း၍ ရေးဆွဲခဲ့ပါကြောင်း၊ နှစ်တိုနှစ်ရှည် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ရှင်းလင်းတင်ပြပြီး ဖြစ်ပါကြောင်း။

မြောက်ဦးမြို့ မြို့ပြဖွံ့ဖြိုးမှု ဖွဲ့စည်းတည်ဆောက်မှု စနစ်အဆင့်သည် ကနဦးစီမံချက်အဆင့်ခွဲဖြစ်ပြီး ရခိုင်ပြည်နယ်အစိုးရမှ သက်ဆိုင်ရာဒေသအဖွဲ့များဖြင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အားနည်းချက်၊ အားသာချက်များကို အကောင်အထည်ဖော်ပြုပြင်သွားရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ဖြစ်သော မြောက်ဦးမြို့အတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်ရှိပါကြောင်း၊ အဆိုပါ အစီအစဉ်အရ ရေတို၊ ရေရှည်စီမံချက်များ ချမှတ်ဖော်ဆောင်သွားရမည် ဖြစ်ပါကြောင်းဖြင့် ရခိုင်ပြည်နယ် အစိုးရကိုယ်စား ရှင်းလင်းဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော ရှောက်ကိုင်တံတားနှင့် ကွင်းဖန်းဟော်တံတားများကို အဆင့်မြှင့်တင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှောက်ကိုင်တံတားသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လောက်ကိုင်-ကုန်းကြမ်းလမ်းတွင် တည်ရှိပါကြောင်း၊ တံတားအမျိုးအစားမှာ ကျောက်စီခုံးတံတားဖြစ်ပြီး ၁၉၈၈ ခုနှစ် မတိုင်မီက ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ ရှောက်ကိုင်တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်ရန်နှင့် ချည်းကပ်လမ်းတာပေါင်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေတွင် ငွေကျပ် ၃၉၅ သန်း တင်ပြတောင်းခံထားပြီး ရန်ပုံငွေရရှိပါက လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကွင်းဖန်းဟော် တံတားသည်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ
ဦးကျော်ကျော်

ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော ကုန်းကြမ်း-ဆုံကန်-မော်ထိုက် လမ်းပေါ်တွင်တည်ရှိပြီး ၁၉၈၈ ခုနှစ် မတိုင်မီက ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တည်ဆောက်ခဲ့သော တံတားဖြစ်ပါကြောင်း၊ လတ်တလော နယ်မြေလုံခြုံရေးအခြေအနေအရ လုပ်ငန်းများ ဝင်ရောက်ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်ပါက နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုရန်ပုံငွေ၌ လျာထားတင်ပြ တောင်းခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဌေးတင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးလားလ်မင်းထန်တို့၏ ရာသီမရွေး သွားလာနိုင်ရေးနှင့် လမ်းကြောင်းအသစ် ဖောက်လုပ်ပေးရေး စသည့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးတင်အောင်ထွန်းက ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေပုဒ်မ - ၂၊ ပုဒ်မခွဲ(က)တွင် ဥပဒေဆိုင်ရာ အထောက်အကူဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေလိုက်ပေးခြင်း၊ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ အကြံပေးခြင်း၊ အကူအညီပေးခြင်းနှင့် သတင်းအချက်အလက် ပေးခြင်းတို့ကို ရှေ့နေလိုက်ပေးခြင်းဆိုသည်ကို ဖြည့်စွက်လိုပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ ဆွေးနွေးတင်ပြချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ၌ ခေတ်ကာလနှင့် လျော်ညီမှုရှိစေရန် ဥပဒေကြမ်းအမည် ပြင်ဆင်ခြင်းအတွက် ဥပဒေကြမ်းတစ်ရပ်လုံးတွင် ပါဝင်သော **ရေနံလက်ယက်တွင်း**နှင့် **လက်ယက်တွင်း** ဆိုသည့် စကားရပ်တိုင်းကို **ရေနံတွင်းတိမ်** ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်အရ စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်သည် တရားရုံးများမှ ချမှတ်သည့်ပြစ်ဒဏ်များနှင့် တူညီခြင်းမရှိသဖြင့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်နှင့် သက်ဆိုင်သော နေရာများတွင် **ပြစ်ဒဏ်**ဟု ဖော်ပြထားသည့် စကားရပ်များအစား **စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်**ဟု အသီးသီးပြောင်းလဲပြင်ဆင်ပြီးဖြစ်ပါကြောင်း စသည်ဖြင့် လေ့လာတွေ့ရှိချက် ၄ ချက်ကို ဖတ်ကြားတင်ပြခဲ့သည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရွှေကျင်သာသနာပိုင်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဒေါင်းယာဉ်ပျံဖြင့် ပင့်ဆောင်၍ မန္တလေးမြို့ မြင်းပြိုင်ကွင်းတွင် အန္တိမစျာပန ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၁၄**

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စုဒ္ဒသမရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယသည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁ နာရီခွဲက မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးတွင် တစ်ဘဝခန္ဓာလွန်တော်မူသဖြင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ အန္တိမစျာပနကို ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



ဆရာတော်ကြီး၏ အန္တိမစျာပန ကျင်းပမည့် အစီအစဉ်များကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက ရုပ်ကလာပ်တော် အပူဇော်ခံထားရှိရာ မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ်တွင် ပြုလုပ်ခဲ့ပြီး အစည်းအဝေးတွင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ၊ သီတဂူဆရာတော်ကြီးနှင့်တကွ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများ၊ တပည့်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်အား ငါးရက်တာ အပူဇော်ခံထားရှိရန်နှင့် ရွှေမန်းတောင် အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် အန္တိမစျာပန ကျင်းပရန် ဆုံးဖြတ်ခဲ့ကြပြီး ရုပ်ကလာပ်တော်အား ဒေါင်းယာဉ်ပျံဖြင့် ပင့်ဆောင်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

"နောက်ဆုံး အန္တိမစျာပနပွဲမှာ ဆရာတော်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်နဲ့ လိုက်ဖက်အောင် ဆောင်ရွက်သင့်တယ်။ ထူးထူးခြားခြားဖြစ်အောင် ခေတ်ကလည်း ဒေါင်းခေတ်ဆိုတော့ ဒေါင်းယာဉ်ပျံနဲ့ ပင့်ဆောင်မယ်။ ဒီအတွက် တာဝန်ယူပေးမယ်။ ဆရာတော်ကြီးရဲ့ရုပ်ကလာပ်တော်ကို ဆရာတော်ကြီး သက်တော်တစ်ရာပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် သုဇာတိရွာမှာ တည်ထားကိုးကွယ်တဲ့ ထူပါစေတီပုံစံထဲမှာ ရုပ်ကလာပ်တော်ကို ထည့်ပြီး ဒေါင်းယာဉ်ပျံ နှစ်စင်းက ပျံသန်းပင့်ဆောင်တဲ့ပုံစံနဲ့ ဆယ်ဘီးယာဉ်ပေါ်မှာ တင်ပြီး အန္တိမစျာပနနေ့မှာ ပင့်ဆောင်မယ်။ အဲဒီအတွက် တမ္ဗဝတီဦးဝင်းမောင်နဲ့ ဆွေးနွေးထားပြီးဖြစ်တယ်"ဟု သီတဂူဆရာတော်ကြီးက အစည်းအဝေးတွင် မိန့်ကြားသည်။

ရုပ်ကလာပ်တော် အပူဇော်ခံထားရှိရာ စံကျောင်းတော်တွင် တရားပွဲများအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ပါမောက္ခချုပ် ဆရာတော်၊ ၁၆ ရက်တွင် အရှင်ဆေကိန္ဒ၊ ၁၇ ရက်တွင် တိပိဋက ယောဆရာတော်တို့မှ ဟောကြားမည်ဖြစ်၍ စျာပနကျင်းပမည့်နေ့တွင် ရေစက်ချတရားတော်ကို သီတဂူဆရာတော်ကြီးက ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

သီတဂူဆရာတော်ကြီးက ရုပ်ကလာပ်တော် ပင့်ဆောင်ပူဇော်ရေးအတွက် ယာဉ်ပြင်ဆင်မှုအပြင် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းခဲ့ပြီး တက်ရောက်လာသည့် ဒါယကာများကလည်း နဝကမ္မ အလှူငွေများ၊ တရားပွဲကုသိုလ်ရှင်များ၊ ဆွမ်းကုသိုလ်ရှင်များအဖြစ် တာဝန်ယူလှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေကျင် ဆရာတော်ကြီးသည် သက်တော် ၁၀၀ နှစ်၊ သိက္ခာတော် ၈၁ ဝါတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး လင်းယဉ်ကျေးရွာတွင် ခမည်းတော် ဦးပုကြီး၊ မယ်တော် ဒေါ်တွယ်မိတို့က မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး စာပေကျမ်းစာများ ပြုစုတော်မူခဲ့သည့် သာသနာ့အာဇာနည်ဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပြည်သူ့လွှတ်တော်မှ

ဂေဟာအကျိုးပြု ခရီးသွားလုပ်ငန်းများဖြင့် ဝင်ငွေရှာခြင်းသည် အမြတ်အစွန်း ထိရောက်စွာရသည့်အတွက် နိုင်ငံအများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ထို့အတွက် မိမိတို့နိုင်ငံတွင် နိုင်ငံခြားခရီးသည်များ လာလည်မည့် ဂေဟာအကျိုးပြု ခရီးသွားလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာရန် လိုအပ်ပါကြောင်း၊ မိမိတို့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများက လက်ခံနိုင်သည့် ခရီးသွားလုပ်ငန်း အစီအစဉ်မျိုးချမှတ်ပြီး နိုင်ငံခြား ခရီးသွားများ ဝင်ရောက်လာနိုင်စေရန် ဆောင်ရွက်နိုင်မည်ဆိုပါက အလွန်ကောင်းမွန်မည်ဟု ယူဆမိပါကြောင်း၊ အိမ်သာ၍ ညှော်လာမစဲဖြစ်စေရန် မိမိတို့အိမ်ရှင်ဘက်ကလည်း ခရီးသွားများ သွား၊ လာ၊ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး စသည့်ကိစ္စရပ်များကို အဆင်ပြေစေရန် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ နိုင်ငံအတွက်လည်း ဝင်ငွေရ၊ ဒေသအတွင်းလည်း ဖွံ့ဖြိုးစည်ပင်လာပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ပြီး၊ သဘာဝပတ်ဝန်းကျင်ကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်းရာရောက်မည့် ယခုကဲ့သို့သော ဂေဟာအကျိုးပြု ခရီးသွားလုပ်ငန်းကို ဂန့်ဂေါမြို့နယ်အပါအဝင် အခြားဒေသအသီးသီးတွင်လည်း အောင်မြင်စေနိုင်ရန် လူမှုအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများကလည်း ပူးပေါင်းအားထုတ် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းအဆိုအပေါ် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးနှင့် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့က ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အဆိုရှင်၏ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းသည့် အဆိုနှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ ကျွမ်းကျင်သူများဖြင့် ကွင်းဆင်းလေ့လာခြင်းများ ဆောင်ရွက်ပြီးမှသာ သတ်မှတ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် လတ်တလောကာလတွင် အဆိုကို မှတ်တမ်းတင်ထားရှိပေးပါရန် တင်ပြရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောတူညီမှုကို ရယူပြီး အဆိုကို မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# တောင်ငူခရိုင်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပ

**တောင်ငူ ဖေဖော်ဝါရီ ၁၄**

တောင်ငူခရိုင်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက တောင်ငူမြို့ ပညာရေးကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွင် ခရိုင်ခြောက်မြို့နယ်မှ ကိုယ်စားလှယ်များက နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သယံဇာတဆိုင်ရာ စာတမ်းများကို ကိုယ်စားလှယ် တစ်ဦးစီက ဖတ်ကြားဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးတင်ပြချက်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးပွဲကြီးကို ရည်ညွှန်းပြီး ပြည်သူလူထုအကြံပေး ဆွေးနွေးတင်ပြချက်များကို ထည့်သွင်းဆွေးနွေးနိုင်ရန် တိုင်းရင်းသားပြည်သူတို့အပေါ်တွင် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှခြင်းဟူသော လောကပါလတရားဖြင့် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ထောင်သွားရန် ပြဋ္ဌာန်းချက်စီမံပိုင်ခွင့်များကို တိကျစွာရေးသားဖော်ပြထားသည့် ဥပဒေမျိုးဖြစ်ရန် ရည်မှန်းသည့် ဆွေးနွေးပွဲဖြစ်ကြောင်း သိရသည်။ ပင်လုံညီလာခံတွင် တင်သွင်းစာတမ်းများကို အစုအဖွဲ့လိုက်ဆွေးနွေးကြရာ ဖွဲ့စည်းပုံအခြေခံပြင်ဆင်နိုင်ရေး၊ အခြေခံဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ဘာသာရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေး ပြည်သူလူထုများ လုံခြုံစိတ်ချနေထိုင်နိုင်သည့်ဘဝရရှိရန်၊ မူးယစ်ဆေးဝါးနှိမ်နင်းကွပ်ကဲရေး စသည့် ရည်ရွယ်ချက်များပါဝင်ဆွေးနွေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တွင် နှစ်ရက်ကြာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များ၊ ပါတီစုံများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

**သူရ(တောင်ငူ)**

# နိုင်ငံတော်ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ မဟာမြတ်မုနိဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင်(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တအဂ္ဂိယသည် သက်တော်(၁၀၀)နှစ်၊ သိက္ခာတော်(၈၁)ဝါအရ ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ (၁၄-၂-၂၀၁၇) အင်္ဂါနေ့ နံနက်(၀၁း၅၅) အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ စုဒ္ဒသမရွှေကျင်သာသနာပိုင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် မဟာနာယက ဇယမေဒနီဝါဆိုကျောင်း ဆရာတော်ကြီး (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဘဒ္ဒန္တအဂ္ဂိယ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော် လောင်းလျာသည် ခမည်းတော် ဦးပုကြီး+ မယ်တော် ဒေါ်တွယ်မိတို့မှ ၁၂၇၉ ခုနှစ် ဦးတန်ခူးလပြည့်ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းအဖြစ်သို့ရောက်ရှိတော်မူခြင်း**

ဆရာတော် လောင်းလျာသည် ၁၂၉၀ ပြည့်နှစ်တွင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မယ်တော်ကြီး ဒေါ်မင်းထယ်၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၈ ခုနှစ်တွင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုလျက် မဟာဝိဟာရကျောင်း ခဏ္ဍသိမ်၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မဟာဝိဟာရကျောင်းဆရာတော် ဘဒ္ဒန္တကေသရ၊ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်၊ ကန်ကြီးကုန်းရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တရေဝတ၊ သပြူးဆရာတော်ဘဒ္ဒန္တ ဥတ္တမ၊ အမရပူရမြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ မန္တလေးစည်ရှင်ဆရာတော်၊ မင်းကွန်းရန်ကင်းချောင်း ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကိုသင်ယူပြီး သာသနဓဇသိရီ ပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မန္တလေးမြို့ပါဠိပထမပြန်၊ ဓမ္မာစရိယစာမေးပွဲတို့၏ကြီးကြပ်ရေးဥက္ကဋ္ဌ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်၊ ယနေ့အချိန်အထိ နိုင်ငံတော်ဩဝါဒါစရိယ ၁၃၁၄ ခုနှစ် အဋ္ဌမအကြိမ်၊ ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးတွင် ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖွဲ့ဝင်အဖြစ် တင်မြှောက်ရွေးချယ်ခံရပြီး ဒွါဒသမအကြိမ်တွင် အကျိုးတော်ဆောင်ချုပ်၊ ပန္နရသမအကြိမ်တွင် ဥပဥက္ကဋ္ဌဆရာတော်အဖြစ် တင်မြှောက်ရွေးချယ်ခံရပြီး ၁၃၆၅ ခုနှစ်မှ ယနေ့အထိ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ရွှေကျင်နိကာယ အဓိပတိဥက္ကဋ္ဌ၊ မဟာနာယက ဓမ္မသေနာပတိ စုဒ္ဒသမရွှေကျင်သာသနာပိုင်အဖြစ် ရွှေကျင်ဂိုဏ်းသံဃာတော်များအား ဩဝါဒပေးခြင်း၊ တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးခြင်း စသည့် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ပါသည်။


**ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်ဝိနယဂရုက၊ လဇ္ဇီပေသလသိက္ခာကာမ၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓ လဒ္ဓန စသောဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသဖြင့် ဆရာတော်ဘဒ္ဒန္တအဂ္ဂိယသည် ၁၃၆၁ (၂၀၀၀)ပြည့်နှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ ခုနှစ်(၂၀၀၄)ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူခြင်း သက်တော် ၁၀၀ နှစ်၊ သိက္ခာတော် ၈၁ ဝါအရ ၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက်(၁၄-၂-၂၀၁၇)အင်္ဂါနေ့ နံနက် ၀၁း၅၅ အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ယခုထက် ပိုမိုမြှင့်တင်လုပ်ဆောင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Johm Rungswang နှင့် အဖွဲ့အား ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဗေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံလေတပ်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်းဖြင့် တပ်မတော်နှစ်ရပ်လုံးအတွက် အကျိုးကျေးဇူးဖြစ်ထွန်းရေး၊ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ယခုထက် ပိုမိုမြှင့်တင်လုပ်ဆောင်ရေး ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်တပ်မတော် လေတပ်ဦးစီးချုပ် Air Chief Marshal Johm Rungswang အား လက်ခံတွေ့ဆုံစဉ်**

# စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

CLMV(Cambodia,Lao,Myanmar,Vietnam) နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ အကောင်အထည်ဖော်ဆောင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Horizon Lake View Resort ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် Hanns Seidel Foundation (HSF) Myanmar မှ ဌာနေကိုယ်စားလှယ် Mr.Achim Munz နှင့် Asia-Europe Foundation (ASEF) မှ ညွှန်ကြားရေးမှူး Dr.Genevieve Barre တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းတို့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) များကို အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ရမည့် အချက်များနှင့် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးကြသည်။




(Asia-Europe Foundation)မှ စီမံကိန်းမန်နေဂျာ Ms.Grazyna Pulawska က ကွန်ဖရင့်နှင့်ပတ်သက်သည့် အစီအစဉ်များကို မိတ်ဆက်ခြင်းကိုလည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်၏ တိုးတက်မှုအစီအစဉ်များနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)မှ အထူးကျွမ်းကျင်သူ Mr. Frank Thomas က ၂၀၃၀ ပြည့်နှစ်အထိအကောင်အထည်ဖော်မည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များနှင့် အမျိုးသားရည်မှန်းချက်များအကြား ချိတ်ဆက်ဆောင်ရွက်ရမည့် အစီအစဉ်တို့ကိုဆွေးနွေးကြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာနှင့် နိုင်ငံအလိုက်ကြီးကြပ်မှု ပြန်လည်သုံးသပ်မှုမူဘောင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလမ်းညွှန်လုပ်ငန်း မိတ်ဆက်ခြင်းကို သုတေသနပညာရှင် Mr.Dara Lee ကလည်းကောင်း၊ နိုင်ငံအဆင့်တိုးတက်မှု လုပ်ငန်းလမ်းညွှန်ချက်များကို (Asia-Europe Foundation) မှ စီမံကိန်းမန်နေဂျာ Ms.Grazyna Pulawska တို့က ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ကမ္ဘောဒီးယားနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆိုင်ရာ အမျိုးသားရေးကောင်စီ၏ ဒုတိယအတွင်းရေးမှူးချုပ် H.E.Dr. Paris Chuop ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ အကြီးတန်းစာရင်းအင်းအကြံပေး Ms.Marie-Noelle Dietsch တို့က အသီးသီးတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ Hanns Seidel Foundation မှ ဒုတိယညွှန်ကြားရေးမှူး Mr.Moritz Michel ၊ လာအိုနိုင်ငံ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ Microeconomic Division မှ ဒုတိယဌာနေကြီးမှူး Mrs.Bauphavanh Keomixay နှင့် ဗီယက်နမ်နိုင်ငံ သိပ္ပံ၊ ပညာရေး၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs.Nguyen Le Thug တို့ပါဝင်သည့် လေးနိုင်ငံအဖွဲ့များက သီးခြားစီဆွေးနွေးကြပြီး သက်ဆိုင်ရာနိုင်ငံများအလိုက် ပြန်လည်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ၊ အာရှ-ဥရောပဖောင်ဒေးရှင်းနှင့် Hanns Seidel Foundation တို့ ပူးပေါင်း၍ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကန့်ကြီးထောင့်မြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အစာအဆိပ်သင့်မှု ဖြစ်ပွား

**ကန့်ကြီးထောင့် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျောင်းသား ကျောင်းသူလေးများ ခေါက်ဆွဲကြော်စားရာမှ အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကန့်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စုရှိ ကွင်းယားကြီးပေါ်တော်မူ အခြေခံပညာမူလတန်းကျောင်း အမှတ်(၅၆)နှင့် သရက်ချောင်း အခြေခံပညာ မူလတန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများကို ကွင်းယားအရှေ့ကျေးရွာနေ အလှူရှင် ဦးချစ်မွေးက ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၁ နာရီခန့်တွင် ကလေးများကို အာဟာရအဖြစ် ခေါက်ဆွဲကြော်များ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ကျွေးမွေးပြီး မွန်းလွဲပိုင်းတွင် ခေါက်ဆွဲကြော်စားမိသော အမက(၅၆) ကွင်းယားပေါ်တော်မူမှ ကျောင်းသား ကျောင်းသူ ၅၂ ဦး၊ ပြင်ပမှ လေးဦး နှင့် အမက သရက်ချောင်းမှ ကျောင်းသား ကျောင်းသူ ၄၂ ဦး၊ ပြင်ပမှ ငါးဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၄ ဦးနှင့် ပြင်ပမှ ကိုးဦး စုစုပေါင်း ၁၀၃ ဦးတို့မှာ အစာအဆိပ်သင့်ကာ မူးဝေအော့အန်မှုများ ဖြစ်ခဲ့ပြီး ကန့်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံသို့ ညနေ ၄ နာရီခန့်တွင် တက်ရောက်၍ ဆေးကုသမှုများ ခံယူခဲ့ကြောင်း သိရသည်။ တက်ရာက်ကုသမှုများထဲမှ အမက ကွင်းယားပေါ်တော်မူ KG တန်းကျောင်းသူ မယွန်းနဒီ (ယခင် ကျောက်ကပ်ရောဂါ ခံစားဖူးသူ)ကို မြို့နယ်ဆရာဝန်ကြီး၏ ညွှန်ကြားချက်အရ ပုသိမ် ပြည်သူ့ဆေးရုံ ကြီးသို့ ည ၇ နာရီခွဲခန့်တွင် လူနာတင်ယာဉ်ဖြင့် ပို့ဆောင်ကုသခဲ့ (မစိုးရိမ်ရ)ကြောင်း သိရသည်။ ယခုအခါ ပုသိမ် ပြည်သူ့ဆေးရုံကြီးနှင့် မြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော ကျောင်းသား ကျောင်းသူများနှင့် ပြင်ပလူများမှာ ကျန်းမာရေး ပုံမှန်အတိုင်း ပြန်လည်ကောင်းမွန်လာပြီဖြစ်ပြီး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့သည့် ခေါက်ဆွဲ ကြော်ကို ဓာတ်ခွဲခန်းတင်ရန် ပုသိမ် ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကာ လိုအပ်သည်များကို တာဝန်ရှိသူများက ဆက်လက်စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့သော ကျောင်းသား ကျောင်းသူလေးများနှင့် ပြင်ပလူများအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းကုသရေးဦးစီးဌာနနှင့် တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်မှူးများ၊ မြို့နယ်ဆရာဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊FDAနှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲအရာရှိများ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ လူမှုကူညီရေးအဖွဲ့များက လာရောက် ကြည့်ရှုစောင့်ရှောက်ခဲ့ပြီး လိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# တာမွေမြို့နယ်မှ စွန့်ပစ်ခံရသောကလေးငယ် သေဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

တာမွေမြို့နယ် မလွှကုန်းဈေးကွက်(က)ရပ်ကွက် ဇင်္ဂလလမ်း နောက်ဖေးလမ်းကြားအတွင်း၌ စွန့်ပစ်ခံရသည့် မွေးကင်းစကလေးငယ်(မိန်းကလေး)မှာ ရရှိသည့်ဒဏ်ရာများကြောင့် ရန်ကင်းကလေးဆေးရုံ၌ ဖေဖော်ဝါရီ ၁၂ ရက် ည ၈ နာရီခန့်က သေဆုံးခဲ့ကြောင်း သိရသည်။

"ဒီစွန့်ပစ်ခံရတဲ့ကလေးက ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၃ နာရီလောက်မှာ လူတစ်ယောက်က လာရောက်ပို့ဆောင်ပေးခဲ့တာပါ။ ကလေးက ဦးခေါင်းနဲ့ ခန္ဓာကိုယ်မှာ ဒဏ်ရာတွေရထားပါတယ်။ ဒါနဲ့ ရဲတပ်ဖွဲ့ကို အကြောင်းကြားတော့ တာမွေရဲစခန်း ကတာဝန်ရှိရဲတပ်ဖွဲ့ဝင်တွေ လာရောက်ကြည့်ရှုစစ်ဆေးပါတယ်။ ကလေးက အဲဒီနေ့ ည ၈ နာရီလောက်မှာ ရရှိထားတဲ့ဒဏ်ရာတွေနဲ့ သေဆုံးသွားခဲ့ပါတယ်"ဟု ရန်ကင်းကလေးဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်မြင့်မြင့်ခိုင်က အတည်ပြုပြောကြားသည်။

**လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်**

အစောပိုင်းသတင်းများအရ ကလေးငယ်မှာ အသက်ရှင်ကျန်းမာလျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့သော်လည်း ကလေးငယ်မှာ ဆေးရုံရောက်ပြီး ငါးနာရီအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကလေး၏အလောင်းကို ပိုင်ရှင်အမည် သိရှိစေရန်နှင့် လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်နိုင်ရန်အတွက် သုံးရက်ကြာသင်္ဂြိုဟ်ခြင်းမပြုသေးဘဲ ထားရှိကြောင်း ဆေးရုံအုပ်ကြီးက ထပ်လောင်းပြောကြားသည်။

**စုံစမ်းစစ်ဆေး**

အဆိုပါကလေးငယ်ကို ဇင်္ဂလလမ်းနှင့် ဇောတိကလမ်းကြားရှိ နောက်ဖေးလမ်းအတွင်း၌ စွန့်ပစ်ထားသည်ကို လမ်းအတွင်းသန့်ရှင်းရေးလုပ်ကိုင်နေသော သန့်ရှင်းရေးလုပ်သား ဦးနိုင်လင်း ဆိုသူက ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းက တွေ့ရှိသတင်းပေးပို့ခဲ့သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုရာ ကလေးငယ်မှာ ချက်ကြိုးတန်းလန်းပါရှိကြောင်းနှင့် မွေးပြီးပြီးချင်း စွန့်ပစ်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရ၍ သန့်ရှင်းရေးလုပ်သား ဦးနိုင်လင်းနှင့်အတူ အငှားယာဉ်ဖြင့် ရန်ကင်းကလေးဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို ရှာဖွေဖော်ထုတ်နိုင်ရန် တာမွေမြို့မရဲစခန်းက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်စိုး**

# အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ရာထူးမှနုတ်ထွက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၄**

အမေရိကန်၏အမျိုးသားအကြံပေးပုဂ္ဂိုလ် မိုက်ကယ်လ်ဖလင်းသည် အမေရိကန် သမ္မတ ဒေါ်နယ်ထရန့် ရုံးမထိုင်မီက ရုရှားအပေါ် အမေရိကန်က ပြုလုပ်ခဲ့သည့် ပိတ်ဆို့မှုများနှင့်ပတ်သက်၍ ၎င်းဆွေးနွေးခဲ့သည့်အပေါ် စွပ်စွဲမှုများ ပေါ်ပေါက်လာပြီးနောက်တွင် ရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။

မိုက်ကယ်လ်ဖလင်းသည် ၎င်းအား ရာထူးမရရှိမီ ရုရှားသံအမတ်နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောဆိုခဲ့မှုနှင့် ပတ်သက်၍ အာဏာပိုင်များအား လိမ်လည်လှည့်ဖျားခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ အမေရိကန်၏ သံခင်းတမန်ခင်းကိစ္စရပ်ကို တရားမဝင်ကျင့်သုံးခဲ့ရာ ရောက်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်လက မိုက်ကယ်လ်ဖလင်း၏ ဖုန်းဆက်သွယ်ပြောဆိုခဲ့မှုကို အိမ်ဖြူတော်က သတိပေးခဲ့ပြီး ၎င်းသည် ရုရှားက ခြိမ်းခြောက်လာမှုကို ခံရနိုင်သည့် အားနည်းချက်ရှိသူဖြစ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သတင်းရင်းမြစ်များက ဖော်ပြခဲ့ကြသည်။



အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်ကို နိုင်ငံတကာရေးရာကိစ္စရပ်များနှင့် ကာကွယ်ရေးကိစ္စရပ်များတွင် သမ္မတအား အတိုင်ပင်ခံအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် သမ္မတက ခန့်အပ်ခြင်းဖြစ်သည်။

လစ်လပ်သွားသော မိုက်ကယ်လ်ဖလင်း၏နေရာတွင် ကြားကာလအတွက် အစားထိုးခန့်ထားရန် ဂျင်ဂျိုးဆက်ဖ် ကိတ်ကယ်လော့အား အကြံပြုထားကြောင်း သိရသည်။ မိုက်ကယ်လ်ဖလင်းသည် ရုရှားသံအမတ်နှင့် ဆက်သွယ်ဆွေးနွေးခဲ့သည်ဟု စွပ်စွဲထားသော အကြောင်းအရာများကို ငြင်းဆန်ခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# မြောက်ကိုရီးယားခေါင်းဆောင်၏ အဖေတူအမေကွဲအစ်ကို မလေးရှား၌ အသတ်ခံရ

**ပြုံယမ်း ဖေဖော်ဝါရီ ၁၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ အဖေတူအမေကွဲအစ်ကိုဖြစ်သူ ကင်ဂျုံနမ်သည် မလေးရှား၌ အသတ်ခံလိုက်ရကြောင်း တောင်ကိုရီးယားအစိုးရသတင်းရင်းမြစ်များက အင်္ဂါနေ့တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင်၏အစ်ကို ကင်ဂျုံနမ်သည် ၎င်း၏သက်တမ်းတစ်လျှောက် နိုင်ငံပြင်ပ၌သာ အချိန်ကုန်လွန်ခဲ့သူအဖြစ် လူသိများပြီး သီးခြားဆန်စွာ ရပ်တည်နေသည့် မြောက်ကိုရီးယားနိုင်ငံအပေါ် ၎င်း၏မိသားစုဝင်များ၏ ဆွေစဉ်မျိုးဆက်ထိန်းချုပ်ခဲ့သည်များကို သဘောမကျခဲ့ကြောင်း ဖွင့်ဟပြောဆိုခဲ့သည်ဟု ဆိုသည်။



ကင်ဂျုံနမ်သေဆုံးချိန်တွင် ၎င်း၏အသက်မှာ ၄၀ ဝန်းကျင်ဖြစ်မည်ဟု ခန့်မှန်းခဲ့ကြသည်။ မလေးရှားရဲတပ်ဖွဲ့က ပြောကြားသည်မှာ အမည်မသိ မြောက်ကိုရီးယားအမျိုးသားတစ်ဦးသည် တနင်္လာနေ့က ကွာလာလမ်ပူလေဆိပ်မှ ဆေးရုံသို့သွားရာလမ်းပေါ်တွင် သေဆုံးနေသည်ဟု ဆိုသည်။ ဆီပန်ခရိုင်ရဲတပ်ဖွဲ့အကြီးအကဲ အဗ္ဗဒူလ်အာဇစ်အလီက အဆိုပါအမျိုးသား၏ အသေးစိတ်အချက်အလက်များကို အတည်မပြုရသေးကြောင်း ပြောကြားခဲ့သည်။

ကင်ဂျုံနမ်သေဆုံးမှုနှင့်ပတ်သက်၍ ရိုက်တာသတင်းဌာနသို့ ဖြေကြားခဲ့သည့် တောင်ကိုရီးယားအစိုးရသတင်းရင်းမြစ်များသည် အခြားသောအသေးစိတ်အကြောင်းအရာများကို ဖြေကြားခဲ့ခြင်းမရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# ပါကစ္စတန်တွင် ချစ်သူများနေ့မကျင်းပရန် တားမြစ်

**အစ္စလာမ်မာဘတ် ဖေဖော်ဝါရီ ၁၄**

ပါကစတန်တရားရုံးချုပ်က နိုင်ငံတစ်ဝန်းရှိ အများပြည်သူဆိုင်ရာနေရာများနှင့် အစိုးရရုံးများတွင် ချစ်သူများနေ့ ကျင်းပခြင်းကို ပိတ်ပင်တားမြစ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

အစ္စလာမ်မာဘတ် တရားရုံးချုပ် တရားသူကြီး ရှာကွတ်အဇစ်သည် နိုင်ငံသားတစ်ဦး တင်သွင်းသော လျှောက်ထားချက်အား ကြားနာခဲ့ပြီး ချစ်သူများနေ့နှင့် ပတ်သက်သည့် သဘောထားများ၊ စိတ်ကူးများကို မီဒီယာများနှင့် သတင်းဌာနကြီးများတွင် ရေးသားဖော်ပြမှုများကို တားမြစ်ခဲ့သည်။

တရားရုံးသို့ လျှောက်ထားချက်တွင် ချစ်သူများနေ့နှင့်ပတ်သက်သည့် သဘောထားများ၊ စိတ်ကူးများကို သတင်းဌာနဝန်ကြီးများနှင့် မီဒီယာများတွင် ရေးသားဖော်ပြချက်များသည် အစ္စလာမ္မစ်ဆိုင်ရာ သင်ကြားမှုများနှင့် ဆန့်ကျင်နေသည့်အတွက်ကြောင့် ချက်ချင်း ပိတ်ပင်တားမြစ်သင့်ကြောင်းနှင့် ချစ်သူများနေ့သည် ချစ်ခြင်းမေတ္တာကို အကြောင်းပြုကာ မသင့်လျော်သည့် အပြုအမူများ ပိုမိုဖြစ်ပေါ်လာစေပြီး ပြည့်ဝကောင်းမွန်သည့် ယဉ်ကျေးမှုကို ဆန့်ကျင်နေခြင်းဖြစ်ကြောင်း ရေးသားထားသည်။

နှစ်စဉ်နှစ်တိုင်း ချစ်သူများနေ့နှင့် ပတ်သက်ကာ နိုင်ငံသားများထံမှ မတူညီသည့် တုံ့ပြန်မှုများထွက်ပေါ်လာပြီး အနည်းငယ်သော ထောက်ခံသူများက ဖေဖော်ဝါရီ ၁၄ ရက်တွင် အဓိကအားဖြင့် မြို့ကြီးများတွင် ချစ်သူများနေ့ကို ဆင်နွှဲလေ့ရှိကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် ပထမဆုံးအနေဖြင့် ဟိုတယ်ကြီးများသည် ချစ်သူများနေ့အား ဆင်နွှဲရန် အထူးအစီအစဉ်များဖြင့် ချစ်သူစုံတွဲများအား ပွင့်လင်းစွာဆွဲဆောင်ကာ ဈေးကွက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

ပန်ဂျပ်ပြည်နယ်အစိုးရက ယင်းနေ့နှင့်ပတ်သက်ပြီး ချစ်သူရည်းစားများအား မသင့်လျော်သည့် အပြုအမူများ မပြုလုပ်ရန် သတိပေးခဲ့ပြီး မိဘများအနေဖြင့်လည်း ချစ်သူများနေ့တွင် ၎င်းတို့၏ သားသမီးများကို သတိထားစောင့်ကြည့်ကြရန်နှင့် မသင့်လျော်သည့် နေထိုင်မှုများအား တားဆီးရန် အထူးရဲတပ်ဖွဲ့များကိုလည်း ဖွဲ့စည်းထားကြောင်း သိရသည်။

၂၀၁၆ ခုနှစ်ကလည်း ပါကစ္စတန်သမ္မတက နိုင်ငံအတွင်း ချစ်သူများနေ့ မကျင်းပရန် တိုက်တွန်းခဲ့ပြီး ယင်းနေ့သည် နိုင်ငံ၏ယဉ်ကျေးမှု၊ ဘာသာရေး၊ အမျိုးသားရေးနှင့် ဆက်စပ်မှုမရှိကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**



# ဗီယက်နမ်တွင် အစာအဆိပ်သင့်မှုကြောင့် လူခြောက်ဦး သေဆုံး

**ဟနွိုင်း ဖေဖော်ဝါရီ ၁၄**

ဗီယက်နမ်မြောက်ပိုင်း လိုင်ချူပြည်နယ်တွင် အစာအဆိပ်သင့်မှုဖြစ်ပွားပြီး လူခြောက်ဦးသေဆုံးကာ အခြားလူ ၁၀ ဦးကျော်အား ဆေးရုံတင်ထားရကြောင်း ဒေသခံအာဏာပိုင်များက ဖေဖော်ဝါရီ ၁၄ ရက်က ပြောခဲ့သည်။

လိုင်ချူပြည်နယ် ဖွန်သိုခရိုင်ရှိ မလိုင်ချိုင်မြို့နယ်တွင် နာရေးတစ်ခုသွားပြီး အစားအစာများစားသုံးပြီးနောက် လူခြောက်ဦးသေဆုံးကာ ၁၀ ဦးကို ဆေးရုံတင်ထားရကြောင်း လိုင်ချူပြည်နယ်ပြည်သူ့ကော်မတီမှ ကနဦးသတင်းအချက်အလက်များအရ သိရသည်။

လိုင်ချူပြည်နယ် ဆေးရုံအရေးပေါ်ဌာန၏ လက်ထောက်အကြီးအကဲ ဟာထရန်ဒန်က ယမန်နေ့က လူနာသုံးဦးမှာ အရေးပေါ်ဌာနသို့ ရောက်ရှိလာခဲ့ကြောင်း၊ အဆိုပါသုံးဦးအနက် နှစ်ဦးမှာ အခြေအနေကောင်းမွန်နေပြီးဖြစ်သော်လည်း တစ်ဦးမှာမူ စိုးရိမ်ဖွယ်အခြေအနေရှိသေးကြောင်း ပြောကြားခဲ့သည်။

ယင်းသို့ဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံးစမ်းနေဆဲဖြစ်ကြောင်းနှင့် ယခု အစားအဆိပ်သင့်မှုဖြစ်ပွားသူများမှာ ဟနီမျိုးနွယ်စုဝင်များဖြစ်ကြောင်း ဗီအန်အေသတင်းဌာနက ဖော်ပြထားသည်။

**(ဆင်ဟွာ)**

# ဂူဂဲလ်မြေပုံမှ Feature အသစ်တစ်ခုကို မိတ်ဆက်

**ဆန်ဖရန်စစ္စကို ဖေဖော်ဝါရီ ၁၄**

ဂူဂဲလ်သုံးစွဲသူများအတွက် ဂူဂဲလ်မြေပုံမှ Feature အသစ်တစ်ခုကို ၎င်း၏ အပလီကေးရှင်းတွင် ထည့်သွင်းမိတ်ဆက်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၎င်းအသစ်မိတ်ဆက်လိုက်သော Feature အသစ်တွင် သုံးစွဲသူများအတွက် မိမိအနှစ်သက်ဆုံးနေရာများအား စာရင်းပြုစုနိုင်ခြင်းနှင့် မျှဝေခြင်းများပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူတစ်ဦးက ဂူဂဲလ်မြေပုံပေါ်မှ နေရာတစ်ခုကို အမှတ်အသားပြုကာသိမ်းဆည်းထားနိုင်ပြီး သွားချင်သည့်နေရာ သို့မဟုတ် အနှစ်သက်ဆုံးနေရာများအဖြစ် စာရင်းပြုစုထားနိုင်သည်။ ယင်းကဲ့သို့စာရင်းပြုစုထားသော နေရာအနီးတစ်ဝိုက်သို့ သုံးစွဲသူကရောက်ရှိခဲ့ပါက ၎င်းနေရာသည် မြေပုံပေါ်တွင် ပေါ်လာမည်ဖြစ်သည်။

ထိုလုပ်ဆောင်ချက်အသစ်ကို သိမ်းဆည်းခြင်း သို့မဟုတ် ဖောလိုးလုပ်ထားနိုင်မည်ဖြစ်ပြီး မိတ်ဆွေများအား စာပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်းတို့ကို ပြုလုပ်လိမ့်မည်ဖြစ်သည်။ ထို့အပြင် လူမှုကွန်ရက်များနှင့် မက်ဆေ့ချ်အပလီကေးရှင်းများမှတစ်ဆင့် မိတ်ဆွေများအား နှစ်သက်သောနေရာများကို မြင်တွေ့စေမည်ဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဥက္ကဋ္ဌ ဦးကျော်စွာစိုးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**လေးစားရပါသော တိုင်းသူပြည်သားအပေါင်းတို့ခင်ဗျား -**

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ပဏာမဆုတောင်း မေတ္တာပို့သအပ်ပါတယ်ခင်ဗျား -

ကျွန်တော်ကတော့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုးဖြစ်ပါတယ် ခင်ဗျား -

ကျွန်တော်တို့ လယ်သမားပါတီဟာ ၂၀၁၅ ရွေးကောက်ပွဲတုန်းကလည်း လယ်သမားကိုယ်စားလှယ်တော် ၂၆၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကံကြမ္မာက အကျိုးမပေးလို့ လယ်သမားကိုယ်စားလှယ်တော်တွေ လွှတ်တော်ထဲ မရောက်ရှိခဲ့ရပါဘူး ခင်ဗျား။ ဒါပေမယ့် မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေး ပါတီဟာ မြန်မာနိုင်ငံမှာ သန္ဓေတည်သွားပြီဆိုတာ ငြင်းလို့မရတော့ပါဘူး။ သန္ဓေတည်ပြီးသားဖြစ်တဲ့အတွက် အချိန်တစ်ခုအတွင်းမှာ မွေးဖွားလာတော့မှာ ကေန်မလွဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လယ်သမားပါတီဟာ လွှတ်တော်ထဲမှာ ကိုယ်စား လှယ်တော်တွေအနေနဲ့ လယ်သမားကိုယ်စား ပေါက်ဖွားလာတော့မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆင်းရဲသားလယ်သမားအကြောင်းကို လယ်သမားကိုယ်စားလှယ်တွေက အသိဆုံးဖြစ်ပါတယ်။ ကိုယ့်အကြောင်း ကိုယ့်အခက်အခဲတွေကို တင်ပြနိုင်ဖို့ နိုင်ငံတော်မှာ ပါဝင်ဆွေးနွေးနိုင်ဖို့အတွက် မဆုတ်မနစ်သော ဇွဲလုံ့လနဲ့ ကြိုးစားသွားမှာဖြစ်ပါတယ်။

လောကကြီးမှာ လူနှစ်မျိုးနှစ်စားရှိပါတယ်။

(က) အလုပ်တစ်ခုကို လုပ်ပြီးမှ စဉ်းစားတဲ့လူနဲ့

(ခ) စဉ်းစားပြီးမှ လုပ်တဲ့လူဆိုပြီး နှစ်မျိုးရှိပါတယ်။

လုပ်ပြီးမှ စဉ်းစားတဲ့သူရဲ့ရလဒ်ကတော့ နောင်တတရားပဲဆိုတာ ကျွန်တော်တို့ဆင်းရဲသားတောင်သူလယ်သမားကြီးတွေ သဘောပေါက်ဖို့ လိုပါတယ်။ စဉ်းစားပြီးမှ လုပ်တဲ့သူရဲ့ရလဒ်က အောင်မြင်မှုနဲ့ ပျော်ရွှင်မှုပါပဲ။ ဒါကြောင့် သတိထားပြီး မဲပေးကြပါလို့ ပြောကြားပါရစေခင်ဗျား-

နောက်ပြီး ရိုးသားမှုနဲ့ ဦးနှောက်မရှိတာဟာ တခြားစီပဲဆိုတာ သဘောပေါက်ဖို့ လိုပါတယ်။ကျွန်တော်တို့ ဆင်းရဲသားတောင်သူလယ်သမားတွေဟာ အလုပ်လုပ်ရဆုံး လူသားတွေဖြစ်ပြီး အဆင်းရဲဆုံးဘဝ ရရှိနေတာဟာ လုံးဝသဘာဝမကျတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ လယ်သမားတွေရဲ့ဘဝကို တိုင်းပြည်ခေါင်းဆောင် အဆက်ဆက်က သနားပါတယ်၊ ကရုဏာသက်ပါတယ်ဆိုပြီး ကိုယ်ချင်းစာစကားတွေ ပြောကြားခဲ့ကြပါတယ်။ ဆင်းရဲသားလယ်သမားတို့ကို ကိုယ်ချင်းစာတယ်ဆိုတာ အတူ၊ ခံစားဖူးတာကမှ အစစ်ဆိုတာ မြဲမြဲမှတ်ထားစေလိုပါတယ်။

ကျွန်တော်တို့ မြန်မာပြည်မှာ ဆင်းရဲသားတောင်သူလယ်သမားမိသားစုတွေရဲ့ဘဝဟာ တိုင်းပြည်စီးပွားရေးနိမ့်ပါးခဲ့ကြရတဲ့အတွက် မိတကွဲ၊ ဖတကွဲ၊ သားတကွဲ၊ မယားတကွဲနဲ့ ကိုယ့်အရပ်ဒေသကို ခွဲခွာပြီး အိမ်နီးချင်းတိုင်းတစ်ပါးမှာ အနိမ့်ဆုံး အဆင့်နဲ့ ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့နဲ့ လုပ်ကိုင်ပြီး ရွာမှာကျန်ခဲ့တဲ့ မိသားစုအတွက် ရှန်းကန်ရှာဖွေပြီး ပို့ပေးနေကြရပါတယ်။ ရွာက ကျန်နေခဲ့တဲ့သူဟာလည်း ရင်တထိတ်ထိတ်နဲ့ တစ်လချင်းဖြတ်ကျော်နေရတာ ဆင်းရဲသားတောင်သူလယ်သမား မိသားစုတွေ အသိဆုံးဖြစ်ပါတယ်။

မြန်မာလူမျိုးတွေဟာ မိသားစုကို ဘယ်လောက်တန်ဖိုးထားပြီး ချစ်မြတ်နိုးသလဲဆိုတာ အားလုံးအသိပါ။ အခုတော့ ဆင်းရဲသား တောင်သူလယ်သမားတွေဟာ လယ်လုပ်ရင်းငတ်၊ ကြိုးစားရင်းပြတ်ဆိုတဲ့ဘဝကို ရောက်နေကြတာ ကြာပြီဖြစ်နေပါတယ်။

ဒါကြောင့် ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် ကျွန်တော်တို့ဆီမှာ မြေရှိတယ်၊ ရေရှိတယ်၊ လေရှိတယ်၊ အလုပ်လုပ်ချင်တဲ့လူရှိတယ်။ ဒါပေမယ့် နည်းပညာနဲ့ ငွေကြေးအရင်းအနှီးမရှိကြတဲ့အတွက် အခက်အခဲဖြစ်နေတာပါ။ နိုင်ငံတော်အစိုးရကလည်း ထောက်ပံ့နိုင်ဖို့ ကြိုးစားခဲ့ပေမယ့်လည်း သီးနှံပေါ်ရင် ဈေးကွက်ပျောက်တဲ့ဝေဒနာက ရှိနေတော့ အခက်တွေ့နေကြပါတယ်။ ဒါတွေကို ကျော်လွှားနိုင်ဖို့ လယ်သမားပါတီက အစိုးရတာဝန်ရှိတဲ့သူတွေထံ အကူအညီ တောင်းခံ အကြံဉာဏ်ပေးရင်း ပြည်ပအဆက်အသွယ်တွေရအောင် ကြိုးစားသွားပါမယ်။

တစ်ခုက မြန်မာနိုင်ငံတောင်သူလယ်သမားပါတီဥက္ကဋ္ဌ တစ်ယောက်အနေနဲ့ လယ်သမားထုကို တောင်းပန်ပါရစေခင်ဗျား-

ကျွန်တော်တို့ ပါတီဟာ ၆-၁၁-၂၀၁၂ ခုနှစ်မှာ စတင်ထူထောင်ခဲ့ပြီး (၃)နှစ်တာ သက်တမ်းကာလမှာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို ဖုတ်ပူမီးတိုက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရပါတယ်။ ဖွဲ့စည်းထူထောင်စဉ်ကတည်းက ကျေးလက်နေလယ်သမားကြီးတွေနဲ့ ထူထောင်ခဲ့ကြရတာပါ။ ရွေးကောက်ပွဲမှာလည်း ကျေးလက်နေ လယ်သမားခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲနိုင်ချင်တာ တစ်ခုပဲ သိပါတယ်။ ပါတီထဲမှာ အင်အားများရင် ပြီးရောဆိုပြီး အားလုံးကို လက်ခံစည်းရုံးခဲ့ကြတာကို တွေ့ရပါတယ်။ အဲ့ဒီထဲမှာ စုန်းပြူးတွေပါလာပြီး ဘဝတူဆင်းရဲသားချင်း ပါတီဝင်ကြေးတွေ အတင်းကောက်ခံခြင်း၊ ပါတီရဲ့သဘောထား ထုတ်ပြန်ထားခြင်းမရှိသော ကိစ္စရပ်တွေနဲ့ မဲဆွယ်စည်းရုံးခြင်းတွေ၊ ကိုယ်ကမလုပ်ပေးနိုင်သေးတဲ့ကိစ္စကို အထင်ကြီးအောင် ကြွားဝါပြောဆိုပြီး စည်းရုံးခဲ့ခြင်းတွေ ပြုလုပ်ခဲ့ကြတယ်ဆိုတာသိခဲ့ရပါတယ်။ ပါတီထဲမှာ ဟိုပါတီမှာ သူဘယ်လိုစွမ်းဆောင်ခဲ့တာ၊ ဒီပါတီမှာ ဘယ်လိုစွမ်းဆောင်ခဲ့တာတွေပြောဆိုပြီး လယ်သမားပါတီရဲ့ ဆင်းရဲသားတွေ အကျိုးအတွက်လို့ အသံကောင်းဟစ်ပြီး မသမာမှုပြုတဲ့ စုန်းပြူးတွေကို ပြတ်ပြတ်သားသား အရေးယူဖယ်ထုတ်ပစ်ခဲ့ရပါတယ်။ ဆင်းရဲသား လယ်သမားချင်း အခွင့်ကောင်းယူ လုပ်ဆောင်မှုတွေဖြစ်ခဲ့တဲ့အတွက် ပါတီကို တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါ။ နားလည်ပေးပါ။ အတွေ့အကြုံနုနယ်လွန်းတဲ့ လယ်သမားတွေ ဦးဆောင်ကြတာဖြစ်တဲ့အတွက် အမှားများစွာရှိခဲ့တာကို ကျွန်တော် ပါတီရဲ့ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဆင်းရဲသားလယ်သမားထုကြီးကို ဝန်ချတောင်းပန်ပါတယ်။ တစ်ကြိမ်တစ်ခါ ခွင့်လွှတ်ပေးပါခင်ဗျား -

အဲ့ဒါကြောင့် ကျွန်တော်တို့လယ်သမားပါတီ ပိုမိုပြီးကောင်းအောင် ကြိုးစားပြီး အလုပ်လုပ်သွားပါမယ်လို့ ကတိပြုပါတယ်

ကျွန်တော့်ကို လယ်သမားကြီးတွေပြောတဲ့စကားက ဦးကျော်စွာစိုးရယ် ကျွန်တော်တို့ ဒီမိုကရေစီလည်းနားမလည်ပါဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး၊ ကျွန်တော်တို့အားလုံး ဗိုက်ဆာတာရယ်၊ ကြွေးထူတာရယ်ပဲ သိပါတော့တယ်တဲ့။ အလွန်ဝမ်းနည်း စရာကောင်းတဲ့စကားဖြစ်ပါတယ်။ ကျွန်တော်တို့ ဆင်းရဲပါတယ်တဲ့၊ အမြော်အမြင် နည်းပါတယ်တဲ့၊ ကိုယ်စားလှယ်တော်ကြီးတွေကို ပြောပေးပါတဲ့။ ထမင်းဝအောင်ကျွေးပြီးမှ စည်းကမ်းတွေတင်းကျပ်ပေးပါ။ ထမင်းမဝတော့ စည်းကမ်းရှိချင်ပေမယ့် စည်းကမ်းမဲ့မိပါတယ်၊ ဆင်းရဲသားထုကြီးကို ထမင်းဝအောင်ကျွေးပြီးရင် ထုတ်ပြန်တဲ့စည်းကမ်းကို အပြည့်အဝ လိုက်နာပါမယ်လို့ အသက်နဲ့လဲကတိပြုပါတယ်တဲ့ဗျာ။ ကျွန်တော် ဘာပြန်ပြောရမှန်းကို မသိတော့ပါဘူး ခင်ဗျား။


ကျွန်တော်တို့တိုင်းပြည်ဟာ စိုက်ပျိုးရေးတိုင်းပြည်ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ စီးပွားရေးဦးမော့လာဖို့ဟာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့ဟာ အဓိကကျပါတယ်၊ စိုက်ပျိုးရေးအောင်မြင်ဖို့ဆိုတာ အဲဒီလယ်သမားတွေ လွှတ်တော်ထဲ ပါဝင်လာပြီး တင်ပြဆွေးနွေးနိုင်မှသာ ဖြစ်ရပ်မှန်တွေသိရှိလာမှာပါ။ ဒါကြောင့် လယ်သမားလွှတ်တော်ကိုယ်စားလှယ်ကြီးတွေ လွှတ်တော်ထဲရောက်ဖို့ အလွန်အရေးကြီးပါတယ်။

လွှတ်တော်အမတ်ရွေးချယ်ခဲ့တဲ့အခါမှာလည်း ကျွန်တော်ပြည်သူတွေကို မေတ္တာရပ်ခံချင်တာက သူ့အသိ၊ သူ့အတွေး သူ့အကြောင်းတွေကိုပဲ ဦးစားပေးတဲ့လူကို မရွေးမိဖို့၊ ကိုယ့်အကြောင်း၊ ကိုယ့်အတွေး၊ ကိုယ့်အရေးကို အကောင်အထည်ဖော်ပေးမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်ကြပါလို့ တိုက်တွန်းပါတယ်။

မဲဆွယ်စည်းရုံးတဲ့အခါမှာလည်း ကမ္ဘာကြီးကို ဘယ်လိုကောင်းအောင်လုပ်ပေးမယ်၊ တိုင်းပြည်ကို ဘယ်လိုကောင်းအောင်လုပ်မယ်ဆိုတာတွေ နားမထောင်ဘဲ ငါ့အကျိုးစီးပွားကောင်းအောင်လုပ်ပေးမှာလား၊ ငါ့အကျိုးလုပ်ပေးမယ်ဆိုရင် မင်းကိုမဲပေးမယ်လို့ ပြတ်ပြတ်သားသား ပြောပြီးမဲပေးပါ။ မဲပေးတယ်ဆိုတာ ကိုယ့်ထက်တော်လို့၊ ကိုယ့်ထက်တတ်လို့ထင်ပြီး အားကိုးနိုင်လောက်တဲ့သူထင်လို့ ရွေးချယ်ခြင်းဖြစ်ပါတယ်။

ကျွန်တော် လယ်သမားပါတီက လယ်သမားကိုယ်စားလှယ်တော်ကြီးတွေ လွှတ်တော်ထဲကိုရောက်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့-

လွှတ်တော်ဆိုတာ ပြည်သူတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့ အားကိုးထိုက်တဲ့ ဖခင်နေရာပါ။ တိုင်းသူပြည်သားဆိုတာ သားသမီးပါ။ အစိုးရဆိုတာ လွှတ်တော်က ဖွဲ့စည်းပေးပြီး ပြည်သူ့အကျိုးဆောင်ရွက်ဖို့ ပြည်သူ့ကိုစောင့်ရှောက်ရတဲ့ကလေးထိန်းပါ။ ဒါကြောင့် သားသမီးနဲ့အနီးကပ်နေတဲ့ ကလေးထိန်းပါ။ လွှတ်တော်ဆိုတဲ့ ဖခင်နေရာကို လယ်သမားကိုယ်စားလှယ်တော်ကြီးတွေ ရောက်သွားရင် ကိုယ့်သားသမီးကို စောင့်ရှောက်နိုင်ဖို့ပါပဲ။ ဖခင်ကောင်း၊ မိခင်ကောင်းဆိုတဲ့ အမတ်တွေရောက်မှ ကိုယ့်သားသမီး အရေးကို စွမ်းစွမ်းတမံလုပ်ဆောင်နိုင်မှာဖြစ်လို့ လယ်သမားကိုယ်စားလှယ်တော်ကြီးတွေကို လွှတ်တော်ထဲရောက်စေချင်တာပါ။



ဒါကြောင့် ပြည်သူအတွက် မကြောက်တတ်ဘဲ အားကိုးလောက်တဲ့ လွှတ်တော်အမတ်တွေကို ရွေးချယ်ပေး စေလိုပါတယ်။

တောင်သူလယ်သမားတွေဟာ ခေတ်အဆက်ဆက် ဒုံရင်းဒုံရင်းဘဝပဲမို့လို့ ပါတီတွေကို ကြောက်နေပါပြီတဲ့။ ဒါကြောင့် တောင်သူလယ်သမားအပေါင်းတို့ လယ်သမားအကြောင်းသိတဲ့ လယ်သမားပါတီက ပြောချင်တာကတော့ ဒီနေ့ခေတ်စားနေတဲ့ သီချင်းအတိုင်း "မကြောက်ပါနဲ့ မိန်းကလေးရယ်၊ ဗိုလ်အောင်ဒင်မင်းကိုချစ်တယ်၊ အားလုံးနဲ့ ရင်ဆိုင်မယ်" လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား -

## မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီသီချင်းစာသား

**ဟေ့ ကျေးလက်ကလယ်သမားတွေ ခေတ်နောက်ကျကျန်ခဲ့ပေ**
**တို့များတွေ သွေးသားပေမို့ ဆင်းရဲခြင်းကင်းရှင်းစေ**
**ဟေ့ ကျေးလက်ကလယ်သမားတွေ ခေတ်နောက်ကျကျန်ခဲ့ပေ**
**တို့များတွေ သွေးသားပေမို့ ဆင်းရဲခြင်းကင်းရှင်းစေ**
**အလုပ်လုပ်ဆုံးဟာ လယ်သမားဟေ့**
**အဆင်းရဲဆုံးဟာ တို့လယ်သမားဟေ့**
**ဟေ့ ဟိုအစိုးရအဆက်ဆက်မှာတော့ လယ်သမားတို့တွေ ထုထောင်းလို့ကျေ**
**ဟေ့ ဒီအစိုးရလက်ထက်မှာတော့ အသွင်ပြောင်းခဲ့ပေ စက်မှုလယ်ယာခေတ်တဲ့ဟေ့**
**ဆင်းရဲမှုကို လျှော့ချမယ်ဟေ့ ကျေးလက်ဘဝကိုမြှင့်တင်မယ်ဟေ့**
**ဟေ့ ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့**
**ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့**
**လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ**
**လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ**
**တရားနဲ့ညီညွတ်စေ၊ မသမာ မရိုးသားမှုတွေ ကင်းရှင်းကာ ပပျောက်စေဟေ့**
**ဟေ့ ပါတီဝင်ပါ လယ်သမားတွေ ရွေးကောက်ခံကြဟေ့**
**ဟေ့ ပါတီဝင်ပါ လယ်သမားတွေ ရွေးကောက်ခံကြဟေ့**
**လယ်သမား အမတ်တွေလွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ**
**လယ်သမားအမတ်တွေ လွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ**
**အားလုံးညီညွတ်စေ**
**ဒီနိုင်ငံတိုးတက်ဖို့လေ လယ်သမားက အဓိကပါဟေ့**
**ဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့ ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့**
**ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့**
**ကျေးလက်နေတောင်သူလယ်သမားတွေ အမျိုးသားရေးကြိုးစားကြမယ်လေ**
**ဟေ့ ကျေးလက်က လယ်သမားတွေ အားတက်စရာပဲဟေ့**
**ကျေးလက်ကလယ်သမားတွေ အားတက်စရာပဲဟေ့**
**လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ**
**လယ်ယာဥပဒေအသစ်ထွက်ပြီမို့ တို့ဝမ်းသာလို့နေ**
**တရားနဲ့ညီညွတ်စေ၊ မသမာမရိုးသားမှုတွေ ကင်းရှင်းကာပပျောက်စေဟေ့**
**ဟေ့ ပါတီဝင်ပါ လယ်သမားတွေ ရွေးကောက်ခံကြဟေ့**
**ဟေ့ ပါတီဝင်ပါ လယ်သမားတွေ ရွေးကောက်ခံကြဟေ့**
**လယ်သမားအမတ်တွေ လွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ**
**လယ်သမားအမတ်တွေ လွှတ်တော်ဝင်လို့ ပြည်အကျိုးဆောင်ရွက်မလေ**
**အားလုံးညီညွတ်စေ**
**ဒီနိုင်ငံတိုးတက်ဖို့လေ လယ်သမားဟာအဓိကပါဟေ့**
**ဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့ ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့**
**ထိခေါင် ထိခေါင် ထိခေါင်ပဲဟေ့ ထိခေါင် ထိခေါင် ထိခေါင်လားဟေ့**
**ကျေးလက်နေတောင်သူလယ်သမားတွေ အမျိုးသားရေးကြိုးစားမယ်လေ။**

# မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနား သီပေါ၌ကျင်းပ

**သီပေါ ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ (၂၄) ကြိမ်မြောက် ကျောင်းတွင်းပြိုင်ပွဲများ၊ ဆုပေးပွဲနှင့် မြန်မာနိုင်ငံကလေးများနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က မြို့ကျက်သရေဆောင်ဧည့်ခန်းမ၌ ကျင်းပသည်။ ဆက်လက်၍ မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသော ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မိုင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ပသို့တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၁၁၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၇၀၀၀ ကျော်ကို ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

## ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ

| စဉ် | ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၂၈၈ | | ၂၈၈ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၅၂ | ၁၁၃၇၀ | ၁၁၅၂၂ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၈၈ | ၃၂၇ | ၄၁၅ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၅၅ | ၁၈၁၉ | ၁၈၇၄ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၈၃ | ၁၀၆၈ | ၁၁၅၁ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၀ | ၂၅၂ | ၃၂၂ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၁၂ | ၃၈၀ | ၄၉၂ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၃၀ | ၃၅၃ | ၃၈၃ | |
| ၉။ | ကချင်ပြည်နယ် | ၄၀ | ၁၀၄ | ၁၄၄ | |
| ၁၀။ | ကယားပြည်နယ် | ၈ | ၁၀၄ | ၁၁၂ | |
| ၁၁။ | ကရင်ပြည်နယ် | ၂၆ | ၈၇ | ၁၁၃ | |
| ၁၂။ | ချင်းပြည်နယ် | ၇ | - | ၇ | |
| ၁၃။ | မွန်ပြည်နယ် | ၄၀ | ၉၈ | ၁၃၈ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၁၆ | ၄၈ | ၆၄ | |
| ၁၅။ | ရှမ်းပြည်နယ် | ၁၆၃ | ၁၀၁ | ၂၆၄ | |
| | **စုစုပေါင်း** | **၁၁၇၈** | **၁၆၁၁၁** | **၁၇၂၈၉** | |

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက
လူကုန်ကူးခံရသူများအတွက် သတင်းအချက်အလက် မျှဝေရာစင်တာ သို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၁၈၇ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၉ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၂၀၈ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၁၀၆၁၁ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၂၀၉ ဦး | |
| ၆။ | ယူအေအီး | ၁၆ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၁ ဦး | |
| | **စုစုပေါင်း** | **၁၁၂၄၁ ဦး** | |

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ (မိုး/ဇလ)

## အသိပေးနှိုးဆော်ခြင်း

၁။ စားသောက်ဆိုင်လုပ်ငန်းရှင်များသည် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၅(ခ)နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်း ၄၀(က)(၃)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရောင်းရငွေနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို စားသုံးသူထံမှတစ်ပါတည်း ကောက်ခံပေးရန် တာဝန်ရှိသကဲ့သို့ ကျသင့်ငွေပေးချေချိန်တွင် ကုန်သွယ်လုပ်ငန်းခွန် ၅ရာခိုင်နှုန်းနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထားသည့်ပြေစာကို စားသုံးသူထံသို့ ထုတ်ပေးရမည်ဖြစ်ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါစားသောက်ဆိုင်များသည် ကျသင့်ငွေပေးချေချိန်တွင် စားသုံးသူများသို့ အခွန်အမှတ်တံဆိပ်အပြည့်အဝ ကပ်နှိပ်ထားသော ပြေစာများကို ထုတ်ပေးရန် တတိယအကြိမ်အထက် ပျက်ကွက်ခဲ့ခြင်းကြောင့် တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)အရ ဒဏ်ကြေးပေးဆောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ စားသောက်ဆိုင်များအနေဖြင့် ထပ်မံပျက်ကွက်ကြောင်း အများပြည်သူမှ တိုင်ကြားလာပါက(သို့မဟုတ်) စိစစ်တွေ့ရှိပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၃(င)အရ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | စားသောက်ဆိုင်အမည် | လိပ်စာ | မှတ်ချက် |
|---|---|---|---|
| ၁ | Hot Pot City Restaurant | ၃၃၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် | |
| ၂ | ခုပ်ဖူစားသောက်ဆိုင် | ၂၄၊ ဗဟိုလမ်း၊ သစ်တောရပ်ကွက်၊ အလုံမြို့နယ် | |
| ၃ | Music Zone KTV | ၂၇/ခ၊ သံသုမာလမ်း၊ ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် | |

၃။ သို့ဖြစ်ပါ၍ စားသောက်ဆိုင်လုပ်ငန်းရှင်များအနေဖြင့် အခွန်ဘဏ္ဍာငွေများအပြည့်အဝ ရရှိရေးအတွက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ပေးနိုင်ရန်နှင့် စားသုံးသူပြည်သူများမှလည်း ပြေစာအမှတ်တံဆိပ် အပြည့်အဝကပ်နှိပ်ထားသော ပြေစာများကို တောင်းယူခြင်း ဖြင့် ကူညီဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံး**
**ပြည်တွင်းအခွန်များဦးစီးဌာန**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6I/7587 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## မြန်မာ့သစ်လုပ်ငန်း အဆောက်အဦအဟောင်းများ ဈေးပြိုင်လေလံရောင်းချရန်ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန လက်အောက်ရှိ သီပေါမြို့ အမှတ်(၁၁၂)နှင့် မိုးမိတ်မြို့ အမှတ်(၁၁၈)သစ်စက်တို့မှ အောက်ဖော်ပြပါ အဆောက်အဦအဟောင်းများအား လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| အမျိုးအစား | အရေအတွက် | နေရာ |
|---|---|---|
| (က) ပျဉ်ကာ၊ သွပ်မိုး | (၄)လုံး | သီပေါမြို့ |
| (ခ) သွပ်မိုး | (၃)လုံး | သီပေါမြို့ |
| (ဂ) ဝါးထရံကာ/ပျဉ်ခင်း/သွပ်မိုး | (၁၂)လုံး | သီပေါမြို့ |
| (ဃ) အုတ်ကန် | (၂)လုံး | သီပေါမြို့ |
| (င) ပျဉ်ကာ၊ သွပ်မိုး | (၆)လုံး | မိုးမိတ်မြို့ |

၂။ **လေလံတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ သစ်တောလမ်း၊ လားရှိုးမြို့

၃။ **လေလံရောင်းချမည့်ရက်နှင့်အချိန်** - ၃-၃-၂၀၁၇ရက် နံနက် ၁၀နာရီ

၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်း** - ၁၆-၂-၂၀၁၇ ရက်မှ ၁-၃-၂၀၁၇ ရက်အထိ (ရုံးချိန်အတွင်း)

**ချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ** - ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ ရှမ်းပြည်နယ် မြောက်ပိုင်း)၊ ရပ်ကွက်(၁)၊ နယ်မြေ(၇)၊ ပြည်ထောင်စု လမ်းမကြီးဘေး၊ လားရှိုးမြို့၊

**ဖုန်း-၀၈၂-၂၃၀၄၀၊ ၀၉-၅၀၇၀၆၇၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်းနှင့် ဟောမာသီရိလမ်းထောင့်၊ အမှတ် ၄၉၁၊ အခန်းအမှတ်(A/2) ပေ(၂၇×၄၈)အကျယ်ရှိ လူနေတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးနေမျိုးထွန်း ၁၂/တမန(နိုင်)၀၈၈၁၂၈နှင့် ဒေါ်အေးအေးထွေး ၁၂/တမန(နိုင်)၀၃၄၉၄၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကာလပေါက်ဈေးဖြင့် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်အေး(စဉ်-၃၂၂၆၁)**
BA,RL,DBL,DML,DIE,WIPO(Switzerland)
**အထက်တန်းရှေ့နေ၊ ဖုန်း-၀၉-၄၅၀၅၃၈၉၈၇၊ ၀၉-၂၅၀၁၄၄၁၀၈။**
**ရုံး-အမှတ်(၁၀၄/၁၁၂)၊ အနော်ရထာလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## CLAIMS DAY NOTIC
## M.V SPRING SKY VOY:NO(1)

Consignees of cargo carried by M.VSPRING SKY VOY:NO(1) are here by notified that the vessel will arrive on about 16-2-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၁၃)၊ မြေကွက်အမှတ် (၈၂/၁C +၈၂/၁ E)၊ ဦးထွန်းညိုလမ်းနှင့် ဦးဖိုးလှိုင်လမ်းရှိ အကျယ်အဝန်းဧရိယာ ၂ဒသမ၂၃ဧက+ ၂ဒသမ၂၈ဧက၊ စုစုပေါင်း ၄ဒသမ၅၁ဧကရှိ စလစ်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ဖြူဖြူစိမ်း ၉/မရမ(နိုင်)၀၈၇၉၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆိုပါမြေ၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေအရောင်းအဝယ်ကိစ္စအတွက် ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်လုံသော ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှမင်း (ပေါင်းတည်)**
**LL.B (ADVOCAE)**
**တရားလွှတ်တော်ရှေ့နေ(၅၅၅၅)**

**ရုံး-အမှတ် (၅၀)စီ/၃၊(ပ)ထပ်၊ ဘဏ်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၃၃၁၇၂**



# ယာဉ်စစ်ပိတ်ဆို့ဆောင်ရွက်စဉ် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

တာမွေမြို့နယ် ဗညားဒလလမ်း ကျောက်မြောင်းမီးသတ်ရုံးရှေ့၌ ဖေဖော်ဝါရီ ၁၃ ရက် ည ၁၀ နာရီခွဲက ယာဉ်စစ်ပိတ်ဆို့ တာဝန်ဆောင်ရွက်စဉ် တာမွေမြို့နယ် သျှင်ပါကူ ဆေးရုံဘက်မှ ကျောက်မြောင်းမီးပွိုင့် ဘက်သို့ ဗညားဒလလမ်းအတိုင်း ယာဉ်မောင်း အဒူရော်မန်(ခ)သာမောင် မောင်းနှင်လာသောယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်းဘေးရှေ့ခန်း၌ မဖြူဖြူ(ခ) မအေးအေးအောင်လိုက်ပါလာသည်ကို တွေ့ရသည်။

ယာဉ်ကို ရှာဖွေရာ ယာဉ်အတွင်းရှေ့ခန်း နောက်ကြည့်မှန်အပေါ် အံဝှက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ ပြား၊ အလေးချိန် ၆ ဒသမ ၅ ဂရမ်ခန့် တန်ဖိုးငွေကျပ် ၂၂၇၅၀၀ ခန့်ကို ရှာဖွေတွေ့ရှိသဖြင့် မြို့မရဲစခန်းက အမှုဖွင့် အရေးယူထား ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

ပြစ်မှုကျူးလွန်သူများကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်

# စိတ်ကြွရူးသွပ်ဆေးပြား သိန်း ၁၈၀ ဖိုး ဖမ်းမိ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**

မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁ နာရီခန့်က မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာကားနောက်ဖုံးအတွင်း သယ်ဆောင်လာသည့် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းမြို့နယ် နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် စစ်ကိုင်းတိုင်း ဘက်မှ ကချင်ပြည်နယ်ဘက်သို့ မောင်လဆန် မောင်းနှင်လာသော ယာဉ်အား ရပ်တန့် ရှာဖွေရာ ဘိန်းဖြူမှုန့် ၁၂ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၂၁၉ ခွက် အလေးချိန် ၂၆၂၈ ဂရမ်ခန့် စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၁၈၃၉၆၀၀၀၀ ကျပ်နှင့် 88/1 စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၆၀၀၀၀ ပြား တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်း စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀၀ တို့ကို ရှာဖွေဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ တင်မိုးလင်းနှင့် မောင်လဆန်တို့ကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် ရေပူကျေးရွာကြား မိုင်းတစ်လုံးပေါက်ကွဲ

**သိန်းနီ ဖေဖော်ဝါရီ ၁၄**

သိန်းနီမြို့နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် ရေပူကျေးရွာကြား ဖေဖော်ဝါရီ ၁၄ ရက်က မိုင်းတစ်လုံးပေါက်ကွဲကြောင်း သတင်းအရ ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းတာဝန်ကျခမရ(၃၂၃)မှ ဗိုလ်ကြီးအောင်ကိုကိုမြတ် ဦးစီး(၁+၁၂)၊ စရဖ(သိန်းနီ) မှ တပ်ကြပ်ကြီး မိုးဇော်မော်နှင့် တပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့မှ ရဲအုပ်မောင်မောင်စိုး၊ သိန်းနီ မြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ် မောင်ပုနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ လားရှိုး-သိန်းနီသွား ပြည်ထောင်စုလမ်းမကြီးမိုင်တိုင် အမှတ် (၁၉၈/၄)နှင့်(၁၉၈/၅)ကြား လမ်း၏ယာဘက် သုံးပေခန့်အကွာတွင် လက်လုပ် မိုင်းဟုယူဆရသော မိုင်းတစ်လုံးပေါက်ကွဲခဲ့ကြောင်းနှင့် ယင်းနေရာအနီး၌ ဘောစိ ၅၀ ခန့် တွေ့ရှိကြောင်း၊ အဆိုပါမိုင်းပေါက်ကွဲခဲ့သည့်နေရာသို့ ရေပူအမြဲတမ်း စစ်ဆေးရေး စခန်းအနီး ချောင်းဆာကျေးရွာတွင် နေထိုင်ကြသော ရွာသူ/သားများက မိုင်းပေါက်ကွဲသည့်နေရာနှင့် ပေ ၂၀ ခန့်အကွာရှိ သဘာဝရေပူကန်နှင့် လမ်းဘေး ဝဲယာတွင် သန့်ရှင်းရေးဆောင်ရွက်ပြီး အမှိုက်များမီးရှို့ထားခဲ့ရာမှ မီးအပူကူးပြီး မိုင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် မိုင်းပေါက်ကွဲမှုကြောင့် လူ/တိရစ္ဆာန်နှင့် ယာဉ် တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

**ချစ်လှ(ပြန်/ဆက်)**

# ကသာမြို့၌ ဗုံးသီးဟောင်းနှင့် ကျည်ဆန်ဟောင်းများတွေ့ရှိ

**အင်းတော် ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့အမှတ်(၄)ရပ်ကွက် တာရိုးလမ်း စစ်ဝင်းဆိပ်တောင် အဆင်း၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်က ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးသီးဟောင်းများနှင့် ကျည်ဆန်ဟောင်းများတွေ့ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့နယ် စည်ပင်အဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးကြာလင်း ဦးဆောင်ပြီး ဘက်ဟိုးအသေးစားယာဉ်ဖြင့် လမ်းချဲ့ခြင်းဆောင်ရွက်စဉ် ဒုတိယ ကမ္ဘာစစ်အတွင်းက ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည်ဆန်ဟောင်း ၅၆ တောင့်၊ အရှည်တစ်ပေ၊ လုံးပတ်ကိုးလက်မခန့်ရှိ အမြောက်ကျည်ဆန်ဟောင်းငါးလုံး၊ အရှည်ကိုးလက်မခန့်နှင့် လုံးပတ်ကိုးလက်မခန့်ရှိ အမြောက်ကျည်ဆန်ဟောင်း ၁၄ လုံး၊ အရှည်လေးလက်မခွဲ လုံးပတ်ခုနစ်လက်မခန့်ရှိ အမြောက်ကျည်ဆန်ဟောင်း တစ်လုံးတို့ကို တွေ့ရှိခဲ့သည်။

အဆိုပါတွေ့ရှိခဲ့သောဗုံးသီးဟောင်းနှင့် ကျည်ဆန်ဟောင်းများကို အမှတ်(၉၀၉) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက လာရောက်စစ်ဆေးပြီး ခမရ(၃၀၉)တပ်ရင်းသို့ သယ်ဆောင်ထိန်းသိမ်းခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**



# သထုံ၌ လူတစ်ဦး ရထားကြိတ်မိ သေဆုံး

**သထုံ ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက် မွန်စုပိုင်း ရန်ကုန်-မော်လမြိုင်ရထားလမ်းပေါ်၌ ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက လူတစ်ဦး ရထားကြိတ်မိ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

လူတစ်ဦးရထားကြိတ်သေဆုံးနေကြောင်း လိပ်အင်းရပ်ကွက်နေ ရာအိမ်မှူးက ဖုန်းဆက်အကြောင်းကြားသဖြင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာတွင် ရထားလမ်းမိုင်တိုင်အမှတ် (၁၃၇/၂) နှင့် (၁၃၇/၃) ကြား ရထားသံလမ်းပေါ်၌ လူတစ်ဦးသေဆုံး နေသည်ကို တွေ့ရှိရကြောင်း သထုံမြို့မရဲစခန်းမှ သိရသည်။

သေဆုံးသူမှာ သက်နိုင် (ခ) နိုင်ကြီး (၂၂ နှစ်) လိပ်အင်းရပ်ကွက်နေသူဖြစ်ပြီး ဘုရားပွဲမှပြန်လာစဉ် ရထားကြိတ်မိ၍ သေဆုံး သွားကြောင်း၊ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ


### ၁၇ခန်းနှင့်အောက် ကန်ထရိုက်တိုက်များတွင် လျှပ်စစ်ဓာတ်အားရရှိ/သုံးစွဲရေးကိစ္စ

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၇ခန်းနှင့်အောက် ကန်ထရိုက်တိုက်များ လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ၁-၂-၂၀၁၇ရက်နေ့မှ စတင်၍ အောက်ပါ အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူနေထိုင်ခွင့်ပြုမိန့် B.C.C ကျပြီး ၁၇ခန်းနှင့်အောက် ကန်ထရိုက်တိုက်များ အတွက် ကန်ထရိုက်တာများမှ ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီ၏ ခွင့်ပြုမိန့်ပါ အခန်းအရေအတွက်အတိုင်း တစ်ခန်းလျှင်(၅၅၀၀၀၀ိ/-) (ငါးသိန်းငါးသောင်းကျပ်) နှုန်းဖြင့် ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ မြို့နယ် လျှပ်စစ် မန်နေဂျာရုံးများတွင် ပေးသွင်းရပါမည်။

(၂) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုမိန့်ပါ အခန်းအရေအတွက်အတိုင်း သတ်မှတ်နှုန်းထားဖြင့် အပြည့်အဝ ပေးသွင်းပြီးမှသာ လျှပ်စစ်ဓာတ်အားရရှိရေး ကိစ္စရပ်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(၃) သတ်မှတ်ကြေး ပေးသွင်းပြီးသည့် ကန်ထရိုက်တိုက်များ လျှပ်စစ် ဓာတ်အားရရှိရေးအတွက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ ဗို့အားမြင့် ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်း၊ ၄၀၀ဗို့ဓာတ်အားလိုင်းတည်ဆောက် ခြင်းနှင့် ကန်ထရိုက်တိုက်သို့ Main Service Wire (Cable) သွယ်တန်းခြင်း၊ ConnectionBox တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

(၄) အခန်းတစ်ခန်းချင်းစီအတွက် မီတာတပ်ဆင်သုံးစွဲခြင်း ကိစ္စရပ် များကိုမူ ယခင်အိမ်သုံးမီတာလျှောက်ထား၊ တပ်ဆင်ခြင်း မူအတိုင်း ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ် မန်နေဂျာရုံးများတွင် ဆက်သွယ်မေးမြန်း ဆောင်ရွက်နိုင်ပါကြောင်းနှင့် ၁၁-၈-၂၀၁၆ ရက် မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းကြေညာထားချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်၍ ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

### နေပြည်တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝယ်ယူမည့် အောက်ဖော်ပြပါ ယန္တရားနှင့်ပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါ၍ ဘဏ္ဍာရေးနှစ်တွင်း အချိန်မီပေးသွင်းနိုင်မည့် ပစ္စည်းလက်ဝယ်ရှိ ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Skid Steer Loader (2-3.5 Ton) (၁)စီး
(ခ) Attachment Planer (14") (၁)စုံ

**တင်ဒါပုံစံထုတ်ပေးမည့်ရက်** - ၁၅-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၂-၂၀၁၇ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(လမ်း/တံတား)
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တွင် အသုံးပြုရန်(110ccမှ 125cc )ဂျပန် Brandမော်တော်ဆိုင်ကယ် ၁၉၅၀ စီးဝယ်ယူရန် အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၉-၂-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၉-၃-၂၀၁၇ ရက် မွန်းလွဲ ၂နာရီ
**ဆက်သွယ်ရန် ဖုန်းနံပါတ်** - ၀၆၇-၄၃၁၁၈၀၊ ၄၃၁၁၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

### မြန်မာ့သစ်လုပ်ငန်း
### တာယာ၊ ဘက်ထရီ အဟောင်းများ
### လေလံတင်ရောင်းချရန် ကြော်ငြာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ရခိုင်ပြည်နယ်၊ သံတွဲ သစ်ထုတ်လုပ်ရေးဒေသ လက်အောက်ရှိ ဂွမြို့နယ်၊ သီတာကုန်းမြင့်မှအောက်ဖော်ပြပါ ပစ္စည်း ဟောင်းများအား လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) တာယာ - ၁၅၀ လုံး
(ခ) ဘက်ထရီ - ၂၆ လုံး

၂။ **လေလံတင်ရောင်းချမည့်နေရာ** - ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့

၃။ **လေလံတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၇-၂-၂၀၁၇ရက် နံနက် ၁၀း၀၀နာရီ

၄။ **လေလံလျှောက်လွှာနှင့်စည်းကမ်းချက်-ပုံစံရောင်းချမည့်ရက်နှင့်နေရာ** - ၁၅-၂-၂၀၁၇ရက်မှ ၂၆-၂-၂၀၁၇ရက်ထိ (ရုံးချိန်အတွင်း)၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဖုန်း-၀၄၃-၆၅၂၁၀

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ လေးထောင့်ကန် လမ်းမကြီး၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်(A-3)၊ အခန်း(၃၀၁) လေးလွှာကို လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်မော် ၁၃/လရန(နိုင်)၀၁၀၂၅၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးပိုင်ဝယ်ယူရန် တိုက်ခန်းဖိုးငွေ အချို့အဝက်ကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါတိုက်ခန်းနှင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုရှိလုံသော အထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်စေ့ရောက်လျှင် အရောင်းအဝယ်ကို အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီအေး(B.A(Eco;),R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၅)**
**အခန်း(၃၇)၊ ပထမထပ်၊ Strand Condominium,**
**မဟာဗန္ဓုလပန်းခြံ(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၁၃၅၈၇၆၊ ၀၉-၉၆၅၁၅၆၀၈၄**

### မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ (မင်းရပ်)ရပ်ကွက်၊ အနော်ရထာလမ်း သွယ်လေးနေ ဦးသောင်းရွှေ၏ သမီး မစန်းအိရွှေစင် ၇/လပတ(နိုင်) ၁၆၄၅၀၃၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၈-၁၉၉၈ ဖြစ်ပါသည်။ **မစန်းအိရွှေစင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ငပလီမြို့၊ ဂျိတ္တောရပ်ကွက်နေ ဦးရွှေတင်ဦး၏သား ဦးမောင်ချစ်ရွှေ ၁၁/ရဗန(နိုင်)၀၅၃၇၉၅နှင့် ဦးချစ်ဆွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ချစ်ရွှေ(ခ)ဦးချစ်ဆွေ**

### မိသားစုဝင်အဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ရပ်သစ်အုပ်စု၊ စိုင်ဂေါင်းကျေးရွာနေ ဒေါ်ပုခင်၏ ညီမ မလှဝင်း၇/ပခတ(နိုင်) ၀၂၁၆၁၈ သည် ညီအစ်ကိုမောင်နှမများ၏ ဆိုဆုံးမမှုများကို နားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် ၁၃-၂-၂၀၁၇ရက်မှစ၍ ညီအစ်ကိုမောင်နှမအဖြစ်မှ ရာသက်ပန် အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လည်း လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာ အပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**
**ညီအစ်ကိုမောင်နှမများနှင့် အုပ်ထိန်းသူ ဒေါ်ပုခင်**

# ပြင်ဦးလွင်မြို့အား တောင်စခန်းမြို့ပီပီ သန့်ရှင်းသာယာလှပအောင် လုပ်ကိုင်ဆောင်ရွက်သွားမည်

**ပြင်ဦးလွင် ဖေဖော်ဝါရီ ၁၄**

ပြင်ဦးလွင်မြို့သည် တောင်ပေါ်အပန်းဖြေစခန်းမြို့တစ်မြို့ ဖြစ်သည်နှင့်အညီ ပြည်တွင်း ပြည်ပဧည့်သည် အများအပြားလာရောက် လေ့လာလည်ပတ်လျက်ရှိသောကြောင့် မြို့တော်သန့်ရှင်းသာယာလှပရေးကို ရှေးရှုလျက် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ရှေ့လုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းပြောကြား ဆွေးနွေးသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာလင်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်စန်းက လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ မလိုလားအပ်သည့်ဆေးဝါးများ သုံးစွဲနေသည့် အခြေအနေများ၊ မြို့မဈေးကြီး အတွင်းအပြင် သန့်ရှင်းရေးကိစ္စနှင့် လမ်းဘေး ကျူးကျော်ဆိုင်များကိစ္စ၊ ဈေးကြီးပတ်လည် တစ်လမ်းမောင်း စနစ်ကျင့်သုံးရမည့်အခြေအနေ၊ မြို့ပေါ်ရပ်ကွက်များအတွင်း စည်းကမ်းမဲ့စွာ သမံတလင်းခင်းသည့် အခြေအနေများ၊ မြို့ပေါ်လမ်းမများ၌ မြင်မကောင်းရှိနေသည့် စီးပွားရေးကြော်ငြာဆိုင်းဘုတ်များ၊ ယာဉ်ကြောပိတ်ဆို့မှုဖြစ်အောင်ကား၊ ဆိုင်ကယ်များ ဝင်ထွက်သွားလာရပ်တန့်နေခြင်းကိစ္စများ၊ မြို့ပေါ်ရှိ ဂန္ဓာလမ်း၊ မြို့သစ်လမ်း၊ ကန်ပတ်လမ်း၊ ထောက်ပိုးပန်းခြံလမ်း ဝန်းကျင်ရှိ ကျူးကျော်ဆိုင်များကို ရှင်းလင်းဖယ်ရှားရေးကိစ္စများ၊ ဘူတာတိုက်တန်းနှင့် အားကစားတိုက်တန်း စနစ်တကျဖြစ်ပေါ်နိုင်ရေး၊ မြို့နယ်စည်ပင်နယ်နိမိတ်အတွင်း အများသုံးသန့်စင်ခန်းများ တည်ဆောက်ရေးကိစ္စ၊ ညဈေးတန်းနေရာအသစ် ချထားနိုင်ရေးကိစ္စ၊ အမှိုက်ကျင်းအသစ် ပြုလုပ်မည့်ကိစ္စများ၊ ရေမြောင်းနှင့် လမ်းများ စနစ်တကျပြုလုပ်မည့် ကိစ္စတို့ကို အကျယ်တဝင့် ဆွေးနွေးပြောကြားသွားခဲ့ကြောင်း သိရသည်။



အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပြီး သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဆင့်ပွား သင်တန်းဖွင့်လှစ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၄**

ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၃ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတင်နုက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းကို ဖေဖော်ဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ပြည်နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်း ၂၄ ဦးတို့အား လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု ဝန်ဆောင်မှုပေးခြင်း၊ ပြောင်းလဲမှု စီမံ ခန့်ခွဲခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အပြုအမူ၊ လုပ်ငန်းခွင်ဆိုင်ရာ ဆက်သွယ်ဆက်ဆံရေး၊ အဖွဲ့အစည်းဆိုင်ရာယဉ်ကျေးမှုခေါင်းစဉ်များ အဖြစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတကာတွင် လူ့စွမ်းအားအရင်းအမြစ် နောက်ကျခြင်းစီမံခန့်ခွဲမှုပညာ တာဝန်ယူမှု၊ တာဝန်ခံမှု နည်းနေသည့်အတွက်ကြောင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ဂျပန်စတိုင်ဆယ်ပြားဈေး လစဉ်ကျင်းပသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဂျပန်စတိုင် ဆယ်ပြားဈေးကို လစဉ်ကျင်းပသွားရန် စီစဉ်ထားကြောင်း မြန်မာ-ဂျပန်လူမှု စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဂျပန်စတိုင် ဆယ်ပြားဈေး ဆိုတာက ကျွန်တော်တို့ ပေးထားတဲ့ အမည်ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာတော့ Flea Market လို့ခေါ်ပါတယ်။ လစဉ်ပထမဆုံး တနင်္ဂနွေနေ့မှာ ကျင်းပလေ့ရှိပါတယ်။ မိမိသုံးနေတဲ့ ပိုလျှံတဲ့ပစ္စည်းလေးတွေကို ယူလာပြီး ပေါ့ပေါ့ပါးပါး ရောင်းချကြတာ ဖြစ်ပါတယ်။ အကျိုးအမြတ်အတွက် ရောင်းချတာမဟုတ်ပါဘူး။ ဂျပန်နိုင်ငံမှာ လုပ်တဲ့ ဓလေ့လေးကို ကျွန်တော်တို့ နိုင်ငံက ပြည်သူလူထုကို ချပြခြင်းဖြစ်ပါတယ်။ ဂျပန်နိုင်ငံက အလုပ်လုပ်ပြီး ပြန်လာကြတဲ့သူတွေရှိတယ်။ ပညာသင်ပြီး ပြန်လာတဲ့သူတွေလည်းရှိတယ်။ သူတို့တွေက ဒီလိုပွဲလေးတွေကို ပေါ့ပေါ့ပါးပါးရောင်းချတာဖြစ်လို့ လစဉ်ရောင်းချသွားဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးအေးကိုကိုက ပြည်သူ့ဥယျာဉ်၌ ပြုလုပ်သော တတိယအကြိမ် ဂျပန်စတိုင်ဆယ်ပြားဈေးရောင်းချပွဲတွင် ပြောကြားသည်။

အဆိုပါ ဂျပန်စတိုင်ဆယ်ပြားဈေးကို ဂျပန်နိုင်ငံမှထုတ်လုပ်သော ပစ္စည်းအများစု ရောင်းချခြင်းဖြစ်ကြောင်း၊ အဝတ်အထည်နှင့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းများကို ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ-ဂျပန် ဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် မြန်မာနိုင်ငံတွင်လူမှုရေးပရဟိတလုပ်ငန်းများကိုလည်း လုပ်ဆောင်နေသည့်အသင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ဆေးရုံများတွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ သွေးလှူဒါန်းခြင်းတို့ကို ၁၈ ကြိမ်ထက်မနည်း ဆောင်ရွက်ခဲ့ကြောင်း၊ မကြာမီ လူပေါင်း ၅၀၀ ကိုလည်း အသည်းရောင်အသားဝါ ဘီပိုးစီပိုးကာကွယ်ဆေးများ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-မြင့်မောင်စိုး ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ)ပညာရပ်တွင် တတိယဆုရရှိသည့် ခင်နှင်းရည်၊ ရန်ကုန်တက္ကသိုလ်၏ "သတင်းအတတ်ပညာနှင့် မြန်မာစာအသုံးအနှုန်းဆက်နွှယ်မှု" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။




ယင်းစာအုပ်သည် သတင်းအတတ်ပညာနှင့် မြန်မာစာဆက်နွှယ်မှုကို သတင်း၊ မြန်မာစာ၊ သတင်းအတတ်ပညာနှင့် မြန်မာစာအသုံးအနှုန်းဆက်နွှယ်မှုဟူ၍ အပိုင်းသုံးပိုင်းခွဲကာ လေ့လာတင်ပြထားသည့် စာအုပ်ဖြစ်သည်။ နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟု ဇောင်းပေးဖော်ပြလေ့ရှိသော ခေတ်သစ် မီဒီယာလောကတွင် ထိုစာအုပ်သည် သတင်းသမားများ သာမက သတင်းနှင့်နေထိုင်လျက်ရှိသော စာဖတ်သူပြည်သူများအတွက်ပါ ဆောင်ရန် ရှောင်ရန်မှအစပြု၍ အကျိုးရှိစေမည့် စာအုပ်ဖြစ်ပါသည်။ စာရေးသူသည် ထိုစာအုပ်ကို ပြုစုရာတွင် လက်တွေ့ သတင်းနယ်ပယ်ထဲသို့ ကိုယ်တိုင်ဝင်ရောက်ပြီး စနစ်တကျ လေ့လာကာတင်ပြထားသည်ဟု သိရသဖြင့် လက်တွေ့သတင်းလောကအတွက် များစွာထိရောက်စေမည့် စာအုပ် ဖြစ်သည်။

အဆိုပါရောင်းဈေးငွေကျပ် ၁၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅)သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၆၇-၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပွင့်တန်ဆာမြို့ သီတဂူစက္ခုဒါနဆေးရုံကြီး ဖေဖော်ဝါရီ ၁၈ ရက်တွင် စတင်ဖွင့်လှစ်မည်

**ပွင့်တန်ဆာ ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပွင့်တန်ဆာတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ကာ တည်ထောင်တော်မူသော သီတဂူစက္ခုဒါန ဆေးရုံကြီးကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဟု ကြေညာထားခဲ့သော်လည်း ဖေဖော်ဝါရီ ၁၈ ရက်သို့ ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သိရသည်။

မျက်စိစမ်းသပ်မည့်ရက်ကိုလည်း ဖေဖော်ဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ ပြောင်းလဲသတ်မှတ်ကာ ယင်းရက်များတွင် မျက်စိဝေဒနာရှင်များအား သီတဂူကမ္ဘာ့သာသနာပြုအဖွဲ့ ပါမောက္ခ ဒေါက်တာမြအောင် ဦးဆောင်သော သီတဂူမျက်စိအထူးကုဆရာဝန်အဖွဲ့က အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှုများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သီတဂူ စက္ခုဒါနဆေးရုံတော်ဖြစ်မြောက်ရေးကော်မတီထံမှ ထပ်မံသိရသည်။

သီတဂူစက္ခုဒါနဆေးရုံတော်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သီတဂူအထူးဓမ္မသဘင်တရားပွဲများကိုလည်း သီတဂူစက္ခုဒါနဆေးရုံအတွင်း ယခင်ကြေညာထားသည့်အတိုင်း တရားတော်များဟောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ဂွမြို့၌ ပြည်ထောင်စုနေ့အခမ်းအနားကျင်းပ

**ဂွ ဖေဖော်ဝါရီ ၁၄**

နှစ် (၇၀)မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က ဂွမြို့ စည်ပင်သာယာရေးပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော ပြည်ထောင်စုနေ့သဝဏ်လွှာကို ဖတ်ကြားပြီးနောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ထို့နောက် နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲများအဖြစ် ရခိုင်ရိုးရာလှေပြိုင်ပွဲနှင့် ခေါင်းဦးရိုက်ပွဲများကို ဆက်လက်ကျင်းပပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ပြည်ထောင်စုနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ဈေးများအကျိုးဆောင် ရွှေတချောင်း

**ဆူးငှက်**

ရှားတောင့်ရှားပါး လက်ကျန်အဖြစ် အုန်းမောင်းခေါက်သံကို ခပ်ဝေးဝေးဆီမှ သဲ့သဲ့ကလေး ကြားလိုက်ရပြီးနောက် ထုံးဘူးတန်းတစ်ဝိုက်တွင် ဈေးကားသံတွေ ဝက်ဝက်ကွဲမျှ ဆူညံလာတော့သည်။ သန်းခေါင်ကတည်းက တောင်ပေါ်မှ ဆင်းလာသည့် ပန်းကားများလည်း ပါသည်။ ပုလိပ်၊ မြစ်ငယ်ဘက်ဆီက ကုန်စိမ်းကားများလည်း ပါသည်။ အရှေ့တောတစ်ဝိုက်က ဈေးကားများလည်း ပါသည်။ မတ္တရားကားများလည်း ပါသည်။ ဟွန်းသံ၊ အင်ဂျင်သံ၊ အိတ်ဇောသံ၊ လူသံ၊ ခေါ်သံ၊ အော်သံ၊ ဆူသံ၊ ဟစ်သံ၊ ရယ်သံ၊ ငေါက်သံ၊ ညည်းသံ၊ ဆဲသံ.... ဆူလို့သာ ညံတော့သည်။

အဆိုးဆုံးက ထော်လာဂျီအသံများပင်ဖြစ်၏။ အင်ဂျင်သံက ဆောင့်ငင်၊ ဆောင့်ငင်ပေါက်ကွဲထွက်နေ၏။ သူ့အသံက ဘယ်သူ့မှ ဂရုစိုက်စရာ မလိုဘူး။ ဘယ်သူ့မျက်နှာမှ ကြည့်စရာ မလိုဘူး။ ငါ့အလုပ်ပြီးဖို့ အဓိကဆိုသည့် စရိုက်မျိုး၊ ကြောင်ဖြူဖြူ ကြောင်မည်းမည်း ကြွက်သေဖို့အဓိကဆိုသည့် စရိုက်မျိုး ဖြစ်သည်။ ထော်လာဂျီကို ယခင်က မမြင်ဖူး။ လွန်ခဲ့သော ငါးနှစ်ခန့် နယ်စပ်ကုန်သွယ်ရေးတွေ ခေတ်စားလာမှ ထော်လာဂျီတွေ ပြည်တွင်းမှာ ပြုဆင်းလာခြင်းဖြစ်သည်။

ထော်လာဂျီက စရိတ်စကနည်းပြီး အလုပ်တွင်ကျယ်မှုကြောင့် မြန်မာ့ဈေးကွက်တွင် နေရာရလာသည်။ အရုဏ်တက်စကတည်းက ထုံးဘူးတန်းမှာ တစ်ဆို့နေသော ယာဉ်အမျိုးမျိုးသည် နေထန်းတစ်ဖျားရောက်သည်အထိ မကွဲသေး။

ကုန်ကားကြီးတွေ၊ ဘတ်စ်ကားတွေ၊ ဒိုင်နာတွေ၊ ပစ်ကပ်တွေ၊ ချက်ပလက်ခေါင်းတိုယာဉ်တွေ၊ ထော်လာဂျီတွေ၊ သုံးဘီးတွေ၊ နောက်တွဲပါ ဆိုင်ကယ်ကလည်း တစ်စီးစ၊ နှစ်စီးစ။ ဆိုက်ကားတွေ၊ မြင်းလှည်းတွေ၊ စက်ဘီးတွေ အဆင်ပြေသလို၊ လည်သလို နားလည်မှုနှင့်ကိုယ့်ခရီး ကိုယ်ဆက်ကြပေရော့။

အထူးသဖြင့် မဟာသကျသီဟ ဘုရားတံတိုင်းပတ်ပတ်လည်မှ တိုးချဲ့ဈေးဆိုင်ခန်းအသစ်များက ဈေးကွက်ကြီးတစ်ခု ဖြစ်နေလေတော့။ သည်နေရာတစ်ဝိုက်မှာ အမြဲလိုလို စည်ကားနေတော့သည်။ ဆန်ဆိုင်၊ ကြိုးဆိုင်၊ ဓာတ်မြေသြဇာဆိုင်၊ ပိုးသတ်ဆေးဆိုင်၊ ထမင်းဆိုင်၊ ကောက်ပဲသီးနှံပွဲရုံများနှင့် တကယ့်ဈေးကြီးအသွင် ဖြစ်နေတော့သည်။ မဟာသကျသီဟ ဘုရား၏တောင်ဘက်၊ အရှေ့ဘက်၊ မြောက်ဘက် ဘက်သုံးဘက်မှာက တကယ့်ဈေးတန်းကြီး။ အနောက်ဘက်မျက်နှာမှာတော့ အလယ်တန်းကျောင်း တစ်ကျောင်းရှိ၏။ ဤကျောင်းကား ယခင်က ဘုရားတံတိုင်းမြောက်ဘက် ကပ်လျက်ရှိသော မူလတန်းကျောင်းလေးမှ ရွှေ့ပြောင်းအဆင့်မြှင့်ထားခြင်း ဖြစ်သည်။ မူလတန်းကျောင်းလေးကို 'ဦးလုဝင်း' ကျောင်းဟု ခေါ်သည်။ ဆရာကြီး ဦးလုဝင်းမှာ ထိုကျောင်းလေးနှင့် မျက်နှာချင်းဆိုင်၊ လမ်း ၃၀ ၏ မြောက်ဘက်တန်းမှာ နေထိုင်သည်။ ဆရာကြီး၏ တင်းကျပ်သော စည်းကမ်းနှင့် အသင်အပြမှာ နာမည်ကြီးလှသည်။

မန္တလေးမှာ ဆရာကြီး ဦးလုဝင်း၏ တပည့်များကားမရှား။ ကျွန်တော်၏ အစ်ကိုအစ်မများပင် ဆရာကြီး ဦးလုဝင်း၏ တပည့်များ ဖြစ်ခဲ့ဖူးသည်။ ကဗျာဆရာ၊ ရှေ့နေကြီး တက္ကသိုလ်မောင်ထွန်းဝေကလည်း ဆရာကြီးဦးလုဝင်း၏တပည့်ဟုဆို၏။ ကျွန်တော်ခပ်ရေးရေးမှတ်မိနေတာက လက်ထဲမှာ ကြိမ်လုံးတစ်လုံးအမြဲကိုင်ထားသော ဆရာကြီး၏ ရုပ်ပုံလွှာပဲဖြစ်သည်။ မာဖလာလေးတစ်ထည်ကိုလည်း လည်ပင်းမှာ ပတ်ထားတတ်သည်။

ဘုရားတံတိုင်းဘေးမှာ ကပ်ပြီး ဝါးကပ်မိုး၊ ဝါးကပ်ကာ စာသင်ခန်းတဲရှည်ကြီးရှိသည်။ နှစ်တစ်လက်မတန်းတွေနဲ့ ကာထားသောကျောင်းဝင်းလေးက ပြောင်လင်းသန့်ရှင်းနေတာ အမြဲဖြစ်သည်။ ဆရာကြီးကလည်း တော်တော်အသက်ရှည်ပါသည်။ ထို့နောက် မူလတန်းကျောင်းလေးကို မူလနေရာမှ ပိုမိုကျယ်ဝန်းသော သကျသီဟဘုရားအနောက်ဘက်၊ ဘုရားတံတိုင်းနှင့် ရွှေတချောင်းကြား မြေကွက်လပ်ကြီးသို့ ပြောင်းရွှေ့လိုက်၏။ ဆရာကြီး၏ တပည့်များက လုပ်ငန်းရှင်ကြီးတွေများသောကြောင့် မကြာမီ အုတ်တိုက်နှစ်ထပ်စာသင်ဆောင်ကြီးတွေပေါ်ပေါက်လာတော့သည်။ ယခုတော့ အလယ်တန်းကျောင်းကြီးပင်ဖြစ်လို့နေတော့သည်။

တကယ်တော့ မဟာသကျသီဟဘုရားကြီးကား မန္တလေးမြို့လယ်ကောင်ရှိ အဆင့်မြင့်လှပသော ဗိသုကာဖြင့် မွမ်းမံထားသည့် အာလိန်သုံးဆင့် အုတ်ပလ္လင်အမြင့်ခံ ဂန္ဓကုဋိတိုက်နှင့် ပူဇော်ထားသော ပဥ္စလောဟာရုပ်ပွားတော်မြတ်ကြီး ဖြစ်သည်။ မင်းတုန်းမင်းသားအိမ်ရှေ့စံဘဝက နေထိုင်ခဲ့သော အိမ်တော်ရာတွင် ဘုရားတည်ထားခြင်း ဖြစ်သည်။ ရုပ်ပွားတော်မြတ်ကြီးကို ၁၁၈၈ ခုနှစ်၊ ဘကြီးတော်ဘုရားလက်ထက်တွင် အဝရွှေနန်းတော်၌ သွန်းလုပ်ခဲ့သည်။ ပဥ္စလောဟာကြေးချိန် တစ်သောင်းခြောက်ထောင်ကျော်ဖြင့် သွန်းလုပ်၏။ အမြင့်ကိုးတောင်နှစ်မိုက်ရှိသည်။ ဘကြီးတော်လက်ထက်က မဟာသကျသီဟ ရုပ်ပွားတော်ကို အဝရွှေနန်းတော်အနီး လေးထပ်ကျောင်းရာဟောင်း၌ ဘုံခုနစ်ဆင့်နှင့်ကိုးကွယ်သည်။

ပုဂံမင်းလက်ထက်ရောက်သောအခါ အမရပူရမြို့တော်သို့ ပင့်ဆောင်၍ တောင်သမန်အရပ်၌ တည်ထားကိုးကွယ်၏။ သီပေါမင်းလက်ထက် ၁၂၄၆ ခုနှစ်တွင် မန္တလေးသို့ လူပေါင်း ၃၅၀၀ ကျော်ဖြင့် ၁၉ ရက်တိုင် အချိန်ယူပင့်ဆောင်ခဲ့ကာ လက်ရှိနေရာတွင် တည်ထားကိုးကွယ်ခဲ့လေသည်။ မြင့်မားသော ကုန်းတော်ကြီးသဖွယ် တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်တော်ကြီးပေါ်သို့ ပင့်ဆောင်ရာတွင် ပြင်သစ်စက်ဆရာဘုံဘီလန်း၊ လက်ထောက်ဆရာဘလန်း၊ မြန်မာဗိသုကာ မောင်းထောင်ရွှာစား နေမျိုးသိဒ္ဓိတို့က တာဝန်ယူဆောင်ရွက်ကြရသည်ဆို၏။

မဟာသကျသီဟဘုရားဝင်းအတွင်း အရှေ့တောင်ထောင့်အရပ်ရှိ ရန်အောင်မြင်ရုပ်ပွားတော်မှာ ညအချိန် ဘုရားဖူးသူများနှင့် စည်ကားလှသည်။ ထို့အပြင် မဟာသကျသီဟဘုရားဝင်း စနေထောင့်ရှိ ဗန္ဓုလဓမ္မာရုံကြီးနေရာတွင် ယခင်က မန္တလေးမြို့၏ဘာသာရေး၊ နိုင်ငံရေးများတွင် တစ်ခန်းတစ်ကဏ္ဍ ပါဝင်ခဲ့သည့် အုတ်တိုက်ဇရပ်ကြီး ရှိခဲ့ဖူးကြောင်း မှတ်သားရပါသည်။ ၁၂၆၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့က စတင်တည်ထောင်ခဲ့သည့် ပရိယတ္တိသာသနဟိတအသင်းကြီး၏ ကျင်းပမြဲဖြစ်သော စာပြန်စာမေးပွဲသဘင်၊ စာစစ်စာမေးခန်းများ၊ သီးခြားစာချတန်းများ ကျင်းပရန်အတွက် ပရိယတ္တိဓမ္မသာလာ အုတ်ဇရပ်ကြီးတစ်ဆောင်ကို မဟာသကျသီဟဘုရား မဟာရာမ်တံတိုင်းအတွင်း စနေထောင့်၌ ၁၂၆၇ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

ကိုးခန်း၊ ခြောက်ခန်း ဓမ္မသာလာ အုတ်ဇရပ်ကြီးကို မော်လမြိုင်မြို့ထပ်ကေးကျောင်းဒကာကြီးများအနက် တစ်ဦးအပါအဝင်ဖြစ်သည့် ဦးသာညွှင်းက ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်၏။ အုတ်တိုက်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ထိုအုတ်တိုက်တွင် တတိယအကြိမ်မှစ၍ ၁၃၀၃ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည့်တိုင် စာမေးပွဲများကျင်းပခဲ့သောကြောင့် ပရိယတ္တိစာမေးပွဲအမည်မတွင်ဘဲ သကျသီဟ စာမေးပွဲဟု ထင်ရှားလူသိများလာသည်မှာ ယနေ့တိုင် ဖြစ်သည်။

ယင်းအုတ်တိုက်ဒကာကြီး ဦးသာညွှင်းမှာ ဝံသာနုခေါင်းဆောင်ကြီး ဦးချစ်လှိုင်၏ ဖခင်ကြီးဖြစ်၏။ စစ်ကြီးကြောင့် အုတ်တိုက်ကြီး ပြိုပျက်သွားသောအခါ ထိုနေရာတွင် ဗန္ဓုလသက်န်းတိုက်ပိုင်ရှင် ဦးဆိုင်နှင့်ဒေါ်စောတင်တို့က ယခုလက်ရှိ ဝေဇယန္တာဓမ္မာရုံကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ လေသည်။

သကျသီဟဘုရားဝင်းကြီး၏ အနောက်စောင်းတန်းတွင် မန္တလေးပန်းချီကျော် ဦးစောမောင်၊ ဆရာမြ စသူတို့၏ အာရုံခြောက်ပါး သရုပ်ဖော်ပန်းချီကားကြီးများလည်း ရှိသည်။ မန္တလေး၏ သာသနိက အဆောက်အအုံများတွင် မန္တလေးခေတ်ပန်းချီကျော်ကြီးများ၏ နံပါတ်တော်ကား အများအပြားရှိပါသည်။ သို့သော် ပြုပြင်ထိန်သိမ်းမှု မရှိသလောက်ဖြစ်ကာ ပန်းချီကားတန်ဖိုးကို သိသူနည်းပါးလှသဖြင့် ခေတ်ပန်းချီများဖြင့် အစားထိုးပစ်ကြမည်ကိုလည်း စိုးရိမ်ဖွယ်ရာ ဖြစ်ပေသည်။

အရာရောက်သူများ၊ တတ်နိုင်သူများက အသင်းအပင်းဖွဲ့စည်းကာ ထိုသို့သော ပန်းချီကားများကို ထိန်းသိမ်းရန် လတ်တလော ဆောင်ရွက်သင့်လှပေသည်။ စကားစပ်၍ ပြောရလျှင် မန္တလေး ရွှေကျီးမြင်ဘုရား အရှေ့စောင်းတန်းမှ ဆရာကြီး ဦးစောမောင်၏ ပန်းချီကားများတွင် 'မောင်စောမောင်' ဟူသော ဆရာကြီး၏သမိုင်းဝင် လက်မှတ်များကို ၁၉၉၀ ပြည့်ဝန်းကျင် နိုင်ငံတော်အကြီးအကဲတစ်ဦး ဘုရားဖူးမလာမီ နာမည်တူသည်ကို အကြောင်းပြကာ ဖျက်ထားသည်မှာလည်း ဝမ်းနည်းဖွယ်ပင် ဖြစ်တော့သည်။



၁၉၉၀ ပြည့်နှစ်ဝန်းကျင်က မန္တလေးကုန်စည်ဒိုင်

သကျသီဟဘုရား အနောက်ဘက်စောင်းတန်းနှင့် တည့်တည့်တွင် ရွှေတချောင်းကိုဖြတ်ပြီး ၈၆ လမ်းသို့ ပေါက်သော သစ်တံတားကြီးရှိသည်။ မန္တလေးမှာက ထိုသို့သော သစ်တံတားကြီးများက မန္တလေး၏ အမှတ်အသားဖြစ်၏။ ယခုတော့ ရှားပါးပျောက်ကွယ်ကုန်ပါပြီ။

သကျသီဟဘုရားအနောက်ဘက်တွင် ဓာတ်နန်းရပ်ရှိသည်။ မာလကာ ခြံရပ်ရှိသည်။ ဒီဘိုးဝင်း၊ ဒီဘိုးလမ်းရှိသည်။ အရောင်းအဝယ်လုပ်ငန်းဖွံ့ဖြိုးသော ဗမာရပ်ကွက်များဖြစ်သည်။ ပွဲရုံလုပ်ငန်း၊ ဆန်လုပ်ငန်း၊ ဂုန်နီအိတ်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ မန္တလေးပွဲရုံနှင့် ကုန်စည်လုပ်ငန်းများ၏ အချက်အချာနေရာဖြစ်သောကြောင့် ဤနေရာတစ်ဝိုက် ရွှေတချောင်းဘေးတွင် မြို့တွင်းပြေးဆွဲသော ခေါက်တိုကားဂိတ်များ ရှိသည်။ မန္တလေးမြို့၏ မြို့တွင်းကုန်စည်ပို့ဆောင်ရေးမှာ ယခင်က နွားလှည်းများကိုသာ အသုံးပြုခဲ့ကြသည်က နှစ်ကာလကြာရှည်ခဲ့ကြ၏။

နောက်တော့ ပြောင်းလဲတိုးတက်လာသော မြို့ပြအနေအထားများကြောင့် ခေတ်နောက်ကျနေသည့် နွားလှည်းများ၏ ကဏ္ဍက နည်းပါးသွားလေသည်။ ထို့နောက် အဝေးပြေးကားဂိတ်များကို မြို့တွင်းမှ ရွှေ့ပြောင်းစေကာ သီးခြားရပ်နားစခန်းကြီးများ ဖွင့်လှစ်လိုက်ခြင်း၊ ကျွဲဆည်ကန်ပွဲရုံတန်းအသစ်ဖွင့်လှစ်လိုက်ခြင်းတို့ကြောင့် မြို့တွင်းကုန်စည်ပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုပမာ နေ့ချင်းညချင်း ကြီးထွားလာတော့သည်။

ထိုအခါ မြို့တွင်းပြေး ကုန်စည်သယ် ခေါက်တိုကားအသင်းများလည်း ပေါ်ပေါက်လာတော့သည်။ ထိုကားအသင်းများ၏ ပင်မဂိတ်များကား ၈၆ လမ်း ၃၁/၃၂ လမ်းကြား ရွှေတချောင်းဘေးဖြစ်သည်။ ထိုနေရာတွင် မန္တလေး၏ နာမည်ကျော် ပွဲစားတန်းကုန်သည်နှင့် စက်ပိုင်များ ကထိန်တော်အသင်းကြီး တည်ရှိသည်။ မန္တလေးသားများက ကုန်စည်ဒိုင်ဟုပဲ ခေါ်ကြပါသည်။

မန္တလေးတွင် အခိုင်မြဲဆုံး၊ သိက္ခာသမာဓိရှိသော အသင်းကြီးလည်း ဖြစ်ပါသည်။ စည်းမျဉ်းစည်းကမ်း ဖွဲ့စည်းပုံများဖြင့် ၁၉၃၀ ပြည့်နှစ်ကတည်းက စနစ်တကျ ဖွဲ့စည်းထားသော အသင်းကြီးဖြစ်၏။ ဥပုသ်နေ့မှလွဲ၍ နေ့စဉ်မန္တလေးရှိ ပွဲစားကုန်သည်စက်ပိုင်များက 'ဒိုင်ဆင်း' ကာ တစ်နေ့တာအရောင်းအဝယ်လုပ်ငန်းများ ဈေးဖြတ်၊ ဈေးပေး၊ ရောင်းဝယ်ကြသဖြင့် ကြိတ်ကြိတ်တိုး စည်ကားလှပါသည်။ မန္တလေး၏ ဘာသာရေး၊ လူမှုရေးများတွင် ခေတ်အဆက်ဆက် ရှေ့တန်းမှ ပါဝင်ခဲ့သော အသင်းကြီး ဖြစ်၏။

အခုတော့ ထိုအဆောက်အအုံကြီးမှာ မူလပိုင်ရှင်ပွဲစား၊ ကုန်သည်နှင့်စက်ပိုင်များ ကထိန်တော်အသင်းကြီး လက်ဝယ်ရောက်ရှိခဲ့သည်။ ကုန်စည်ဒိုင်နှင့် မျက်နှာချင်းဆိုင်မှာ ယခင်က ရုပ်စုံသစ်သားတံတားကြီး ရှိခဲ့ဖူး၏။ ကိုးတာတံတားဟုခေါ်သည်။ ကိုးတာရပ်ကွက်ဟုလည်း ထိုနေရာကို ခေါ်သည်။ 'ကိုးတာ' သည် မန္တလေးမှာ နာမည်ကြီး၏။ လူကြီးသူမများက ကိုးတာကို နာမည်ကျော် 'ကိုးတာမီး' ကြီးနှင့်တွဲ၍ မှတ်မိနေကြသည်။

မန္တလေးမြို့တွင် ၁၂၇၂ ခုနှစ်က ကိုးတာရပ်မှ စပြီး မန္တလေး အနောက်ပြင်ရပ်ကွက်ပေါင်းများစွာကို လောင်ကျွမ်းပြာဖြစ်စေခဲ့သည့် မီးကြီးကို 'ကိုးတာမီး' ဟုခေါ်ကြ၏။ ကိုးတာမီးကြီးတွင် လူနေရပ်ကွက်များ သာမက ဘုရားပရိဝုဏ်များအတွင်းက တန်ဆောင်း၊ ဇရပ်တွေပါ ပြာဖြစ်ကြရလေသည်။ လူအသေအပျောက်များကလည်း များစွာရှိသည်ဆို၏။


မဟာသကျသီဟဘုရားကြီး၏ တောင်ဘက်အလျားသုံးပြုံ၊ အနံတစ်ပြုကျယ်သော အကွက်ကြီးကို မလွန်ဈေးရပ်ကွက်ကြီးဟု ခေါ်ပါသည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# (၉၄)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲကြီး ကျင်းပမည်

**ညောင်တုန်း ဖေဖော်ဝါရီ ၁၄**

(၉၄)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ(ညောင်တုန်း)သုဓမ္မာ ပရိယတ္တိ ပထမပြန်စာမေးပွဲကြီးနှင့် ဗုဒ္ဓပူဇနိယ ဓမ္မသဘင်စာအောင်လက်မှတ် ဆက်ကပ်ပူဇော်ခြင်းအခမ်းအနားကို ညောင်တုန်းမြို့ သုဓမ္မာအသင်းတိုက်၊ မဏ္ဍပ်ကြီးတွင် ဖေဖော်ဝါရီ ၂၂ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ သုဓမ္မာပရိယတ္တိ ပထမပြန်စာမေးပွဲကြီးတွင် ဓမ္မာစရိယစာချတန်းတွင် သုံးပါး၊ ပထမကြီးတန်းတွင် ၄၁ ပါး၊ ပထမလတ်တန်းတွင် ၄၅ ပါး၊ ပထမငယ်တန်းတွင် ၈၂ ပါး၊ အခြေပြုမူလတန်းတွင် ၂၉ ပါး စုစုပေါင်း စာဖြေသံဃာ ၂၀၉ ပါးဝင်ရောက် ဖြေဆိုတော်မူကြသည်။

အဆိုပါ စာမေးပွဲကြီးသို့ မြန်မာပြည်အရပ်ရပ်မှ သာသနာ့ ဓမ္မသံဃာတော်များနှင့် သီလရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ကြပ်မတ် စစ်ဆေးသော စာမေးပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဓမ္မာစရိယစာချတန်း၊ အကြီးတန်း၊အလတ်တန်း၊အငယ်တန်း၊ မူလတန်း စာမေးပွဲအောင်စာရင်းများကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၆ နာရီတွင် အောင်စာရင်းထွက်ရှိပြီး ဓမ္မသဘင်စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက် ည ၇နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# ဓာတ်အားလိုင်းစီမံကိန်းများမှ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ၆၆ ကေဗွီဓာတ်အားကို လိုင်းစီမံကိန်းများဖြစ်သည့် မိုင်းနောင်- ကျေးသီး၊ မိုင်းနောင်- မိုင်းရှူး၊ ချောင်းကူး-ပေါက်နှင့် ပေါက်-မင်းတပ် ဓာတ်အားလိုင်းများနှင့် ၆၆ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်သည့် ကျေးသီး၊ မိုင်းရှူး၊ ပေါက်(သရက်တော)နှင့် မင်းတပ် ဓာတ်အားခွဲရုံများကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းများအနက် ၆၆ ကေဗွီဓာတ်အားလိုင်းစီမံကိန်းများဖြစ်သည့် မိုင်းနောင်-ကျေးသီး ဓာတ်အားလိုင်းစီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း ကျေးသီးမြို့နယ်ရှိ ၂၈ ဒသမ ၁၉ မိုင်ရှည်လျားသော ဓာတ်အားလိုင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဓာတ်အားပို့လွှတ်နေပြီဖြစ်ပြီး ကျေးသီးမြို့နယ်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာကိုးရွာ ၊ အိမ်ခြေ ၅၄၆ အား ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း၊ မိုင်းနောင်- မိုင်းရှူး ဓာတ်အားလိုင်းစီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ မိုင်းရှူးမြို့နယ်ရှိ ၃၅ ဒသမ ၅ မိုင်ရှည်လျားသော ဓာတ်အားလိုင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ဓာတ်အားပို့လွှတ်နေပြီဖြစ်ပြီး မိုင်းရှူးမြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများအား ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်ရှိ ချောင်းကူး-ပေါက်ဓာတ်အားလိုင်း စီမံကိန်းသည် ၃ ဒသမ ၅၉ မိုင်ရှည်လျားသော ဓာတ်အားလိုင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၉ ရက်က ဓာတ်အားပို့လွှတ်နေပြီဖြစ်ပြီး ပေါက်မြို့နှင့် အနီးပတ်ဝန်းကျင်ဒေသများရှိ ကျေးရွာကိုးရွာ အိမ်ခြေ ၁၂၀၄ ကို ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မည်ဖြစ်သည်။ ပေါက်-မင်းတပ် ဓာတ်အားလိုင်း စီမံကိန်းသည် ချင်းပြည်နယ် မင်းတပ်မြို့ရှိ ၃၅ မိုင် ရှည်လျားသော ဓာတ်အားလိုင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် စီမံကိန်းစတင်ခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဓာတ်အားပို့လွှတ်နေပြီဖြစ်ပြီး မင်းတပ်မြို့ပေါ်ရပ်ကွက် လေးခု၊ အိမ်ခြေ ၁၈၆၉ အား ဓာတ်အားစနစ်မှ ဓာတ်အား ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ပင်လယ်ပြင်လုပ်သက်မရှိသော်လည်း သင်္ဘောအင်ဂျင်နီယာဖြစ်နိုင်ပြီ

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ထားသော ဘွဲ့ရရှိထားသူများအနေဖြင့် ပင်လယ်ပြင်လုပ်သက် တစ်နှစ်မရှိသော်လည်း သတ်မှတ် သင်တန်းတက်ရောက်ပြီးပါက နိုင်ငံတကာ သင်္ဘောများပေါ်တွင် သင်္ဘောအင်ဂျင်နီယာ ဖြစ်နိုင်သည့် အခွင့်အလမ်းရှိပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

အဆိုပါသင်္ဘောကျင်း၌ ဖေဖော်ဝါရီ ၉ ရက်က သင်္ဘောသားများအတွက် လျှပ်စစ်နှင့် နည်းပညာဆိုင်ရာသင်တန်း တစ်ခုဖြစ်သည့် Electro Technical Rating Wordship Skill Course အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာ ဌာနမှူး ဒုတိယအထွေထွေမန်နေဂျာ ဦးဝင်းကိုကိုက အထက်ပါအတိုင်း ပြောခဲ့ခြင်းဖြစ်သည်။

"ပြီးခဲ့တဲ့သင်တန်း အမှတ်စဉ်(၁)မှာ ဆိုင်ရင် Sea Service လို့ခေါ်တဲ့ ပင်လယ်လုပ်သက် တစ်နှစ်ရှိမှ တက်ရောက်ခွင့်ပြုပါတယ်။ အခုသင်တန်းကစလို့ ပင်လယ်ပြင်လုပ်သက် တစ်နှစ်ရှိစရာမလိုဘဲ တိုက်ရိုက်တက်ရောက်ခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်။"ဟု ၎င်းက ဆက်လက်ပြောသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၃.၈.၂၀၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ စက်မှုဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားရေး စနစ်တစ်ခုဖြစ်သော လျှပ်စစ်နည်းပညာ သင်္ဘောသားတတ်ကျွမ်းမှုလက်မှတ် စာမေးပွဲဖြေဆိုရန်သင်တန်းအတွက် စက်မှုအထက်တန်း THS (Electrical or Electronic) လက်မှတ်ရရှိသူများ၊(AGTI) (Elect-rical or Electronic) ဒီပလိုမာရရှိသူများ ၊ B.Tech(Electrical or Electronic) ဘွဲ့ရရှိသူများနှင့် B.Sc (physics ) ဘွဲ့ရရှိသူများအား အပြည်ပြည်ဆိုင်ရာသွားသင်္ဘောသားများ၏စက်ခန်းတွင် အတည်ပြု ပင်လယ်ပြင် လုပ်သက်တစ်နှစ်ရှိမှ တက်ရောက်ခွင့်ပြုခဲ့သော်လည်း ယခုအခါ ပြောင်းလဲကျင့်သုံးမည့် လျှပ်စစ်နည်းပညာ သင်္ဘောသားတတ်ကျွမ်းမှု လေ့ကျင့်သင်ကြားရေးစနစ်အရ အထက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား (၉.၉.၂၀၁၆)ရက်နေ့မှစပြီး အတည်ပြု ပင်လယ်လုပ်သက်ရယူခြင်းမပြုမီ တိုက်ရိုက်တက်ရောက်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းကို တက်ရောက်ပြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြုလုပ်သော စာမေးပွဲများကို ဖြေဆို အောင်မြင်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာ သင်္ဘောများပေါ်တွင် သင်္ဘောအင်ဂျင်နီယာများအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ယခင်က သိမ်ဖြူသင်္ဘောကျင်းတွင် လက်တွေ့ကိုသာ ဦးစားပေးပြီး သင်ကြားသည့်အတွက် စာတွေ့ပိုင်းတွင် အားနည်းခဲ့ကြောင်း၊ ထို့ကြောင့်လည်း ခေတ်မီသင်္ဘောလျှပ်စစ်ပိုင်း နည်းပညာများ တိုးတက်လာချိန် နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နိုင်သည့် မြန်မာသင်္ဘောများ အင်ဂျင်နီယာများ ခါးဆက်ပြတ်သွားခဲ့ကြောင်း၊ ယခု ကမ္ဘာ့ရေကြောင်းအဖွဲ့ချုပ်(International Marine Organization IMO)၏ စည်းမျဉ်း၊ စည်းကမ်းများ၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ လက်တွေ့ပိုင်းသာမက စာတွေ့အပိုင်းပါ သင်ကြားပေးခြင်းဖြစ်၍ နောက်ပိုင်းတွင် နိုင်ငံတကာ သင်္ဘောများပေါ်တွင် အရည်အချင်းပြည့်ဝသော မြန်မာသင်္ဘောသား အင်ဂျင်နီယာများ ပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း၊ ယခုအပတ်စဉ်တွင် သင်တန်းသား ၃၃ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ခြောက်လကြာမည်ဖြစ်ကြောင်း၊ နာရီပေါင်း ၈၇၀ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။



**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အညာဖရဲသီး ဈေးကောင်း၍ တောင်သူများအဆင်ပြေ

**ကသာ ဖေဖော်ဝါရီ ၁၄**

ယခုအခါ အထက်အညာဒေသတွင် တောင်သူများစိုက်ပျိုးထားသည့်ဖရဲသီးများမှာ ဝယ်လိုအားကောင်းလာပြီး နယ်စပ်(မူဆယ်)သို့ တင်ပို့ရောင်းချသူများပြားလာသဖြင့် ဖရဲစိုက်ပျိုးသည့် တောင်သူများအဆင်ပြေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မြေနုကျွန်းပေါ်များတွင် ဖရဲစိုက်ခင်းများကို ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလာကြကာ နယ်စပ်ဒေသဘက်မှ လာရောက်စိုက်ပျိုးကြသည့် တောင်သူများလည်းရှိကြောင်း ဒေသခံတစ်ဦးကပြောသည်။ ယင်းနယ်စပ်ဒေသဘက်မှ လာရောက်လုပ်ကိုင်ကြသည့် တောင်သူများမှာ တရုတ်လူမျိုးများနှင့် ရှမ်းတရုတ် တောင်သူများဖြစ်ကြောင်း ၎င်းက ပြောသည်။

အဆိုပါ နယ်စပ်ဒေသဘက်မှလာရောက်လုပ်ကိုင်ကြသည့် တောင်သူများသည် ဒေသခံတောင်သူများထံမှတစ်ဆင့် မြေငှား၍လည်းကောင်း အစုကောက်ယူ၍ လည်းကောင်း ဖရဲစိုက်ပျိုးသည်ဟုပြောသည်။

ဖရဲစိုက်တောင်သူ တစ်ဦးက"ကျွန်တော်တို့ဆီမှာ ဖရဲစိုက်ပျိုးတဲ့တောင်သူတွေက စိုက်ပျိုးပုံစိုက်ပျိုး နည်းတွေ လိုအပ်နေသေးတဲ့အတွက် သူတို့လာစိုက်တော့ သူတို့ဆီကနေပြီး စိုက်ပုံစိုက်နည်း၊ ပြုစုပုံပြုစုနည်းတွေကို လေ့လာရတဲ့အပေါ်မှာမူတည်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိမည့်လုပ်ငန်းတွေကို လုပ်လို့ရတယ်။ အရေးကြီးတာက ဈေးကွက်ပါပဲ။ ဈေးကွက်ကို ကျွန်တော်တို့က လက်လှမ်းမမီဘူး။ သူတို့က နယ်စပ်ဘက်ကနေပြီး လာရောက် လုပ်ကိုင်တဲ့သူတွေဆိုတော့ ဖရဲဈေးကွက်ကို ကောင်းကောင်းသိတယ်။ သူတို့ကိုမှီပြီး နယ်စပ်ကိုတင်ပို့လို့လည်းရတယ်။ ခုတော့ ဒီမှာတင်ဖရဲဈေးက တစ်လုံးကို တစ်ထောင်ကျော်ရှိတယ်။ ဒီနှစ် ဖရဲသီးဈေးက တောင်သူတွေအတွက် မဆိုးပါဘူး"ဟု ပြောသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်ရှိ ရှမ်းကျွန်း၊ ရွာသစ် ၊ အောက်သားစု ၊ ကျေးပင် ၊ အင်းရွာ ၊ ဒေါင့်ကြီး ၊ တုန်းပေါကျွန်း ၊ သုံးဆယ်ပေးနှင့်ထီးချိုင့် မြို့နယ်ထွက် ဖရဲသီးများမှာ ဝယ်လိုအားကောင်းမွန်လျက်ရှိပြီး မူဆယ်ဘက်သို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

**မောင်ငြိမ်းဝင့်**



# ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စု ယောစုကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက်က အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံသည် တိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများနှင့် အလှူရှင်စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်း ငွေကျပ်သိန်း၂၃၀ ဖြင့် ဆောက်လုပ်သော အလျား ၅၄ ပေ၊ အနံ ၂၇ ပေ၊ အမြင့် ၂၃ ပေရှိ RC နှစ်ထပ် သွပ်မိုးအဆောက်အအုံဖြစ်ပြီး ယောစုကျေးရွာနှင့် ဆက်စပ်ကျေးရွာများမှ ဒေသခံပြည်သူများ စာပေ ဖတ်ရှု၊ အသိပညာတိုးပွားကာ လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်လာစေရန် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ စာကြည့်တိုက်ဖွင့်ပွဲအထိမ်းအမှတ် စာဖတ်ရှုန်မြှင့်တင်ရေး စာပေဟောပြောပွဲများကိုလည်း ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ ရက် ညပိုင်းတို့တွင် ကျင်းပခဲ့ကြောင်း၊ စာအုပ်ရောင်းပွဲတော်ကို ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**

# ဘောလုံးအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**သံတောင်ကြီး ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး သံတောင်ကြီးမြို့နယ် ဘောဂလိမြို့တွင် နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘောလုံးအားကစားပြိုင်ပွဲကို ဘောဂလိမြို့ အားကစားကွင်းတွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိကျင်းပခဲ့ သည်။

အဆိုပါပြိုင်ပွဲတွင် ဘောဂလိမြို့မှ ရပ်ကွက်အသင်းများ၊ ဌာနဆိုင်ရာအသင်းများ၊ လုံခြုံရေးတာဝန်ယူထားသော နယ်မြေခံတပ်မှ ပြိုင်ပွဲဝင်အသင်းများ စုစုပေါင်း ၆ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ဘောလုံးပြိုင်ပွဲသို့ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုများအား အားပေးခဲ့ပြီး ဆုရရှိသည့်အသင်းများကို ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မန်စီးတီးမှာ မသေချာမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ အဂူရို

ဒီနှစ်ရာသီပြီးနောက် တိုက်စစ်မှူး အဂူရိုဟာ မန်စီးတီးအသင်းမှာ ဆက်လက်ကစားဖို့ မကစားဖို့ဆိုတာ မသေချာတော့ကြောင်း နည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ တိုက်စစ်မှူး အဂူရိုဟာ ဂါဘရီရယ် ဂျီးဆက်ကို စာချုပ်ပြီးကတည်းက နှစ်ပွဲဆက်တိုက် အရန်ခုံမှာ ထိုင်ခဲ့ရပါတယ်။ တိုက်စစ်မှူး အဂူရိုကို ဆက်လက်ခေါ်ယူထားဖို့ ဆန္ဒရှိနေတယ်လို့ ဂွာဒီယိုလာကဆိုပါတယ်။ အာဂျင်တီးနားတိုက်စစ်မှူး အဂူရိုဟာ ယခုနှစ်ရာသီမှာ ဂိုးအများဆုံးသွင်းတဲ့ တိုက်စစ်မှူးဖြစ်ဖို့ ခက်ခဲသွားပြီလို့ နည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။ အဂူရိုဟာ ၂၀၁၁ ခုနှစ်က မန်စီးတီးကို ရောက်လာပြီးနောက် ဂိုးပေါင်း ၁၅၄ ဂိုးသွင်းယူပေးခဲ့သူဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာတော့ ၁၈ ဂိုးအထိ သွင်းယူပေးနိုင်ပါတယ်။ မန်စီးတီးအသင်းဟာ လာမယ့် သုံးပွဲမှာ ပွဲကျပ်တွေ ကစားရဖို့ ရှိပါတယ်။ ဘုန်းမောက်နဲ့ ကစားမယ့် ပရီမီယာလိဂ်ပွဲ၊ ဟွတ်ဒါဖီးနဲ့ ကစားမယ့် အက်ဖ်အေဖလားပွဲနဲ့ ဖေဖော်ဝါရီ ၂၁ ရက်မှာ မိုနာကိုနဲ့ ကစားမယ့် ချန်ပီယံလိဂ်ပွဲ တွေပဲ ဖြစ်ပါတယ်။



# စာချုပ်သစ်ချုပ်ဆိုဖို့ လိုလားနေတဲ့ မန်ယူတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်

မန်ယူမှာ စာချုပ်သစ်ချုပ်ဆိုလိုတဲ့ ဆန္ဒရှိကြောင်း တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်က ပြောဆိုလိုက်ပါတယ်။ အသက် ၃၅ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ပြီးခဲ့တဲ့ နွေရာသီက မန်ယူကို ရောက်ရှိလာခဲ့ပါတယ်။ သူဟာ မန်ယူနဲ့ တစ်နှစ်သာ စာချုပ်ခဲ့တာပါ။ ယခုနှစ်ရာသီမှာ မန်ယူအတွက် ဂိုး ၂၀ သွင်းယူပေးထားပါတယ်။ မန်ယူရဲ့ဂိုးအများဆုံး သွင်းယူထားသူအနေနဲ့ လာမယ့် ၂၀၁၇-၂၀၁၈ ရာသီမှာလည်း ဆက်လက်ကစားရလိမ့်မယ်လို့ ယုံကြည်ထားတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။ အီဘရာဟီမိုဗစ်ချ်ရဲ့ဂိုးတွေဟာ မန်ယူကို EFL ဖလားဗိုလ်လုပွဲ ရောက်အောင် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မန်ယူဟာ ဩဂုတ်လအတွင်းက ကွန်မြူနတီဒိုင်းကိုလည်း အီဘရာဟီမိုဗစ်ချ်ရဲ့ဂိုးနဲ့ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီအတွက် မန်ယူအနေနဲ့ လာမယ့်ရာသီမှာလည်း အီဘရာဟီမိုဗစ်ချ်ကို ဆက်လက်ခေါ်ယူထားဖွယ် ရှိနေပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။




# နိုင်ပွဲရယူဦးမယ့် မန်ယူ၊ အောင်ပွဲခံဖို့ခက်မယ့် စပါးတို့ရဲ့ ယူရိုပါလိဂ် (၃၂)သင်းအဆင့် ပွဲစဉ်

မိုးမြင့်လင်းလက်

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ မန်ယူ၊ စပါး၊ ရိုးမား စတဲ့ထိပ်တန်းအသင်းတွေရဲ့ အောင်ပွဲရအောင် ကြိုးစားစွမ်းဆောင်မှုတွေကို မြင်တွေ့အားပေးကြရဦးမှာဖြစ်သလို မျှော်မှန်းချက်ကြီးမားနေတဲ့ဆန္ဒတွေ ပြည့်ဝနိုင်မှု ရှိမရှိဆိုတာလည်း လေ့လာခွင့်ရရှိကြမှာဖြစ်ပါတယ်။ ဒီနှစ် ယူရိုပါလိဂ်ဖလားရယူရေးအတွက် အရှိန်အဟုန်မြှင့် အားထည့်ကစားလာမယ့် အသင်းတွေများနေတာမို့ပွဲတိုင်းမလွတ်တမ်း စောင့်ကြည့်ရဦးမယ့်ပွဲတွေပါပဲ။

**မန်ယူနှင့် စိန့်အီတင်း**

လက်ရှိအနေအထားအရကတော့ ပရီမီယာလိဂ်မှာ မန်ယူက အဆင့်(၆) နေရာမှာရှိနေပြီး ပြင်သစ် လီဂူး- ၁ မှာတော့ စိန့်အီတင်းက အဆင့် (၅) နေရာမှာ ရပ်တည်နေပါတယ်။ နိုင်ပွဲတွေ ဆက်တိုက်ရရှိနေတဲ့ မန်ယူဟာ ယူရိုပါလိဂ်ဖလားကို ပစ်မှတ်ထားနေတာမို့ ဒီပွဲကို အိမ်ကွင်းလည်းဖြစ်တာမို့ အနိုင်ကစားပါလိမ့်မယ်။ စိန့်အီတင်းတို့က ခံစစ်ပိုင်းကောင်းမွန်ပေမယ့် တိုက်စစ်မှူးတွေရဲ့ဂိုးသွင်းစွမ်းရည်က ကျဆင်းနေတာမို့ မန်ယူတို့ အခွင့်အရေးကောင်းတွေ ရရှိသွားနိုင်ပါတယ်။ ဒီပွဲမှာ မန်ယူတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။

**KAAဂျန့်နှင့် စပါး**

ဘယ်လ်ဂျီယံလိဂ်မှာတော့ KAAဂျန့်တို့က ပုံမှန်ခြေစွမ်းရရှိနေတဲ့အသင်း ဖြစ်ပါတယ်။ စပါးတို့က ပရီမီယာလိဂ်မှာ အခုတလော ခြေစွမ်းအတက်အကျရှိနေပြီး ပွဲလည်းပန်းနေပါတယ်။ တိုက်စစ်ပိုင်းမှာတော့ စပါးတို့က အားသာချက်ရှိနေပြီး အဆုံးသတ် ကောင်းမွန်နေတာမို့ KAAဂျန့်တို့ သိပ်တော့မလွယ်ပါဘူး။ ဒီနှစ်မှာ ဖလားလက်မဲ့မဖြစ်ဖို့ ကြိုးစားနေတဲ့ စပါးတို့အတွက်တော့ အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။

**အယ်လ်ကမာနှင့် လိုင်ယွန်**

ပြင်သစ်လီဂူး-၁ မှာတော့ လိုင်ယွန်တို့က ခြေစွမ်းမာကျောပြီး အဝေးကွင်းမှာလည်း နိုင်ပွဲရအောင် ဖော်ဆောင်နိုင်နေပါတယ်။ အယ်လ်ကမာတို့ကတော့ ဟော်လန်လိဂ်မှာ ဒီနှစ်တန်းစီဇယားရဲ့ သတ္တမနေရာမှာရှိနေတာမို့ အခုပွဲဟာ လိုင်ယွန်တို့ အသာစီးရအောင် ကြိုးစားပြီး ရလဒ်ကောင်းအောင် အားထုတ်ပါလိမ့်မယ်။ အယ်လ်ကမာရဲ့အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး အမှားအယွင်းများတာမို့ အခုပွဲမှာ လိုင်ယွန်တို့ ဂိုးမပြတ်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

**ဗီလာရီးရဲနှင့် ရိုးမား**

လာလီဂါမှာ ဗီလာရီးရဲတို့က တန်းစီဇယား ဆဋ္ဌမနေရာရှိနေပြီး ယူရိုပါလိဂ်နောက်ဆုံးကိုးပွဲ နိုင်ပွဲရထားရအောင် ကစားနိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ရိုးမားတို့ကလည်း စီးရီးအေမှာ လောလောဆယ်နိုင်ပွဲတွေဆက်နေတဲ့ အသင်းဖြစ်တာမို့ ဒီပွဲမှာ ခြေရည်တူ နှစ်သင်းတွေ့ဆုံတဲ့ ပွဲမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဗီလာရီးရဲလ်တို့က အိမ်ကွင်းအကောင်းဆုံးခြေစွမ်းပြနိုင်ပေမယ့် ရိုးမားရဲ့အသင်းလိုက် ကစားအား ကောင်းမွန်မှုကြောင့် သရေပွဲဖြစ်သွားနိုင်ပါတယ်။

**ဂလာဘတ်နှင့် ဖီအိုရင်တီးနား**

ဒီနှစ် ဘွန်ဒက်လီဂါမှာ ဂလာဘတ်တို့ တန်းစီဇယား အဆင့် (၁၁)နေရာမှာရှိနေပြီး ဖီအိုရင်တီးနားတို့ကတော့ စီးရီးအေမှာအဆင့် (၈)နေရာမှာရှိနေပါတယ်။ ဖီအိုရင်တီးနားတို့ကတော့ လက်ရှိခြေစွမ်းအရ အတက်အကျမြန်နေပေမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေဆိုရင် သေသေချာချာပြင်ဆင်ကစားတတ်တဲ့အပြင် အနိုင်ရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ ဂလာဘတ်တို့ရဲ့ အားနည်းချက်က တိုက်စစ်ပိုင်းဖြစ်ပြီး တိုက်စစ်မှူးတွေ အဆုံးသတ် မသေချာတာမို့ ဒီပွဲမှာ အနိုင်ဆိုရင် ဖီအိုရင်တီးနားတို့ ဖြစ်နိုင်ပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်ပါတယ်။

**အိုလံပီယာကို့စ်နှင့် အိုစမန်လီစပါး**

ဂရိလိဂ်မှာတော့ ဒီနှစ်မှာ အိုလံပီယာကို့စ်တို့က ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ အကောင်းဆုံး ခြေစွမ်းရရှိနေပြီး ပွဲတိုင်း နိုင်ပွဲရအောင် ကစားနိုင်နေတာမို့ ဒီပွဲမှာလည်း ရလဒ်ကောင်းကို ဆောင်ကြဉ်းပါဦးမယ်။ တူရကီလိဂ်မှာ အိုစမန်လီစပါးတို့က တန်းစီဇယား ဆဋ္ဌမနေရာမှာ ရှိနေပြီး အဝေးကွင်းမှာတော့ ရလဒ်မကောင်းတတ်ပါဘူး။ တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ထက်မြက်သလို ခံစစ်ကလည်း သိပ်သည်းကျစ်လျစ်နေတဲ့ အိုလံပီယာကို့စ်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**ခရက်နိုဒါနှင့် ဖီနာဘာချီ**

ရုရှားလိဂ်မှာ ခရက်နိုဒါတို့ ပုံမှန်ခြေစွမ်းရရှိနေပြီး ရလဒ်တွေလည်း ကောင်းနေပါတယ်။ တူရကီလိဂ်မှာ ဖီနာဘာချီတို့က တန်းစီဇယား စတုတ္ထနေရာမှာ ရပ်တည်နေပြီး တိုက်စစ်၊ ခံစစ် ဟန်ချက်ညီအောင် ကြိုးစားနေရတဲ့ အသင်းဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ နှစ်သင်းစလုံး ခြေစွမ်းတူညီနေပြီး တစ်ဦးချင်း စွမ်းရည်လည်း ကွာဟမှု မရှိပါဘူး။ ဒီပွဲဟာ အမှတ်ခွဲယူရမယ့်ကိန်းဆိုက်သွားနိုင်ပါတယ်။

**ဘီလ်ဘာအိုနှင့် အေပိုး**

ဆိုက်ပရပ်စ်လိဂ်မှာတော့ အေပိုးတို့က တန်းစီဇယားကို ဦးဆောင်နေပြီး နိုင်ပွဲတွေဆက်တိုက်ရယူကာ ခြေစွမ်းပြသနေပါတယ်။ လာလီဂါမှာတော့ ဘီလ်ဘာအိုတို့က ပုံမှန်ခြေစွမ်းမရသေးပါဘူး။ ဘီလ်ဘာအိုရဲ့ကွင်းလယ်ကစားအားကလည်း အားရစရာမရှိဘဲ တိုက်စစ်ကို ပံ့ပိုးရာမှာ အပို၊ အလိုတွေဖြစ်ပေါ်နေတာမို့ အေပိုးခံစစ်ကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ ဒီပွဲဟာ အေပိုးရဲ့ပွဲပါပဲ။ ။

# နည်းပြနေရာအတွက် ခြိမ်းခြောက်ခံနေရတဲ့ ယာနီယာရီ

ပရီမီယာလိဂ် လက်ရှိချန်ပီယံ လက်စတာနည်းပြ ကလောဒီယို ယာနီယာရီဟာ လက်စတာအသင်းက ဆွမ်ဆီးကို နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် တန်းဆင်းဇုန်နဲ့ နီးလာတဲ့အတွက် ရာထူးနေရာ ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ကစားသမားတွေရဲ့ သစ္စာခံမှုအတွက်လည်း ရုန်းကန်ကြိုးစားနေရပါတယ်။ ဆွမ်ဆီးကို ရှုံးနိမ့်ပြီးနောက် တန်းဆင်းဇုန်အထက် တစ်မှတ်သာအကွာမှာ ရှိနေပါတယ်။ လက်စတာအသင်းဟာ ၁၉၅၆ ခုနှစ်ကတည်းက ချယ်လ်ဆီးပြီးနောက် ပထမဆုံး လက်ရှိချန်ပီယံအသင်းအနေနဲ့ ငါးပွဲဆက်တိုက် ရှုံးနိမ့်တဲ့အသင်း ဖြစ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့ ရာသီက လက်စတာအသင်းဟာ တိုက်စစ်မှူး ဗာဒီက ၂၄ ဂိုးသွင်းယူပေးခဲ့တဲ့အတွက် လက်စတာအသင်းဟာ ချန်ပီယံဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် ဒီနှစ်ရာသီမှာ အဓိက ဂိုးသွင်းပေးလာတဲ့ မာရက်က ၁၇ ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ လက်စတာအသင်းဟာ ဖေဖော်ဝါရီ ၂၇ ရက် မှာ လီဗာပူးနဲ့ ကစားရမှာဖြစ်တဲ့အတွက် တန်းဆင်းဇုန်အတွင်း ဆင်းသက်ရဖို့ ရှိနေပါတယ်။



# မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီရုံးသစ်ဖွင့်

**တာချီလိတ် ဖေဖော်ဝါရီ ၁၄**

မြန်မာ-ထိုင်းနယ်စပ်၌ ထိုင်းနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများအကြား အခိုက်အတန့်ဖြစ်ပွားသည့် အခက်အခဲများကို အောက်ခြေအဆင့် ညှိနှိုင်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်၍ ဖွဲ့စည်းထားသည့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ တာချီလိတ်မြို့ ရုံးခန်းသစ်ဖွင့်ပွဲကို တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

ရုံးသစ်ဖွင့်ပွဲတွင် ကော်မတီနာယက တာချီလိတ်စစ်ဗျူဟာအဖွဲ့(အခြေချ) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက်က ဝမ်းမြောက်ဂုဏ်ပြုစကား ပြောကြားပြီး ရုံးခန်းသစ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့သည့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင် လူဝင်မှုကြီးကြပ်ရေးဌာနနှင့် အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။ ထို့နောက် ကော်မတီအနေဖြင့် ဆောင်ရွက်ပေးမည့်လုပ်ငန်းများအကြောင်းကို ကော်မတီနာယကက ရှင်းလင်းပြောကြားပြီး ကော်မတီ နာယက၊ တာချီလိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့နယ် အုပ်ချုပ်ရေးမှူး ချူသီဒွေမီကျန်းတို့က ရုံးသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြသည်။

ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (Caring and Negotiat ing Committee for Myanmar Citizens In Maesai, Thailand - CNCMC)ကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား သူဌေးက လစာငွေမထုတ်ပေးသည့်ကိစ္စ၊ မြန်မာနိုင်ငံဘက်မှ သွားရောက်လည်ပတ်သူများအား သုံးစွဲငွေကန့်သတ်ပြီး ထိုင်းရဲအချို့က အကြောင်းအမျိုးမျိုးဖြင့် ငွေညှစ်သည့်ကိစ္စ စသည့်ပြဿနာများကို ဥပဒေဘောင်အတွင်းမှ ဖြေရှင်းပေးခဲ့ကြောင်း၊ လက်ရှိကော်မတီကို နာယကအဖွဲ့လေးဦး၊ ဦးစီးကော်မတီအဖွဲ့ ၂၅ ဦး၊ လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ၁၃ ဦး၊ တိုင်းရင်းသားများပါဝင်သော အမျိုးသမီးလုပ်ငန်းအဖွဲ့ လေးဦးတို့ဖြင့် ဖွဲ့စည်းထားရှိပြီး ဒေသတွင်းနေ တိုင်းရင်းသားပြည်သူများအနေဖြင့် ဖြစ်ပေါ်လာသည့် အခက်အခဲများကို ကော်မတီထံသို့ အကူအညီတောင်းခံနိုင်ကြောင်းနှင့် ကော်မတီအနေဖြင့်လည်း ဥပဒေဘောင်အတွင်းမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကော်မတီနာယက၏ ပြောကြားချက်အရ သိရသည်။

ကော်မတီရုံးသစ်ဖွင့်ပွဲသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ထိန်ဝင်း၊ မယ်ဆိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ချူသီဒွေမီကျန်းနှင့် အဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ-ထိုင်း နယ်ခြားကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




# အောင်လံမြို့ ဗိုလ်ချုပ်ကြေးရုပ်နှင့် ပြည်သူ့ရင်ပြင် ဖွင့်ပွဲကျင်းပ

**အောင်လံ ဖေဖော်ဝါရီ ၁၄**

မြန်မာ့လွတ်လပ်ရေးဗိသုကာနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ကြေးသွန်းရုပ်တုနှင့် ပြည်သူ့ရင်ပြင်ကို အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မာလာပန်းခြံဝင်းအတွင်း၌ တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ ဖွင့်ပွဲကို ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။




ဖွင့်ပွဲတွင် ဗိုလ်ချုပ်ကြေးရုပ်နှင့်ရင်ပြင်ကို အောင်လံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်ဆွေနှင့် မြို့မိမြို့ဖကိုယ်စားလှယ် ဦးညွန့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ဗိုလ်ချုပ်ကြေးရုပ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်သည်။

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီ နာယက ဦးမြင့်ကြည်နှင့် ဥက္ကဋ္ဌ ဦးမောင်အေးတို့က ရုပ်တုနှင့် ပန်းခြံ ဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ဖွင့်ပွဲသို့ ဌာနဆိုင်ရာများ၊ ရုပ်တုဖြစ်မြောက်ရေးကော်မတီဝင်များနှင့် ပြည်သူများ တက်ရောက်ခဲ့သည်။ **မိုးကိုကို(အောင်လံ)**

# ဗိုလ်ချုပ်ချစ်တဲ့ဂီတ၊ ဂီတချစ်တဲ့ဗိုလ်ချုပ် ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာပေဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ကျောက်တံတားမြို့နယ် (၃၇)လမ်းရှိ စာပေဗိမာန်ခန်းမ၌ မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကြီးက ကြီးမှူး၍ နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့နှင့် ဗိုလ်ချုပ်အောင်ဆန်း (၁၀၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် "ဗိုလ်ချုပ်ချစ်တဲ့ဂီတ၊ ဂီတချစ်တဲ့ ဗိုလ်ချုပ်" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်း ဥက္ကဋ္ဌ ဆရာကြီး စည်သူ ဌေးမောင်က အမှာစကားပြောကြားပြီး အသင်း အထွေထွေအတွင်းရေးမှူး ဦးစန်းဝင်းက စာပေဟောပြောပွဲ ကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အလှူငွေများပေးအပ်သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် စာရေးဆရာ ဂီတစာဆို ရေနံ့သာဝင်းမောင်က "ဗိုလ်ချုပ်ချစ်တဲ့ဂီတ၊ ဂီတချစ်တဲ့ ဗိုလ်ချုပ်" ခေါင်းစဉ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏အကြောင်း သိကောင်းစရာများကို ဟောပြောခဲ့သည်။

**(ရွှေတိုင်လွင်)**

# ဟိုပန်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ဟိုပန် ဖေဖော်ဝါရီ ၁၄**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်မြို့၌ ဒေသဖွံ့ဖြိုးရေးအတွက် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများနှင့် မြို့နယ် ဓမ္မစကူးလ် အဖွဲ့ဝင်များအား "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ဖေဖော်ဝါရီ ၉ ရက်က ဟိုပန်မြို့သာသနာ့ရောင်ခြည်ကျောင်းတိုက်၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် (၃၁)ဘုံ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ (၂၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် အကြိမ်(၃၀)မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အစဉ်အလာမပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး၊ အဘယလာဘ ရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းရေးအတွက် စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်သွားကြရေး စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌသည် သာသနာ့ရောင်ခြည်ကျောင်းတိုက်ဝင်းအတွင်း ဖွင့်လှစ်ထားသော တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ၂၄ နာရီ အခမဲ့ဆေးခန်းတွင် အသုံးပြုရန် တန်ဖိုးငွေကျပ် ၃၇ သိန်းရှိ ဆေးပစ္စည်းများကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ ဗိုလ်မှူးကြီးကျော်ကျော်ဦးထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြိုကျပျက်စီးသွားခဲ့သော ကျွဲပွဲ-မြို့စိုး တံတားကို ပြန်လည်တည်ဆောက်နေ

**အုတ်တွင်း ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့နှင့် မြို့စိုးကျေးရွာကြား လမ်းပေါ်မှ ပြီးခဲ့သည့်မိုးရာသီက ပြိုကျပျက်စီးခဲ့သော အရှည်ပေ ၃၀ ရှိ တံတားကောက်ကွန်ကရစ်တံတား အသစ်တည်ဆောက်မှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် တံတားကို အမြန်ဆုံး ပြန်လည်၍တည်ဆောက်ရန် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ယခုအခါ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၃၀ ဖြင့် အရှည်ပေ ၃၀၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားကို စတင်တည်ဆောက်နေခြင်းဖြစ်သည်။ လုပ်ငန်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်၊ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်လင်းအောင်၊ အုတ်တွင်းမြို့နယ် ဦးစီးဌာနမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများ ဖေဖော်ဝါရီ ၁၃ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

"ဒီလမ်းပိုင်းက စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသမှာ နေထိုင်ကြတဲ့သူတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး ကိစ္စအရပ်ရပ်အတွက် အဓိက အားထားသွားလာနေကြရတာဖြစ်တော့ ကျွန်တော်တို့ဌာနအနေနဲ့ တံတားအမြန်ဆုံးပြီးစီးရေးအတွက် မကြာခဏ ကွင်းဆင်းစစ်ဆေးပေးနေပါတယ်။ ဒေသခံတွေကလည်း တံတားတည်ဆောက်ပေးတဲ့အတွက် ဝမ်းသာနေကြတာကို တွေ့ရပါတယ်"ဟု မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ပြောသည်။

ကျွဲပွဲ-မြို့စိုး လမ်းပိုင်းသည် စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသတွင် နေထိုင်ကြသောပြည်သူများ အားထားသွားလာနေရသော လမ်းဖြစ်ပြီး တံတားမှာလည်း အဆိုပါလမ်းပေါ်တွင် အဓိကကျသော တံတားဖြစ်ရာ ယခင်နှစ် မိုးရာသီက ချောင်းရေတိုက်စားမှုကြောင့် တံတားပြိုကျပျက်စီးသွားခဲ့ပြီးနောက် နေ့စဉ် ခရီးသွားလာနေကြရသော ကျေးရွာပေါင်း ၁၂ ရွာ၊ အိမ်ခြေ ၂၆၀၀ ကျော်မှ လူဦးရေ ၁၂၀၀၀ ကျော်အတွက် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဘေးကင်းလုံခြုံသော သီးနှံအထွက်တိုးနည်းစနစ်များ ပညာပေးဆွေးနွေး

**ရေကြည် ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စိုက်ပျိုးရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံသော သီးနှံအထွက်တိုးနည်းစနစ်များအကြောင်း တောင်သူပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ရေကြည်မြို့နယ် ကြို့ကုန်းကျေးရွာရှိ ဘုရားဆင်းတန်ဆောင်းအတွင်း ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်က ဒေသခံတောင်သူများအား သီးနှံများ စိုက်ပျိုးရာတွင် ဘေးကင်းလုံခြုံသော အထွက်တိုးနည်းစနစ်များ၊ အရည်အသွေးပြည့်ဝ ဘေးကင်း၍ အာဟာရဓာတ်ကြွယ်ဝသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အချက်များကို ပညာပေးဆွေးနွေးဟောပြောကာ ဒေသခံတောင်သူများက သီးနှံအထွက်တိုးရေးအတွက် ဆောင်ရွက်သင့်သည့်နည်းစနစ်များနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ဒေသခံတောင်သူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသာအေးနှင့် မြေ/မျိုး/ပိုး တာဝန်ခံဝန်ထမ်းများက ဆက်လက်ဟောပြောဆွေးနွေးပြီး ဆွေးနွေးပွဲသို့ စပါး၊ ပဲနှင့် အခြားစားသုံးသီးနှံစိုက် ဒေသခံတောင်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍ ဒေသခံတောင်သူများ၏ ဆောင်းသီးနှံ မတ်ပဲစိုက်ကွက်များနှင့် ဩဂဲနစ်စိုက်ပျိုးရေးဆေး စမ်းသပ်စိုက်ကွက်များကို ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# အင်းတော်မြို့နယ်အတွင်း၌ ရထားစက်ခေါင်းပျက်၍ မန္တလေး-မြစ်ကြီးနား ရထားများ ကြန့်ကြာခဲ့

**မော်လူး ဖေဖော်ဝါရီ ၁၄**

အင်းတော်မြို့နယ် ပင်ဝဲဘူတာနှင့် မော်လူးဘူတာကြား၌ ဖေဖော်ဝါရီ ၁၀ ရက်က မန္တလေး-မြစ်ကြီးနား (၅၅)အဆန် အထူးအမြန်မန္တလာရထား စက်ခေါင်းချွတ်ယွင်းမှုကြောင့် ရထားများ အချိန်ကြန့်ကြာခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက်က ပင်ဝဲဘူတာမှ ထွက်ခွာလာသော (၅၅)အဆန် အထူးအမြန်မန္တလာရထားသည် သံလမ်းမိုင်တိုင်အမှတ် (၆၀၂/၁၉)နှင့် (၆၀၂/၂၀) အကြား၌ စက်ချွတ်ယွင်းခဲ့သဖြင့် မော်လူးဘူတာသို့ ဆိုက်ရောက်ရမည့်အချိန်တွင် မရောက်နိုင်ခဲ့ဘဲ မော်လူးဘူတာမှ အခြားစက်ခေါင်းဖြင့် မောင်းနှင်ခဲ့ရကြောင်း၊ ထို့အတူ မန္တလေးမှထွက်ခွာလာသည့် အမှတ်(၅၇)အဆန် အထူးအမြန်မန္တလာရထားသည်လည်း ပင်ဝဲဘူတာတွင် ရပ်တန့်စောင့်ဆိုင်းခဲ့ရကာ မော်လူးဘူတာသို့ ဝင်ရောက်ချိန်နောက်ကျခဲ့ပြီး နောက်တစ်ရက်နံနက်တွင်မှ မော်လူးဘူတာမှ ဆက်လက်ထွက်ခွာခဲ့ရကြောင်း သိရသည်။ **(ဝ၆၉)**

## မှုခင်းသတင်းတိုများ

### ယာဉ်တိုက်မှုဖြစ်သောကုန်တင်ကားပေါ်မှ တရားမဝင်သစ်ခွဲသားများဖမ်းမိ

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဇဟားကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းပေါ်တွင် ဖေဖော်ဝါရီ ၁၀ ရက်က ကုန်တင်ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ပြီး ယာဉ်တစ်စီးပေါ်မှ တရားမဝင်သယ်လာသော သစ်ခွဲသားများ ဖမ်းမိခဲ့ကြောင်း သိရသည်။ ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ညောင်ပင်သာနယ်မြေရဲစခန်းမှ ရဲအုပ်စိုးလွင်နှင့်အဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ယာဉ်မောင်း ဇော်မင်းသိန်း(၃၁နှစ်) မောင်းနှင်လာသော ၂၂ ဘီး နောက်တွဲနှင့် မျက်နှာချင်းဆိုင်မှ မြေပဲခွံအိတ်များတင်ဆောင်ကာ အောက်တွင် တရားမဝင်ပိတောက်သစ်ခွဲသား ၅၄ ချောင်း တင်ဆောင်လာသည့် အမည်မသိယာဉ်မောင်းမောင်းနှင်လာသော ၁၀ ဘီးကားတို့ တိုက်မိပြီး ၂၂ ဘီးယာဉ်မှာ တိမ်းမှောက်သွားခဲ့ကြောင်း၊ ၁၀ ဘီးကားမှာ ကားရှေ့ဘယ်ဘက်ခြမ်းကြေမွပျက်စီးသွားပြီး တရားမဝင်သစ်များသယ်လာသော ၁၀ ဘီးကားမှ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွား၍ ညောင်ပင်သာ နယ်မြေရဲစခန်းက အမှုဖွင့်ကာ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ဖြူးမြင့်ဦး**

### ကသာမြို့နယ်တွင် လိုင်စင်မဲ့ယာဉ်တစ်စီးဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် လမ်းခွကျေးရွာအနီး မောင်းတံဂိတ်တွင် လိုင်စင်မဲ့ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၀၆)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး ရန်နိုင်နှင့်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မောင်းတံဂိတ်တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆောင်ရွက်နေစဉ် ယာဉ်မောင်း ဇော်မျိုးသူ မောင်းနှင်လာသော Odyssey အမျိုးအစား အဖြူရောင်ယာဉ်ကို မသင်္ကာ၍ ရပ်တန့်စစ်ဆေးရာ အထောက်အထားစာရွက်စာတမ်း ပြသနိုင်ခြင်းမရှိသဖြင့် လိုင်စင်မဲ့ ယာဉ်လက်ဝယ်ထားရှိသူ ဇော်မျိုးသူအား ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်ဇော်မျိုးအောင်က တရားလိုပြုလုပ်၍ ကသာမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။
**လူအောင်(ကသာ)**

### စိတ်မနှံ့သူတစ်ဦးတည်းရှိစဉ် နေအိမ်မီးလောင်

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ဝေသော်ကျေးရွာ၌ စိတ်မနှံ့သူတစ်ဦးတည်းရှိသည့် နေအိမ်မီးလောင်မှု ဖေဖော်ဝါရီ ၁၂ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ မောင်ထွန်း(ခ)ဝင်းထွန်း(စိတ်မနှံ့သူ)သည် မိခင်ဒေါ်မိခင်ရွာထဲသွား၍ နေအိမ်အပေါ်ထပ်၌ တစ်ဦးတည်းရှိနေစဉ် အိမ်နီးချင်းဖြစ်သူတစ်ဦးက ညှော်နံ့ရသဖြင့် သွားရောက်ကြည့်ရှုရာ နေအိမ်အတွင်းခင်းထားသော ဖယောင်းပုဆိုးမီးလောင်ပြီး ထိုမှတစ်ဆင့် ထရံကို ကူးစက်လောင်ကျွမ်းခဲ့ရာမှ ရွာသူရွာသားများ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်နှင့် ပရိဘောဂများ မီးလောင်ပျက်စီးပြီး ပတ်ဝန်းကျင်သို့ ကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရ သည်။
**မျိုးဝင်းညို(ကျွန်းလှ)**

### ကွတ်ခိုင်နှင့် ဟိုမိန်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ကွတ်ခိုင်မြို့နယ်နှင့် ဟိုမိန်းမြို့နယ်အတွင်း ဘိန်းဖြူ ကီလိုဂရမ် ၆၀ နီးပါးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကျော်ကို ဖေဖော်ဝါရီ ၉ ရက်နှင့် ၁၀ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၉ ရက်က တာမိုးညဲနှင့် ကွတ်ခိုင်ကြား၌ လမ်းပေါ်၌ တာမိုးညဲ မြို့ဘက်မှ ကွတ်ခိုင်မြို့ဘက်သို့ အားမုံမောင်းနှင်ပြီး ဝမ်ဆင်းလီနှင့် ဝမ်ဆင်းဟယ်တို့ လိုက်ပါလာသည့် တိုယိုတာဟိုင်းလက်စ် လိုင်စင်မဲ့ယာဉ်ကို နယ်မြေခံတပ်မှ ရှာဖွေ စစ်ဆေးစဉ် ယာဉ်ပေါ်မှ ဘိန်းဖြူအလေးချိန် ၅၇ ဒသမ ၀၉၆ ကီလိုဂရမ်ကို ဖမ်းဆီး ရမိခဲ့ခြင်း ဖြစ်သည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပင်မြို့ အောင်နန်းရပ် လောကမာန် အောင်ဘုရားကြီးဝင်းအတွင်း တွေ့ရှိသူ ကျော်စိန်နှင့် မဖြူတင်တို့အား ရှာဖွေရာ ၎င်းတို့ ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀,၂၀၃ ပြားကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်များမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိသူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ သက်ဆိုင်ရာရဲတပ်ဖွဲ့များ၌ အရေးယူထားကြောင်း သိရသည်။
**ကိုရဲ**

### ဓားဦးချွန်ကိုင်ဆောင်ရမ်းကားသူကို ဖမ်းဆီးအရေးယူ

အင်းတော်မြို့နယ် ညောင်ပင်သာကျေးရွာ ရွာလယ်လမ်းမပေါ်၌ အရိုးအသွား ၁၄ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်း ကိုင်ဆောင်ကာ ရမ်းကားနေသူတစ်ဦးအား မော်လူးနယ်မြေရဲကင်းစခန်းက ဖေဖော်ဝါရီ ၁၂ ရက်က ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာနေ မျိုးထွန်း(၂၆ နှစ်)မှာ ဓားကိုင်ရမ်းကားနေကြောင်း သတင်းအရ မော်လူးနယ်မြေရဲကင်းစခန်းမှ ဒုတပ်ကြပ်နိုင်ဝင်းစိန်နှင့် ရဲတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးထိန်းသိမ်းပြီး မျိုးထွန်းအား မော်လူးနယ်မြေရဲစခန်း၌ လက်နက် ဥပဒေအရ အမှုဖွင့်ကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**ဦးရဲ(ကသာ)**



# ကျုံကန်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်တူးဖော်နေ

**ဖျာပုံ ဖေဖော်ဝါရီ ၁၄**

ဖျာပုံမြို့နယ်အတွင်းရှိ ကျုံကန်ချောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဇန်နဝါရီ ၁၀ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျုံကန်ချောင်းဖြတ်သန်းစီးဆင်းရာဒေသရှိ လက်ပန်၊ ဇင်းဘောင်၊ ထိတန်၊ ကံဆိပ်၊ အောက္ကဘာ၊ ဗျိုင်းကဇီး၊ အလန်းဖလွတ်နှင့် ကြက်ဖမွေးဇောင်း စသည့်ကျေးရွာများမှ ဒေသခံတောင်သူများ၏ တောင်းဆိုမှုအပေါ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ တင်ပြချက်အရ တူးဖော်ပေးခြင်းဖြစ်ကြောင်း၊ ကျုံကန်ချောင်းသည် ပင်လယ်ဒီရေ အတက်အကျတွင် နုန်းပို့ချမှုများကြောင့် တိမ်ကောလာသဖြင့် မိုးရာသီတွင် ကျွန်းတွင်းပိုလျှံရေများကို ရေတံခါးမှထုတ်နုတ်သည့်အခါ ခက်ခဲကြန့်ကြာမှုများ ဖြစ်နေခြင်းနှင့် မိုးစပါးစိုက်ကေများ ရေကြီးနစ်မြုပ်မှုကို နှစ်စဉ်ကြုံတွေ့နေရခြင်းတို့ကြောင့် ယခုကဲ့သို့ ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။

"ကျုံကန်ချောင်းတူးဖော်တဲ့ လုပ်ငန်းအပါအဝင် မြစ်ဝကျွန်းပေါ်မှာလုပ်ရတဲ့ ဆည်မြောင်းလုပ်ငန်း တော်တော်များများကတော့ ထင်သလောက် မလွယ်ကူပါဘူး။ မြစ်ဝကျွန်းပေါ်ဒေသက များသောအားဖြင့် ရွှံ့နွံထူထပ်တဲ့အတွက် ယန္တရားတွေနဲ့ ဆောင်ရွက်ရတဲ့အခါ ခက်ခဲမှုအမျိုးမျိုးကိုလည်း ကြုံတွေ့ရလေ့ရှိပါတယ်။ ပြီးတော့ စပါး(၁)၊ စပါး(၂)စီမံကိန်း ဆန်းစစ်မှုတွေအရလည်း မြစ်ဝကျွန်းပေါ်က မိုးများပြီး နေ့စဉ် ဒီရေအတက်အကျရှိတဲ့အတွက် စက်ယန္တရားကြီးများနဲ့ လုပ်ငန်းဆောင်ရွက်ရတဲ့အခါ တစ်နှစ်မှာ အလုပ်လုပ်ရတဲ့ရက်က ပျမ်းမျှ ရက် ၁၀၀ လောက်ပဲရှိတဲ့အတွက် ခရိုင်အတွင်းလုပ်ငန်းတွေကို သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဝန်ထမ်းအားလုံး ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်က ပြောသည်။

ဖျာပုံမြို့နယ်အတွင်းရှိ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာ၊ ဇင်းဘောင် ကျွန်းပတ်တာနှင့် သပြေကန်-သိမ်ကုန်းဇရိယာ တောင်ပိုင်းရှိ လယ်မြေများသည် မိုးရာသီ ရေကြီးသည့်အခါ ပိုလျှံရေများကို ကျုံကန်ချောင်းမကြီးထဲသို့ အချိန်မီထုတ်နုတ်ပစ်ရသဖြင့် အဆိုပါချောင်းမကြီး တိမ်ကောမှုမရှိစေရန် မဖြစ်မနေလိုအပ်လျက်ရှိသောကြောင့် တူးဖော်ခြင်းဖြစ်ကာ ချောင်းအရှည် ၄ ဒသမ ၇၅ မိုင်ရှိသည့်အနက် ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အရှည် ၃ ဒသမ ၇ မိုင်တွင် ချောင်းအကျယ် ၉၅ ပေ၊ အနက် ၆ ပေအထိ ရရှိအောင် တူးဖော်ပေးလျက်ရှိကြောင်း သိရသည်။
**သပြေထွန်း**

# ဇီဝနည်းဖြင့် ပိုးမွှားကာကွယ်ခြင်း တောင်သူပညာပေးဆွေးနွေးမှုများပြုလုပ်

**မင်းဘူး ဖေဖော်ဝါရီ ၁၄**

မင်းဘူးခရိုင်အတွင်းမှ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် စိုက်ခင်းများတွင် ဇီဝနည်းဖြင့် ရောဂါပိုးမွှားများ ကာကွယ်ခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရေးအတွက် ဓာတုပိုးသတ်ဆေးသုံးစွဲခြင်းကို လျှော့ချရေးတို့နှင့်ပတ်သက်၍ တောင်သူပညာပေး လုပ်ငန်းများကို မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းနိုင်ဝင်းနှင့် ဝန်ထမ်းများအဖွဲ့က တောင်သူများ၏ စိုက်ခင်းများအရောက် သွားရောက်ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၁ ရက်က မင်းဘူးမြို့နယ် ထနောင်းတောကျေးရွာအုပ်စု တောဘို့ကုန်းကျေးရွာသို့ သွားရောက်ပြီး အကျိုးဆောင်တောင်သူ ဒေါ်ဝင်း၏ ကုလားပဲသီးနှံစိုက်ခင်းတွင် ဥကပ်ပါးနကျယ်များ လွှတ်ခြင်း၊ ကုလားပဲသီးလုံးဖောက်ပိုး ကျရောက်မှုကို ဇီဝနည်းဖြင့် ကာကွယ်ခြင်းနှင့် ဓာတုပိုးသတ်ဆေး သုံးစွဲမှုကို လျှော့ချရေးအတွက် အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ **ဖိုးပြည့်**



# ရေးမြို့နယ်ဆေးရုံ၌ ဆေးလှူမှုဆက်ဆံရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေ

**ရေး ဖေဖော်ဝါရီ ၁၄**

မွန်ပြည်နယ် ရေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတွင် ဇန်နဝါရီလမှစတင်ကာ လာရောက်ကုသနေသော လူနာနှင့် လူနာရှင်များ၏ အခက်အခဲများကို ကူညီဖြေရှင်းပေးရန် ရည်ရွယ်ချက်ဖြင့် ဆေးလှူမှုဆက်ဆံရေးနှင့် ၂၄ နာရီ အချိန်ပြည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို စတင်ကြိုးကြပ် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

လူနာများထဲမှာ အဓိကဦးစားပေးဖြစ်တဲ့ ပိုင်ရှင်မဲ့ စွန့်ပစ်လူနာတွေက နာတာရှည်ရောဂါသည်တွေများပြီး အရေးပေါ်လူနာတွေက အနည်းငယ်လောက်သာ ရှိပါတယ်။ "နာတာရှည် စွန့်ပစ်လူနာများကို ရက်ရှည်ကြာလာသည်နှင့်အမျှ ပြင်ပလူနာစောင့်တွေနဲ့ အခကြေးငွေပေးပြီး ဝန်ဆောင်မှုတွေလည်း ကူညီပေးရပါတယ်။ ပိုင်ရှင်မဲ့ စွန့်ပစ်လူနာများတဲ့လမှာ နှစ်ဦးအထိရှိပြီး လုံးဝမရှိတဲ့လတွေလည်း ရှိပါတယ်။ လူနာအသက်သေဆုံးတဲ့အခါမှာလည်း နာရေးကိစ္စတွေပါ ပြီးဆုံးသည်အထိ ဆောင်ရွက်ပေးနေရတဲ့ အနေအထားမှာလည်း ရှိနေပါတယ်"ဟု ရေးမြို့နယ် ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံ ကုသရေးဦးစီးဌာနမှ ဆေးလှူမှုဆက်ဆံရေးမှူး ဦးအောင်သိုက်က ပြောသည်။

လက်ရှိအချိန်တွင် ပိုင်ရှင်မဲ့ စွန့်ပစ်လူနာများ၏ လူမှုရေးနှင့် ကျန်းမာရေး၊ ဘဝဆက်လက်ရပ်တည်နိုင်ရေးအတွက် ကူညီထောက်ပံ့မှုများ လိုအပ်နေဆဲဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဆေးရုံတက်ရောက်ကုသရာတွင် ခရိုင်အဆင့်ဆေးရုံများတွင်ရှိသည့် ဆေးလှူမှုဆက်ဆံရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့လျှင် အခက်အခဲကြုံတွေ့ ဒုက္ခရောက်နေသည့် လူနာနှင့် လူနာရှင်များအား လူသားချင်းစာနာထောက်ထားသောအားဖြင့် ကူညီပံ့ပိုးမှုများ ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**ချောင်းဦး ဖေဖော်ဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပဲပြစ်တောကျေးရွာ၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်မှပေးအပ်သော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသက်လင်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်လွင်ဦးတို့ ဖေဖော်ဝါရီ ၁၂ ရက်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ပဲပြစ်တောကျေးရွာတွင် ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သိန်း ၂၀ ဖြင့် ချောင်းဦး-ပဲပြစ်တောလမ်း အရှည်ပေ ၃၀၀၀ ကျော်တွင် ဂျင်းလမ်းခင်းခြင်းနှင့် အဆိုပါလမ်းပေါ်မှ အရှည်ပေ ၇၀ ရှိသည့် ရေကျော်ကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ပြည်သူများထည့်ဝင်ငွေ ကျပ်ကိုးသိန်းကျော် စုပေါင်း၍ စုစုပေါင်း ကျပ် ၂၉ သိန်းကျော်ဖြင့် ဆောင်ရွက်နေပြီး အဆိုပါလမ်းလုပ်ငန်းများ ပြီးစီးပါက ဒေသခံပြည်သူများ၏ ဆက်သွယ်သွားလာရေးတွင် ပို၍အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။
**ယုယု(ချောင်းဦး)**

# အသက် ၄၀ ကျော်သူများတွင် အဖြစ်များသော ခေါင်းချွေးထွက်ရောဂါ

**ကြည်လွင်မြင့်(မုံရွာ)**

အနောက်တိုင်းဆေးပညာအယူအဆ အသက် ၄၀ ကျော်သူတို့၌ အဖြစ်နှင့်အပျက်တွင် cells ခေါ် ကလာပ်စည်းများ ပျက်စီးမှု၌ တစ်နေ့လျှင်ဆဲလ်တစ်သန်းကျော်သေသည်ဟုဆိုသည် (ဆရာကြီးသိပ္ပံမှူးတင်၏ ကျန်းမာရေး ဟောပြောချက်တစ်ခုတွင် ကြားသိရခြင်းဖြစ်ပါသည်)။ ထို့ကြောင့်ပင် အသက် ၄၀ ကျော်လျှင် ငယ်ရုပ်ပျောက်ပြီး ကြီးရုပ်ပေါက်လာသည်ဟု ရှေးလူကြီးများဆိုကြခြင်းဖြစ်သည်။

ဗုဒ္ဓဒေသနာအခြေခံသော မြန်မာ့ဆေးပညာတွင်ကား ခန္ဓာကိုယ်ကို ပဋ္ဌာဘုတ်ခေါ် ဘုတ်ငါးပါးဖြင့်တည်ဆောက်ထားကာ ကျန်းမာနေသည့်အရွယ်တွင် ထိုငါးပါးတို့ညီညွတ်နေပြီး၊ ဒုတိယအရွယ်ဝင်သည်နှင့် ဖောက်ပြန်ခြင်းများ စတင်ဖြစ်ပေါ်လာသည်။ ပထဝီဓာတ်ပျက်လာသဖြင့် အသားအရည်လျော့ကျခြင်း၊ တွန့်ခြင်း၊ ကျုံ့ခြင်းတို့ဖြစ်လာသည်။ ထိုတွန့်သည့် ကျုံ့သည့်နေရာတွင် အာပေါဓာတ်ကတိုးပြီးဝင်ရောက်လာသဖြင့် ဝမ်းဗိုက်ကဲ့သို့သောနေရာများတွင် ဖောင်းကားခြင်းဖြစ်လာသည်။ ဗိုက်ဖောင်းလာခြင်း၊ ဂုတ်ပိုးဖောင်းလာခြင်းတို့သည် ပထဝီပျက်သည့်နေရာတွင် အာပေါဓာတ်နှင့်ဝါယောဓာတ်တို့ တိုးဝင်ပြီး နေရာယူလာခြင်းဖြစ်သည်။

အာပေါလွန်လျှင် အာကာသပျက်သည်ဟူသော အယူအဆရှိသည်။ အာကာသရစေသည့် (အခိုးထွက်စေမည့်) အပေါက်ကို အရည်နှင့်အဆီခါတ်ကပိတ်လိုက်ခြင်းဖြစ်သည်။ ထိုအခါ အရေပြားတွင်ရှိသော မွေးညှင်းပေါက်များမှ ထွက်ရမည့်အခိုးတို့သည် အထက်သို့တက်သွားသည်။ မွေးစဉ်ကပါလာခဲ့သော ငယ်ထိပ်ပေါက်သည် အာကာသထွက်လမ်းဖြစ်သည်။ ဆံပင်အစ လည်ဂုတ်ပိုင်းနှင့် ငယ်ထိပ်တစ်ဝိုက်ဆံပင်များကြား ဦးရေပြားမှချွေးများထွက်လာတော့သည်။

လူအများကို လေ့လာကြည့်သောအခါ အသက် ၄၀ မတိုင်မီက လှုပ်ရှားသွားလာလျှင် တစ်ကိုယ်လုံး ချွေးအညီအမျှထွက်လေ့ရှိသော်လည်း အသက် ၄၀ ကျော် ၅၀ တွင်းရောက်လာသောအခါ ချွေးထွက်မညီတော့ပေ။ အောက်ပိုင်းချွေးထက် အထက်ပိုင်းချွေးက ပိုများလာသည်။ အထက်ဆန်ခြင်းများလာသည့်အခါ အလိုအလျောက် သွေးတိုးရောဂါဝင်လာတော့သည်။ အခန့်မသင့်လျှင် မသိလိုက်ပဲ ဆီးချိုရောဂါပါဝင်လာသည်။

တစ်ခါတစ်ရံတွင်လည်း ချွေးထွက်မညီခြင်းသည် အသက်အရွယ်ကြောင့်မဟုတ်ပဲ အနေအထိုင်ပြောင်းလဲမှုကြောင့်လည်း ဖြစ်တတ်သည်။ ဥပမာ-တစ်ခုတင်ပြရလျှင် စာရေးသူမိတ်ဆွေတစ်ဦး၏ ခေါင်းချွေးပြန်ရောဂါအကြောင်း ပြောလိုပါသည်။ ထိုမိတ်ဆွေသည် အလုပ်ကိုကြိုးစားလုပ်ကိုင်ရာမှ အောင်မြင်လာသူဖြစ်သည်။ အောင်မြင်လာသည့်အခါမှ သူ့တွင် ရောဂါအချို့ဝင်ရောက်လာသည်။ လူဝလာသည့်နေ့တွင် ဂုတ်ချွေးထွက်သည်။ ချွေးမညီ။ ညအိပ်ပျော်လျှင် ခေါင်းချွေးများ ရွှဲနေအောင်ထွက်သည်။ တစ်ခါတစ်ရံ ကိုယ့်ချွေးနှင့်ကိုယ် အအေးပတ်ပြီး နံနက်ထလျှင် နှာစေးပြီး ခေါင်းအုံနေတော့သည်။ သူ၏ဖြစ်ပုံကို ဆန်းစစ်ကြည့်သောအခါ အသက် ၄၀ မကျော်မီက သူ့ဘဝမှာခက်ခဲသည့် နေ့စဉ်သွားလာလှုပ်ရှားရန်းကန်ရသည်။ နေအိမ်မှအလုပ်ရှိရာသို့ အတော်ဝေးဝေးလမ်းလျှောက် တစ်လှည့်၊ ဘတ်(စ်)ကားစီးတစ်လှည့် သွားရသည်။ အလုပ်ရှိရာတိုက်မှာလည်း လေးထပ်သို့ လှေခါးထစ်များစွာကို တက်ခြင်း၊ ဆင်းခြင်းနေ့စဉ်အကြိမ်များစွာပြုလုပ်ရသည်။ သို့သော် ထိုစဉ်အခါက (ပြန်တွေးကြည့်လျှင်) သူ့ကျန်းမာရေး ဒေါင်ဒေါင်မြည်ကောင်းခဲ့သည်။

သူအောင်မြင်နေသည့် အချိန်ကျမှ ကျန်းမာရေးကဖောက်လာသည်။ ဘာကြောင့် ဤသို့ဖြစ်ရသည်ကို ဆန်းစစ်မိသည်။ အလုပ်တွေအောင်မြင်၊ စီးပွားရေး ကောင်းလာသောအခါ ခရီးဝေးလမ်းမလျှောက်ရတော့။ သူ့အိမ်နှင့်နီးသော နေရာတွင်ပင် အဆင့်မြင့်ကွန်ဒိုတိုက်ခန်းဝယ်နိုင်သည်။ လှေခါးထစ်များစွာ နေ့စဉ်အတက်အဆင်း မလုပ်ရတော့။ ဓာတ်လှေခါးဖြင့် အဆင်သင့်ခလုတ်နှိပ်ကာ ရပ်နေလိုက်ရုံဖြင့် လိုရာအထပ်သို့ရောက်နိုင်သည်။ ပူအိုက်ခြင်းဒဏ်ကြောင့် ချွေးပြန်ပြီး နေရသောဘဝ၊ ချွေးတစ်လုံးလုံးဖြင့် အလုပ်ရှုပ်သောဘဝမှ ကင်းဝေးအောင် အဲယားကွန်းအပြည့်ဖွင့်ထားသည့် ကွန်ဒိုတိုက်ခန်းကြီးဖြင့် နေနိုင်ပြီ။

သို့သော် တစ်နှစ်ကျော်လာသောအခါ ကျန်းမာရေးအတွက် အဆင်မပြေခြင်းများဖြစ်လာသည်။ လူပိုဝလာသည်။ ဂုတ်ပိုးအဆီတက်လာသည်။ အကြောတက် ညောင်းကိုက်ခြင်းများလာသည်။ ဝမ်းဗိုက်စူလာသည်။ အောက်ပိုင်းချွေးမထွက်။ လည်ဂုတ်ချွေး၊ ခေါင်းချွေးများ ထွက်လာသည်။ ပို၍ဆိုးသည်မှာ ညအိပ်ပျော်လျှင် ခေါင်းချွေးများထွက်ပြီး အအေးပတ်ခြင်းပင်ဖြစ်သည်။ သူမှာ နေထိုင်မကောင်းတော့မှ ဆင်ခြင်လာမိသည်။ ချမ်းသာခြင်းသည် လူတိုင်းမက်မောသော လာဘ်ကြီးတစ်ပါးဟုဆိုလျှင် ကျန်းမာခြင်းသည် ထို့ထက်ပိုပြီးကြီးမားသောလာဘ်ကြီးဖြစ် မည်ဟုထင်ပါသည်။ ချမ်းသာခြင်းကြောင့် ကျန်းမာခြင်းပျောက်သွားလျှင် ထိုချမ်းသာခြင်းသည် လာဘ်ကြီးမဟုတ်နိုင်တော့ချေ။

ထိုမိတ်ဆွေ၏ ခေါင်းချွေးထွက်ရောဂါမှာ ယခုအခါ ပျောက်ကင်းသွားပြီဖြစ်သည်။ ပျောက်ကင်းပုံမှာသူလည်း



ခေတ်ပညာတတ်တစ်ဦးဖြစ်သဖြင့် ကျန်းမာရေးဆိုင်ရာ စာအုပ်များဝယ်ဖတ်သည်။ လေ့လာသည်။ ခန္ဓာကိုယ်အတွင်း အပူအအေး မညီမျှ၍ ဖောက်ပြန်မှုများအကြောင်းကို လေ့လာရင်း မြန်မာဆေးဆရာကြီးတစ်ဦးနှင့် တွေ့ဆုံရသည်။ ထိုဆရာကြီး၏ အကြံပြုချက်များကို လိုက်နာသည်။

ခေါင်းချွေးပြန်ရောဂါအတွက် အရေးကြီးအချက်မှာ ခန္ဓာကိုယ်တစ်ခုလုံးအညီအမျှ ချွေးထွက်ဖို့လိုသည်။ လမ်းများများလျှောက်ဖို့လည်းလိုသည်။ လမ်းလျှောက်ရာတွင်လည်း လေကောင်းလေသန့်ရသည့်နေရာတွင် လျှောက်ဖို့လိုသည်။ ရန်ကုန်မြို့ကြီးတွင် ထို့ကဲ့သို့နေရာမှာ အလွန်ရှားသည်။ ကန်တော်ကြီးစောင်းတွင် နေ့စဉ်သွားလျှောက်ရန်လည်း အချိန်မပေးနိုင်ခဲ့။

ထို့ကြောင့် သူသည် အားကစားပစ္စည်းများရောင်းသည့်ဆိုင်သို့သွားပြီး တိုက်ပေါ်မှာပင် ကစားနိုင်သည့်ကိရိယာများကို လေ့လာသည်။ နောက်ဆုံးတွင် လမ်းလျှောက်၊ အပြေးလေ့ကျင့်သည့်စက်တစ်လုံးကို ငွေကျပ်နှစ်သိန်းကျော်ပေးပြီး ဝယ်လိုက်သည်။

လမ်းလျှောက်လျှင်လည်းရ၊ အပြေးလေ့ကျင့်လျှင်လည်းရ၊ လျှောက်သည့်နှုန်းသာမက လျှောက်နိုင်သည့်အကွာအဝေးကိုပါပြနိုင်သည့် ထိုစက်၏အကျိုးကျေးဇူးကြောင့် အဆင်ပြေသည်။ ညနေရုံးဆင်းချိန် ဝန်ထမ်းများပြန်သွားသည်နှင့်သူ အလုပ်စတော့သည်။ ပထမတော့ နာရီဝက်၊ နောက်တွင် တစ်နာရီအထိရလာပြီး ချွေးဖြိုင်ဖြိုင်ထွက်ပြီးမှသာ အနားယူကာ ရေအေးတစ်ခွက်သောက်လိုက်သည်။ ထို့နောက် ရေချိုးခန်းအတွင်းဝင်ပြီး ရေချိုးသည်။ အားရပါးရ ခေါင်းမှလောင်းချိုးသည်။ ထိုလေ့ကျင့်ခန်းသည်အဆင်ပြေပြီး စားကောင်းသောက်ကောင်းသည့်အပြင် ညအိပ်ပျော်သောအခါ သူဖြစ်နေကျ ခေါင်းချွေးထွက်ခြင်းသည်လည်း သိသိသာသာလျော့ကျ ပျောက်ကင်းသွားခဲ့သည်။

သို့သော် ခေါင်းချွေးပြန်ခြင်းသည် ရပ်တန့်သွားပြီးမှ တစ်ကျော့ပြန်ထွက်ခဲ့သေးသည်။ ဖြစ်ပုံမှာ ဆောင်းတွင်းရောက်လာသည်။ ကစားစဉ်မှာတော့ ချွေးထွက်သော်လည်း ရေချိုးလျှင်အေးစိမ့်လာသည်။ တစ်ရက်တွင် အအေးပတ်၍ ဖျားချင်သလိုဖြစ်လာသဖြင့် တိုက်ခန်းအောက်မှ နီးစပ်ရာ ဆေးခန်းတွင်ပြသည်။ ဆေးနှစ်ရက်ထိုးရသည်။ အသက် ၅၀ ဝန်းကျင်တွင် လေဖြတ်သူများသဖြင့် ဆရာဝန်က ညနေဘက် ခေါင်းမှ ရေလောင်းမချိုးရန်မှာလိုက်သည်။

နေကောင်းပြီးသည့်နောက်ပိုင်း ညနေရုံးဆင်းချိန်တွင် ပုံမှန်အတိုင်းချွေးထွက်မည့် ပြေး၊ လျှောက် အားကစားနည်းကို ပြန်လုပ်ခဲ့သည်။ သို့သော် ဆရာဝန်မှာကြားသည့် စကားရှိသဖြင့် ရေချိုးသောအခါ ကိုယ်လုံးသာချိုးပြီး ခေါင်းမှလောင်း မချိုးတော့။ သတိထားမိသမျှ ခေါင်းမှရေလောင်း ချိုးသည့်ရက်များတွင် ညအိပ်သောအခါ လည်ပင်းနှင့်ဂုတ်ဆက်များတွင် ချွေးပြန်ထွက်လာသည်။ တစ်ခါတစ်ရံခေါင်းမှာချွေးထွက်လာသည်။ ခေါင်းချွေးထွက်ရောဂါ ပြန်စလာပြီလားဟု ဆင်ခြင်မိသည်။

သူသည် ကိုယ်တွင်းမှ ငုတ်နေသောအခိုးအငွေ့နှင့် အပုပ်ဓာတ်များသည် ချွေးအဖြစ်ထွက်ပြီးနောက် ဦးခေါင်းငယ်ထိပ်ပေါက်မှလည်း ထွက်လေ့ရှိသည်။ ဦးခေါင်းငယ်ထိပ်တွင် ချွေးညှော်နှင့်အသစ်လဲမည့် အရေပြားပေါ်မှ ပိတ်ဆို့နေသော အရေပြားဟောင်းများရှိနေလျှင် အခိုးမထွက်ဆိုသည်ကို သတိရမိသည်။ မိမိက ဆောင်းတွင်းဖြစ်၍သာ လေဖြတ်မည်စိုး၍ ခေါင်းမှရေလောင်းမချိုးခြင်းဖြစ်သည်။

သို့သော် ခေါင်းမကြည်သဖြင့် စိတ်ထဲက ချိုးချင်နေသည်။ ခေါင်းလျှော်ရေချိုးလိုက်လျှင် ပေါ့သွားမည်ထင်မိသည်။ ထို့ကြောင့် တစ်နေ့တွင် အေးနေသည့် ကြားမှပင် အားကစားလုပ်ပြီးသည့်နောက် ခေါင်းလျှော်ရေချိုး လုပ်ပစ်လိုက်သည်။ ထူးခြားစွာပင် ခေါင်းလျှော်ရေချိုးသည့်နေ့တွင် ညအိပ်သောအခါ ခေါင်းချွေး၊ လည်ဂုတ်ချွေးများ ထွက်လာသည်ကို တွေ့ရသည်။

လူ၏ခန္ဓာကိုယ်သည် အပူအအေးတို့၏ တိုက်ပွဲဖြစ်ရာ စစ်တလင်းပြင်ကြီးသဖွယ်ဖြစ်နေသည်။ အနိုင်အရှုံးသည် နေ့စဉ်ရှိနေသည်။ ခန္ဓာကိုယ်၏ ဘယ်ဘက်ခြမ်းနှင့် ညာဘက်ခြမ်းကိုပင် အပူခြမ်းနှင့်အအေးခြမ်းဟူ၍ ရှေးနှစ်တစ်ရာကျော်ကပေါ်သော ဒေသနာနယဆေးပညာတွင် ခွဲခြားထားသည်။ ဘယ်ခြမ်းတင်းလျှင် အပူနာ၊ ညာခြမ်းတင်းလျှင် အအေးနာစသည်ဖြင့် တောင်သာခြောက်လုံးကောက်ဆေးပညာကလည်း ဆိုပြန်သည်။ မြန်မာ့ဆေးပညာက အယူသည်းမှုမရှိ၊ သိပ္ပံနည်းကျသည်ဆိုသော အနောက်တိုင်းဆေးပညာတွင်လည်း လူ့ခန္ဓာကိုယ်၏ ညာဘက်အခြမ်းနှင့် ဘယ်ဘက်အခြမ်းသည် မတူဟုဆိုသည်။ နှလုံးသည် ဘယ်ဘက်အခြမ်းတွင်ရှိသဖြင့် အဆုတ်သည် နှလုံးကိုနေရာပေးရင်း ဘယ်ဘက်တွင် အားနည်းသွားရသည်။ ထို့ကြောင့် အသက်ရှူသံကို နားကြပ်ဖြင့်နားထောင်လျှင် ညာဘက်ရင်အုံတွင် နားထောင် ပြီး၊ နှလုံးခုန်သံကို နားထောင်လျှင် ဘယ်ဘက်ရင်အုံမှ နားထောင်သည်ဟု ရှေးခေတ်ဆေးပညာတွင် ဖတ်ရှုရသည်။

ပြင်သစ်နိုင်ငံသည် လူ့ခန္ဓာကိုယ်ရုပ်ကြွပန်းချီ၊ ပန်းပုများ ထုလုပ်ရေးဆွဲရာတွင် အလွန်တော်သော ပညာရှင်များထွက်သည့်နိုင်ငံဖြစ်သည်။ ထိုပန်းချီပညာရှင်များသည် ဆရာဝန်မဟုတ်သော်လည်း လူ၏ခန္ဓာဗေဒကို အသေးစိတ်လေ့လာပြီးမှ ရေးဆွဲသည်ဟုဆိုသည်။ ပြင်သစ်ပန်းချီပညာရှင်တစ်ဦး၏ ထုတ်ဖော်တွေ့ရှိချက်အရ မိန်းမများ၏ရင်သားကိုရေးဆွဲသောအခါ ဘယ်ဘက်ရင်သားကို ညာဘက်ရင်သားထက် အနည်းငယ်ပို၍ ကြီးပြီးရေးဆွဲရသည်ဟုဆိုသည်။

ခန္ဓာကိုယ်အတွင်း လှည့်လည်သွားလာနေသောဓာတ်များရှိသလို ငုပ်လျှိုးနေသောဓာတ်များလည်းရှိသည်။ ငုပ်လျှိုးနေသောဓာတ်များကို ဆွမထုတ်နိုင်လျှင် တစ်နေ့တွင် အပုပ်ဓာတ်ဖြစ်သွားကာ လူကိုပြန်ဒုက္ခပေးတတ်သည်။ အပုပ်အခိုးတို့၏ အဓိကထွက်ပေါက်မှာ ဦးခေါင်းပိုင်းရှိ ဒွါရပေါက်များဖြစ်သော ပါးစပ်၊ မျက်စိ၊ နားနှင့် သိသိသာသာ ထင်ရှားစွာမမြင်ရသော ငယ်ထိပ်ပေါက်တို့ ဖြစ်လေသည်။ ခေါင်းချွေးထွက်ခြင်းသည် ကိုယ်တွင်းမှအပုပ် အခိုးများ ငယ်ထိပ်အထိတက်သွားပြီး ထွက်ပေါက်ရှာခြင်းပင်ဖြစ် သည်။ အသက် ၄၀ ကျော်၊ ၅၀ ကျော်များတွင် ကြုံတွေ့ရသော ဤရောဂါကို ပေါ့ပေါ့တန်တန်သဘောမထားပဲ ပျောက်ကင်းအောင် သတိထားကုသသင့်ပေသည်။

အသက် ၄၀ ကျော်လာပြီးနောက် ခေါင်းချွေးထွက်သူများနှင့် ညအိပ်ရာဝင်ချိန်တွင် ခေါင်းချွေး၊ လည်ဂုတ်ချွေးထွက်သူများအတွက် အကြံပေးလိုသည်မှာ . . .

(၁) အပုပ်စာ၊ တက်စာများကို ရှောင်ကြဉ်ပါ။

(ငံပြာရည်၊ ငါးပိကောင်၊ အနီရောင်အသားများ၊ ရက်လွန်အစားအစာများ၊ လက်လုပ်ချဉ်များ၊ ယမ်းစိမ်းနှင့် ရက်ကြာခံဆေးသုံးထားသည့် ဝက်အူချောင်း၊ ဝက်ပေါင်ခြောက်၊ ငါးအူချောင်း စသည်များ . . . )

(၂) နေ့စဉ် လမ်းလျှောက်ခြင်း သို့မဟုတ် အားကစားပြုလုပ်ခြင်းဖြင့် ကြွက်သားများလျော့အောင်လုပ်ပါ။

(၃) ခေါင်းချွေးအထွက်များလျှင် ညနေပိုင်းနှင့် ညစာမစားမီလေ့ကျင့်ခန်းဖြင့် ချွေးထွက်အောင်ပြုလုပ်ပါ။

(၄) ချွေးထွက်အောင်ကစားပြီးလျှင် ရေချိုးပါ။ (အေးလျှင် ရေနွေးစပ်ချိုးပါ)

(၅) ရေချိုးလျှင် ငယ်ထိပ်မှ အခိုးထွက်စေရန် ရေကို ခေါင်းလောင်းချိုးပါ။ ငယ်ထိပ်အခိုးပွင့်အောင်၊ ချွေးညှော်ကင်းအောင် ခေါင်းလျှော်ရည်သုံးသင့်လျှင်သုံးပါ။

(၆) ညအိပ်ရာဝင်လျှင် ရေမတ်ခွက်တစ်ခွက်သောက်ပါ။ ဆောင်းရာသီတွင် ရေနွေးကျိုပြီးမှ အအေးခံထားသော ရေကျက်အေးသောက်လျှင် ပိုကောင်းပါသည်။

**ခေါင်းချွေးပြန်ရောဂါအတွက် အရေးကြီးအချက်မှာ ခန္ဓာကိုယ် တစ်ခုလုံးအညီအမျှ ချွေးထွက်ဖို့ လိုသည်။ လမ်းများများလျှောက်ဖို့ လည်းလိုသည်။ လမ်းလျှောက် ရာတွင်လည်း လေကောင်းလေ သန့်ရသည့် နေရာတွင်လျှောက် ဖို့လိုသည်**

## ဟန်လင်းဒေသကုန်းအမှတ် ၂၉နှင့်ကပ်လျက်တွင် စတင်တူးဖော်ရာ သမိုင်းအထောက်အထားအချို့တွေ့ရှိ



**ရွှေဘို ဖေဖော်ဝါရီ ၁၄**

လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဖြစ်စဉ်နှင့် သမိုင်းကြောင်းကို လေ့လာရာတွင် ခိုင်မာသော အထောက်အထားများရရှိရန် ခေတ်အဆက်ဆက် တူးဖော်သုတေသနပြုလျက်ရှိရာ ဟန်လင်းမြို့ဟောင်းတူးဖော်မှုအဖြစ်ပြင်သစ် ဘယ်လ်ဂျီယံနှင့် ဂျပန်ပညာရှင်များပါဝင်သော သုတေသနအဖွဲ့သည် လေးနှစ်တူးဖော်သုတေသနပြုအစီအစဉ်အရပြီးခဲ့သည့် ဇန်နဝါရီလဆန်းမှ စတင်တူးဖော်လျက်ရှိရာ ပထမဦးဆုံးတူးသော ကုန်းအမှတ် ၂၉နှင့် ကပ်လျက်ရှိသော ၂၉-၁ တူးဖော်မှုတွင် လက်ရှိတတိယအဆင့်တွင် ရှေးဟောင်းဟု ယူဆရသော လူ့အရိုးစုနှင့် အသုံးအဆောင်များကိုတွေ့ရှိနေကြောင်း သိရသည်။

ဟန်လင်းမြို့ဟောင်းကို ၁၉၀၅ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဝန် မစ္စတာတော်စိန်ခိုက စတင်ကာ ပဏာမ စတင်တူးဖော်ခဲ့ပြီးနောက် ၁၉၂၉-၁၉၃၀ ပြည့်နှစ်တွင် ချားလ်ဒူရွိုင်ဆယ်က ထပ်မံစမ်းသပ်တူးဖော်ခဲ့ရာ ယခုလက်ရှိတွင် ကုန်းပေါင်း ၄၁ကုန်းကို သုတေသနပြုထားပြီးဖြစ်သလို ဆက်လက်၍လည်း ဘဏ္ဍာနှစ်အလိုက် တူးဖော်သုတေသနပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဟန်လင်းမြို့ဟောင်း တူးဖော်မှုများကို တစိုက် မတ်မတ် ဆောင်ရွက်နေသူ ဟန်လင်းစံပြ ကျေးရွာဒေသခံ ဦးမြင့်စိုးအောင်က ပြောသည်။

ဟန်လင်းမြို့တော်သည် သမိုင်းမှတ်တမ်းများ ဒေသဆိုင်ရာ ရာဇဝင်များအရ မင်းဆက်ပေါင်း ၇၉၉ ပါး စိုးစံခဲ့ပြီး မင်းဆက် ၈၀၀ မြောက် ပျူမင်းပြုံးမင်းတို့ လက်ထက်တိုင်အောင် မြို့ပြနိုင်ငံတော်အဖြစ် ထင်ရှားခဲ့ပြီး မြို့ပြနိုင်ငံတစ်ခုအဖြစ် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို တူးဖော်တွေ့ရှိရသော မြို့ရိုးများမြို့ဝင်လမ်းများ အဆောက်အအုံ အကြွင်းအကျန်များ ကျောက်စာများ၊ လူ့အသုံးအဆောင်ပစ္စည်းများက သက်သေခံလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ကာတွန်းလက်တွေ့ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့နှင့် ဂျပန်နိုင်ငံ SAT ကုမ္ပဏီတို့ ပူးပေါင်းကျင်းပသော "ယာဉ်လမ်းအန္တရာယ်ကင်းရှင်း ရေးချိန်ခါမရွေးဆောင်ရွက်ပေး" ခေါင်းစဉ်ဖြင့်ကာတွန်းလက်တွေ့ပြိုင်ပွဲကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အလွတ်တန်းဟူ၍ လေးတန်းဖြင့် မတ်လ ၂၅ ရက်တွင် လသာမြို့နယ် အထက(၂) လသာမြည်ီလာခန်းမ၌ ကျင်းပပေးမည်ဖြစ်ရာ ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်လိုသူများသည်မတ် ၁၅ ရက်မှ ၂၀ ရက်နေ့အတွင်းဒဂုံမြို့နယ် ဦးဝိစာရလမ်း ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့ရုံးသို့ နံနက် ၁၀ နာရီမှ ညနေ ၄နာရီအတွင်း လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကာတွန်းလက်တွေ့ပြိုင်ပွဲစည်းကမ်းချက်များမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် အလွတ်တန်းဟူ၍ လေးတန်းဝင်ရောက် ယှဉ်ပြိုင်နိုင်ရန် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်များသည် (၁၅×၂၀) လက်မအရွယ်အစားရှိ ပန်းချီစက္ကူပေါ်တွင် ရေးဆွဲရမည်ဖြစ်သည်။ လိုအပ်သောပန်းချီစက္ကူများကို မြန်မာနိုင်ငံယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့က ပြိုင်ပွဲကျင်းပမည့်အချိန်၌ တစ်ဦးချင်းဝေငှပေးသွားမည်ဖြစ်သည်။

ကာတွန်းလက်တွေ့ပြိုင်ပွဲကို မတ်လ ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သုံးနာရီကြာ ကျင်းပပေးမည်ဖြစ်သည်။ ဆုများကိုအတန်းလိုက်ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆုစီကို ချီးမြှင့်ပေးမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ကားချပ်စိစစ်ရွေးချယ်ခြင်းကို မြန်မာနိုင်ငံကာတွန်းပညာရှင်ကြီးများက မတ်လ ၂၆ ရက်တွင် ရွေးချယ်ပေးမည်ဖြစ်သည်။ ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ်လ ၃၁ ရက်နံနက် ၉ နာရီတွင် အထက(၆)ဗိုလ်တထောင် အောင်ကျော်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## နွေကြက်သွန်ထွက်ရှိချိန် ပုံမှန်ဈေးနှုန်းသာရှိနိုင်၍ စိုက်ပျိုးသူများအကျိုးအမြတ်ရရှိမှုနည်းနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာ ဈေးနှုန်း ငွေကျပ် ၁၆၀၀-၂၁၀၀ ၊ မြစ်သားငွေကျပ် ၂၁၅၀-၂၅၀၀ နှုန်းအထိ ဖေဖော်ဝါရီ ၂ ရက်တွင် မြင့်တက်ခဲ့သည်။

မိုးကြက်သွန်နီ အထွက်နောက်ကျမှုကြောင့် ရက်ပိုင်းအတွင်းကြက်သွန်နီ ဈေးနှုန်းများ တစ်ဆခန့်မြင့်တက်လျက်ရှိပြီး လာမည့်မတ်လတွင် ပုံမှန်ဈေးအတိုင်း ပြန်လည်ကျဆင်းနိုင်မည်ဟု ဖေဖော်ဝါရီ ၈ ရက်က မီဒီယာများတွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၈ ရက်တွင်ကြက်သွန်နီ ပိဿာချိန် ၁၇၄၀၀၀၊ ဖေဖော်ဝါရီ ၉ ရက်တွင် ပိဿာချိန် ၁၅၀၀၀၀၊ ၁၀ ရက်တွင် ၁၃၈၀၀၀၊ ၁၁ ရက်တွင် ၁၂၆၀၀၀ ပိဿာချိန် ဝင်ရောက်သော်လည်း ကြက်သွန်နီ ဈေးနှုန်း ကျဆင်းလာရာ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆိပ်ဖြူအမျိုးအစား လက်ကားဈေးနှုန်း တစ်ပိဿာလျှင် လက်ချောအရွယ်အစားငွေကျပ် ၉၀၀ ကျပ်၊ ရှယ် အရွယ်အစား ငွေကျပ် ၁၄၅၀၊ မြစ်သားအမျိုးအစားငွေကျပ် ၁၇၀၀မှ ၁၉၅၀ အတွင်း သာရှိသည်ဟု သိရသည်။

ပြည်ပမှတင်သွင်းလာသော အိန္ဒိယကြက်သွန်နီမှာဖေဖော်ဝါရီ ၂ ရက်က ငွေကျပ် ၂၅၀၀ဈေးဖြင့် ဝယ်ယူရသော်လည်း ဖေဖော်ဝါရီ ၈ ရက်က အလုံးသေး (ပြည်တွင်းကြက်သွန်နီ အရွယ်အစားဆိုလျှင် အလုံးကြီး)တစ်ပိဿာ ငွေကျပ် ၁၅၅၀ ရှိသည်။ ဖေဖော်ဝါရီ ၁၀ ရက်က အရွယ်အစားမရွေး ဒုံး တစ်ပိဿာ ငွေကျပ် ၁၂၅၀ သာရှိသည်ဟု သိရသည်။



လှောင်သမားများဈေးကွက်သို့ ထုတ်ရောင်းချိန် နှစ်ကုန်လပိုင်းများတွင် ပြည်တွင်း ကြက်သွန်နီဈေးနှုန်းသည် ပြည်ပဈေးထက် များစွာမြင့်တက်မှုရှိတတ်သော်လည်း လှောင်လက်တို့ ဝယ်ယူချိန် မတ်လဝန်းကျင်တွင်ပုံမှန်ဈေးနှုန်းသာရှိမှုများသည်။ ပြည်ပဈေးနှုန်းထက် မြင့်မားမှုများသဖြင့် ပြည်ပမှ ကြက်သွန်နီများ ဝင်ရောက်ခြင်းဖြင့် ပြည်တွင်း ဈေးနှုန်းကျဆင်းရသည့် ဖြစ်စဉ်များ မကြာခဏတွေ့ကြုံနေရသည်။

သို့ဖြစ်ရာ ပြည်တွင်းတွင် ကြက်သွန်နီ ဈေးနှုန်းများ အကြောင်းအမျိုးမျိုးကြောင့် ဈေးနှုန်းမြင့်တက်လာမှုတွင် စားသုံးသူများ ဈေးနှုန်းကြီးမြင့်စွာဝယ်ယူ သုံးစွဲရသော်လည်း စိုက်ပျိုးသူများအနေဖြင့် လှောင်လက်တို့ဝယ်ချိန် ကြက်သွန်နီထွက်ပေါ်ချိန် ပုံမှန်ဈေးနှုန်းသို့ ပြန်လည် ကျဆင်းလေ့ရှိသဖြင့် လှောင်သမားများသာ အကျိုးအမြတ်ရရှိပြီး နွေကြက်သွန်နီ စိုက်ပျိုးသူများ အကျိုးအမြတ်ရရှိမှု နည်းပါးကြောင်း သိရသည်။ **ခင်ဆိုင်**

## ပို့ကုန်အဖြစ် ကွမ်းသီးနှင့် သွင်းကုန်အဖြစ် ကြက်သွန်နီတင်ပို့မှု များပြား



**ရိခေါဒါရ် ဖေဖော်ဝါရီ ၁၄**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ- အိန္ဒိယနယ်စပ်မှ ယခုကာလအတွင်း တင်ပို့ကုန်အဖြစ် ကွမ်းသီးများ၊ အိန္ဒိယဘက်မှသွင်းကုန်အဖြစ် ကြက်သွန်နီများဖြတ်သန်းသွားလာမှုများပြားကြောင်း သိရသည်။

အဆိုပါတင်ပို့ကုန်ဖြစ်သည့် ကွမ်းသီးများသည် အင်ဒိုနီးရှားနိုင်ငံဘက်က များပြားပြီး မြန်မာနိုင်ငံအတွင်းရှိ ကွမ်းသီးများ အနည်းငယ်ပါဝင်ကြောင်း သိရသည်။ "အင်ဒိုနီးရှားဘက်ကလာတဲ့ ကွမ်းသီးတွေကို အများအားဖြင့် စက်မှုကုန်ကြမ်းအဖြစ် အိန္ဒိယနိုင်ငံ ကာလကတ္တားအထိ ပို့ဆောင်သွားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံကလာတဲ့ ကွမ်းသီးစိမ်းတွေကိုတော့ စားကုန်အဖြစ်နဲ့ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် အတွင်းမှာပဲ တင်ပို့သွားပါတယ်။ ကွမ်းသီးတွေကို ကလေးမြို့ကနေ ရိခေါဒါရ်နယ်စပ်အထိ ဆိုရင် တစ်ကီလိုဂရမ်ကို မြန်မာငွေ ၈၅ ကျပ်နဲ့ သယ်ယူပို့ဆောင်လာပါတယ်။ များသောအားဖြင့် ကွမ်းသီး အိတ် တစ်အိတ်ဆိုရင်၈၀ ကီလိုဂရမ်လောက်ရှိတယ်။ တစ်ဖက်အိန္ဒိယနိုင်ငံကို တင်ပို့မှုများတဲ့နေ့ဆိုရင် တစ်နေ့ကို ကွမ်းသီးအိတ် ၁၀၀၀၀ လောက် တင်ပို့ပါတယ်။ ဒါပေမယ့် နေ့တိုင်းတင်ပို့တာမျိုးတော့ မဟုတ်ပါဘူး "ဟု ကွမ်းသီးလုပ်ငန်းကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးရမ်းဖန်ဇားဝါက ပြောသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံဘက်မှ ကွမ်းသီးများအပြင်ကြက်သွန်နီအနည်းငယ်နှင့် ဖရဲသီးများပါ တင်ပို့မှုရှိပြီး ဖရဲသီးနှင့်ကြက်သွန်နီများသည် ရာသီပေါ်ချိန်အတွင်း တင်ပို့လာခြင်းဖြစ်သည်။ အလားတူ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံဘက်သို့ ကြက်သွန်နီများ တင်သွင်းမှုများပြားပြီး အခြားသော တင်သွင်းကုန် အဖြစ်ဓာတ်မြေဩဇာနှင့် ဆံပင်များကိုလည်း တင်သွင်းလာကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## မူဆယ်မြို့ မိုင်းယု ၁၀၅ မိုင်ကျေးရွာ၌ ငါးရက်တစ်ပတ်ဈေးသစ်ကြီးဖွင့်

**မူဆယ် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်မြောက်ပိုင်းမူဆယ်ခရိုင်မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကျေးရွာအုပ်စုတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်မှု၊ ဈေးကော်မတီအဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ပြီးစီးခဲ့သောငါးရက်တစ်ပတ် ဈေးကြီးဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဈေးသစ်ဖွင့်ပွဲကို ခရိုင်အဆင့်ရှိ ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ ကျန်းမာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူများ၊ ဈေးသူ ဈေးသားများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဈေးသစ် ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရိန်၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်၊ ၁၀၅ မိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါဈေးသစ်ကြီးတွင် ဆိုင်ခန်းပေါင်း ၂၇၆ ခန်း ဆောက်လုပ်ထားကြောင်း သိရသည်။ **သန့်ဇင်(မူဆယ်)**

### မီးဖိုမီးအသုံးပြုလျှင်

၁။ လူစောင့်ထားပါ။
၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။
၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။
၄။ မီးဖိုနှင့်အမိုး၊ နံရံအကြားအပူခံအကာအရံများ ထားပါ။
၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။




## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၂ယ/၇၇၉၄၇ ဟွန်ဒါ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်သန်း ၁၃/ညရန(နိုင်)၁၂၃၄၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည- ၃၅)၊ ဦးပိုင်အမှတ် ၅၊ ၅၅×၅၆ကြား၊ မင်းကြီးရန်နောင်×မင်းရဲကျော်စွာကြားရှိ ပြည်ကြီးတံခွန်မြို့နယ်၊ စာရေးဆရာများအသင်း အမည်ဖြင့်ချထားပေးသော မြေကွက်အား မြေချထားမိန့်စလစ်မူရင်းမှာ အသိမ်းလွန်၍ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ပြည်ကြီးတံခွန်မြို့နယ်၊စာရေးဆရာများအသင်းမှစလစ်မူရင်းခွဲလျှောက်ထားရန် ဂရန်သစ်လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၃)လမ်း၊ အမှတ်၂၆၅ရှိ မြေအကျယ်အဝန်း ပေ (၂၅×၅၀)မြေကွက်အား ဦးထိပ်တင်ဝင်း ၁၀/သထန(နိုင်)၀၁၂၂၅၅ မှ ဆောက်လုပ်လျက်ရှိရာ ယခုအခါ ဆက်လက်လုပ်ဆောင်ရန် ဆန္ဒမရှိသဖြင့် ဦးအေးမင်းထွန်း ၁၂/သဃက(နိုင်) ၁၇၃၃၄၅သို့ လွှဲပြောင်းလက်ခံ ဆက်လက်လုပ်ကိုင်မည် ဖြစ်ပါသည်။

အထက်ဖော်ပြပါကိစ္စအား ကန့်ကွက်ရန်ရှိပါက သက်သေအထောက်အထားအပြည့်အစုံဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးအေးမင်းထွန်း**
**၁၉၊ ရန်ငြိမ်းလမ်း၊ ရန်အောင်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၈၊ မြေကွက်အမှတ် 312၏ ခြေရင်းအခြမ်းအကျယ်အဝန်း ၂၀'×၆၀' မြေနှင့် ၄င်းမြေပေါ်ရှိ အမှတ်312/ခ၊ ကမ္ဘောဇ ၁လမ်း၊ ၁၈/Bရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသိန်းဇော် ၁၀/မဒန(နိုင်) ၁၂၄၁၉၈-ဒေါ်စန်းစန်းသီ ၁၀/သဖရ(နိုင်)၀၀၀၈၀၂တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးသိန်းဇော်မှ ရောင်းချခွင့်ရှိကြောင်း ထုတ်ဖော် ကမ်းလှမ်းချက်အရ ၄င်းပစ္စည်းအရပ်ရပ်အား ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

၄င်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းနှင့် ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ တစ်စုံတစ်ရာကန့်ကွက်ချက်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်စိမ်းမို့မို့ငြိမ်း ၁၂/ဒဂတ(နိုင်)၀၆၇၆၇၃**

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၆) ရပ်ကွက်၊ ၅၂ လမ်း၊ အမှတ် ၉၂/၉၄နေ ဒေါ်ချိုမာအောင် ၇/သဝတ(နိုင်)၀၀၇၈၉၄၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုမာအောင်သည် သာယာဝတီမြို့နယ်ရှိ ဝိသာခါမြန်မာတိုင်းရင်းဆေးလုပ်ငန်းပိုင်ရှင် ဦးသိန်းအောင် ၇/သဝတ (နိုင်) ၀၀၈၀၃၆နှင့် ဒေါ်ခင်အေးရီ ၇/သဝတ(နိုင်) ၀၀၇၈၉၅တို့မှမွေးဖွားခဲ့သည့် သားသမီးနှစ်ဦးအနက် သမီးကြီးတစ်ဦးဖြစ်ပါသည်။ မိခင်ဒေါ်ခင်အေးရီမှာ ၉-၈-၂၀၁၁ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ မိခင်ကွယ်လွန်သွားသည့်အချိန်တွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုမာအောင်မှာ အရွယ်ရောက်ပြီးသူဖြစ်သည့်အပြင် မိခင်၏ဝတ္တရားများကို ကူညီဆောင်ရွက်ပေးခဲ့သူဖြစ်သောကြောင့် ဩရသသမီးအခွင့်အရေးကိုရရှိခဲ့သူတစ်ဦးဖြစ်ပြီး မိခင် ဒေါ်ခင်အေးရီ ကွယ်လွန်ပြီးနောက် ဖခင်ဦးသိန်းအောင်လက်ဝယ်တွင် ကျန်ရစ်ခဲ့သည့် အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် လုပ်ငန်းတို့အပေါ် အမွေဆက်ခံပိုင်ဆိုင်သူ တစ်ဦးဖြစ်သည့်အတွက် ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက်မပါဘဲ အောက်ဖော်ပြပါမရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် လုပ်ငန်းတို့အပေါ်လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ပေါင်နှံခြင်း၊ ငှားရမ်းခြင်းကိစ္စအဝဝတို့ကို ဖခင် ဦးသိန်းအောင်တစ်ဦးတည်း လုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အောက်ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ သာယာဝတီခရိုင် တရားရုံးတော်တွင် တရားမကြီးမှုအမှတ် ၃/၂၀၁၃ဖြင့် ကျွန်ုပ်အမှုသည် ဒေါ်ချိုမာအောင်မှ တရားစွဲဆိုခဲ့ရာတွင် (၂၂-၁၀-၂၀၁၃)ရက်တွင် အနိုင်ဒီကရီရရှိခဲ့ပါသည်။

**ပစ္စည်းစာရင်း**

၁။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကွင်းအမှတ် စီ-၂၊ အမည်ကွက်သစ် (အနောက်)၊ ဦးပိုင်အမှတ် ၇၉ဟုခေါ်တွင်သောမြေကွက်၏ ခေါင်းရင်းဘက်အခြမ်း ပေ ၄၁×ပေ၁၄၀ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် ၄င်းဥပစာအတွင်း ပစ္စည်းအရပ်ရပ်အားလုံး။

၂။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကွင်းအမှတ် စီ-၂၊ အမည်ကွက်သစ် (အနောက်)၊ ဦးပိုင်အမှတ် ၈၇၊ ဧရိယာ ၀ဒသမ၁၅၄ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် ၄င်းဥပစာအတွင်းရှိ ပစ္စည်းအရပ်ရပ်အားလုံး။

၃။ ဝိသာခါမြန်မာတိုင်းရင်းဆေးလုပ်ငန်းနှင့် ယင်းလုပ်ငန်းနှင့်ပတ်သက်သည့် ဆက်စပ်လျက်ရှိသည့် ပစ္စည်းအရပ်ရပ်အားလုံး။

**ဒေါ်ချိုမာအောင်၏ ညွှန်ကြားချက်အရ-**
**(ဦးဝင်း) စဉ်-၄၃၆၃**
**B.A (Law), LL.B**
**အထက်တန်းရှေ့နေကြီး**
**တိုက်ကျောင်းလမ်း၊ သာယာဝတီမြို့**

## ကွာရှင်းပြတ်စဲပြီးစီးခြင်းနှင့် ပစ္စည်းခန်းခွဲဝေပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးမောင်မောင်ရွှေ(၁၂/ကမရ(နိုင်)၀၀၈၀၇၉)နှင့် ဒေါ်စံစံဝင်း(၁၁/စတန(နိုင်)၀၁၀၅၉၇)တို့သည် (၉.၂.၂၀၁၇)ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်တရားရုံး၌ မှတ်ပုံတင်အမှတ်-၁၅ ဖြင့် တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းများကိုလည်း ဒေါ်စံစံဝင်းနှင့် ခွဲဝေပြီးဖြစ်သဖြင့် ဒေါ်စံစံဝင်းနှင့်ပတ်သက်သော လူမှုရေး၊ ငွေရေးကြေးရေးကိစ္စရပ်အဝဝတို့သည် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမောင်မောင်ရွှေ
၁၂/ကမရ(နိုင်)၀၀၈၀၇၉

## ဦးနိုင်နိုင်ကျော် ၁၂/အစန(နိုင်)၁၀၉၃၅၉နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်နှောင်ဝင်း ၁၂/လမန(နိုင်)၀၁၇၇၅၉၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ဦးနိုင်နိုင်ကျော်သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်နှောင်ဝင်း၏ သားဖြစ်သူ၏ ဆရာအရင်းဖြစ်ပြီး ကုမ္ပဏီကြီးတစ်ခုတွင်လည်း အကြီးတန်းမန်နေဂျာဖြစ်ကာ စမ်းချောင်းမြို့နယ်၊ ဦးစံငြိမ်းလမ်း၊အမှတ် ၁၇တွင် ဖွင့်လှစ်ထားသော **မမအလှပြုပြင်ရေးလုပ်ငန်း**ကိုလည်း ဇနီးဖြစ်သူမှ လုပ်ကိုင်နေသူဖြစ်၍ အလှပြုပြင်ရေးလုပ်ငန်းကို လုပ်ငန်းတိုးချဲ့ရန်ငွေကြေးလိုအပ်နေကြောင်း ယုံကြည်အောင်ပြောဆိုမှုကြောင့် ကျွန်ုပ်၏မိတ်ဆွေမှ ငွေသိန်း ၁၀၀ (သိန်းတစ်ရာတိတိ)ကို စာချုပ်ချုပ်ဆိုပေးအပ်ခဲ့ပါသည်။

ထိုသို့ ငွေသိန်း(၁၀၀) ပေးအပ်စဉ်က ဦးနိုင်နိုင်ကျော်၏ ဦးလေးဆိုသူတို့လင်မယားဝယ်ယူထားသော မရမ်းကုန်းမြို့နယ်၊ ၈ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ တိုက်-၅၅၉၏ အရောင်းအဝယ်စာချုပ် မူရင်းကို ပေးအပ်ခဲ့သည့်အပြင် သိန်း၁၀၀ အားပြန်ပေးဆပ်နိုင်မှုမရှိပါက တိုက်ခန်းအားရောင်းချခွင့်ပြုကြောင်းပါ စာချုပ်တွင် ဖော်ပြခဲ့သည်။

ဦးနိုင်နိုင်ကျော်သည် ရယူထားသည့် သိန်း၁၀၀အား ပြန်လည်ပေးအပ်ရန် အချိန်ကျော်လွန်ပြီးသော်လည်း ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အပြင် ကုမ္ပဏီမှလည်း ထွက်ခဲ့ပြီး မူလနေထိုင်လျက်ရှိသော အလှပြင်ဆိုင်မှလည်း ထွက်ပြေးတိမ်းရှောင်သွားပါသည်။

သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှ ၁၅ရက်အတွင်း ရယူထားသော သိန်း၁၀၀အား ကျွန်ုပ်ထံသို့ လာရောက်ပေးဆပ်ရန်ကြေညာအပ်ပါသည်။ လိုက်နာမှုမရှိပါက ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့အရ အရေးယူမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်ခင်နှောင်ဝင်း**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်မောင်အေး(ဗန်းမော်)**
**B.A(Law);LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၄၀)**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၆၀၅၅၂**

## ဦးဇော်ဟန် (၁၂/မရက(နိုင်)၀၈၃၀၁၈)၊ ဒေါ်လှမြတ်စု (၉/ခမစ(နိုင်)၀၁၈၇၈၁)တို့နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ တေဇစက္ကီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီဟနာဒ မဟာထေရ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မရမ်းကုန်းမြို့နယ်၊ အမှတ် (၆) ရပ်ကွက်၊တေဇစက္ကီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်တွင် တရားမဝင်နေထိုင်ခဲ့သော ဦးဇော်ဟန်နှင့် ဒေါ်လှမြတ်စုတို့သည် လွန်ခဲ့သော (၄) နှစ်ခန့်မှစ၍ နေထိုင်ခြင်းမပြုတော့ဘဲ ပစ္စည်းများကို ကျောင်းဆောင်အတွင်း သော့ခတ်ပိတ်သိမ်းထားခဲ့ပါသည်။

ယခုအခါ ဦးဇော်ဟန်နှင့် ဒေါ်လှမြတ်စုတို့အား ကျောင်းတိုက်စည်းမျဉ်းစည်းကမ်းများအရ ကျောင်းတိုက်အတွင်းမှ ထွက်ခွာပေးရန် ထုတ်ပြန်ထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း လူကြီးမင်းတို့၏ ပစ္စည်းများကို လာရောက်ယူဆောင်ကြပါရန်၊ သတ်မှတ်ကာလအတွင်း ပစ္စည်းများ လာရောက်ယူဆောင်ခြင်းမပြုပါက လူကြီးမင်းတို့၏တာဝန်သာဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အကယ်၍ သတ်မှတ်ကာလအတွင်း လာရောက်ယူဆောင်ခြင်းမပြုပါက ဥပဒေနှင့်အညီ ဂေါပကအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးဇော်ဟန်၊ ဒေါ်လှမြတ်စုတို့နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၂၁)**
**ဘီ-၁၊ အမှတ် (၁၀/၁၂)၊ ၃၅-လမ်း၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၀၇၈၄၉**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်သန်း
### အသက်(၇၃)နှစ်

ဗိုလ်ကြီးသန်းထွန်းအောင်(ငြိမ်း)၊ ဒေါ်လှဲ့လှဲ့စိုးတို့၏ မိခင်ဖြစ်သူ ဒေါ်ခင်သန်း အသက်(၇၃)နှစ်သည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၅၀နာရီတွင် မင်္ဂလာဒုံမြို့နယ်၊ တပ်မတော်စံပြရပ်ကွက်၊ ၁လမ်း၊ အမှတ် ၃ နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)
### DSA(15)INTAKE၊ ကြည်း(၁၂၇၀၈)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း
### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးကြီးဝင်းဖေ(ငြိမ်း)-ဒေါ်ရင်ရင်]တို့၏သားကြီး၊ဗိုလ်မှူးချုပ်စိန်ရ(ငြိမ်း)-(ဒေါ်ယဉ်ယဉ်လှ)တို့၏သားသမက်၊ ဒေါ်အေးအေးသန့်၏ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးကြည်ဝင်း(ငြိမ်း)သည် ၁၂-၂-၂၀၁၇ရက်နံနက် ၃း၃၀ နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးငွေးဦးနှင့်ဇနီး ဒေါ်နီနီဝင်း**
**(နာယက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးစိုးနိုင်ဦး (ငြိမ်း)
### (GM, မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မုဒိတာအိမ်ရာ(၁)၊ အမှတ် B-216 နေ ဒေါ်ဥမ္မာ၏ချစ်လှစွာသောခင်ပွန်းသည် ၁၂-၂-၂၀၁၇ရက် နံနက် ၇း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝေမျိုးဟန်-ဒေါ်ကေသီဝင်း မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးသူရိန်ကျော်(ငြိမ်း)
### ကြည်း-၂၁၃၆၄၊ DSA-30 Intake
### ဌာနမှူး(တိ/ကု)နှင့်ကျန်းမာရေးဌာန
### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အသက်(၅၁)နှစ်

ဒေါ်နန်းကလျာဝင်း(CEO, Asian Fame Media Group)၏ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဗိုလ်မှူးသူရိန်ကျော်သည် ၉-၂-၂၀၁၇ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂း၅၅နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အထက(၃)ပဲခူးမှ ငယ်သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(ဦးသန်းလွင်-ဒေါ်တင်လှ)တို့၏သမီး၊(ဦးရမ်ချန္ဒာ-ဒေါ်ရာဂျ်ဘာစီယာဒေဝီ)တို့၏ချွေးမ၊ (ဦးမျိုးလွင်)-ဒေါ်စန္ဒာခိုင်၊ ဒေါ်မျိုးမျိုး၊ ဦးကျော်ငွေးနိုင်-ဒေါ်မူမူအေးတို့၏အစ်မ၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ အမှတ် 9 D2 နေ ဦးမင်းဟန်(MD Golden Hawks Int'l Ltd.)၏ချစ်လှစွာသောဇနီးသည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)(သလ္လာဝတီလမ်းနေအိမ်မှကားများ ပါရမီလမ်းဘက်မှဝင်ရန်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၁၁း၃၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ အမှတ် 9 D2 နေ ဦးမင်းဟန်(MD Golden Hawks Int'l Ltd.)၏ချစ်လှစွာသောဇနီး၊ ဒေါ်စုစုလှ၊ ဦးလှမင်း(Director Golden Hawks Int'L Ltd၊ ဒုဥက္ကဋ္ဌ ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ ဒုဥက္ကဋ္ဌ မဟာဝိဟာရ ဓမ္မဝိနယဗုဒ္ဓတက္ကသိုလ်၊ နာယက ရက္ခပူရလင်္ကာရအသင်း၊ ရန်ကုန်)-ဒေါ်ယမင်းဝင်းသန့်၊ ဒေါ်မေဇင်အေး(MD AT & S Co.,Ltd)တို့၏ချစ်လှစွာသောမိခင်၊ မောင်လပြည့်သစ်(OWC Grade XII စင်ကာပူ)၊ မောင်သက်လင်းထက်(YIS Grade V)၊ မောင်ထက်ရဲရင့်(YIS Grade II)တို့၏အဘွားသည် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။) (သလ္လာဝတီလမ်းနေအိမ်မှကားများ ပါရမီလမ်းဘက်မှဝင်ရန်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၃၀နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(ပုသိမ်) မင်္ဂလာဈေး
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ပုသိမ်ညွန့်ရပ်ကွက်၊ကျောက်မြောင်း၊တာမွေမြို့နယ်၊ ဓမ္မဝိဟာရလမ်း၊ အမှတ် ၆၉(မြေညီထပ်)နေ (ဦးဟုန်အင်း-ဒေါ်ပို့ရင်)တို့၏သား၊ (ဦးထွန်းဝေ)-ဒေါ်ကျင်သွဲ့တို့၏သားသမက်၊ဒေါ်စန်းစန်းဝင်း၏ခင်ပွန်း၊ မောင်ထွန်းလင်းအောင်၊ မောင်နိုင်လင်းအောင်တို့၏ဖခင်သည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) ည ၇း၁၅နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)
### ကြည်း(၇၃၆၇) ဗိုလ်သင်တန်းအပတ်စဉ်(၁၆)
### ခ.လ.ရ(၆)
### ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဗဟိုပို့ဆက်ကျောင်း၊ မိတ္ထီလာမြို့
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၂၂/၁နေ (ဦးဘမော်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးဘိုနီ-ဒေါ်သန်းကျင်)တို့၏သားသမက်၊ ဒေါ်အမာစိန်[ဆရာမကြီး(ငြိမ်း)၊ ဓနုဖြူ]၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါက်တာဦးလှမြင့်-ဒေါ်မြမူ)တို့၏မောင်၊ ဦးတင်အေး-ဒေါ်ကြည်ကြည်ခိုင်၊ (ဦးဝင်းမြင့်မော်)-နော်ချူးရီ၊ (ဦးဟန်တင့်)-ဒေါ်နွဲ့နွဲ့ရီ၊ (ဦးမောင်မောင်)-ဒေါ်မော်မော်အေး၊ (ဦးနေဝင်းမော်)၊ ဦးစိန်အေး-ဒေါ်ထားထားမော်၊ ဦးသစ်လွင်မော်-ဒေါ်တင်တင်ဦး၊ (ဦးချစ်ကိုမော်)တို့၏အစ်ကို၊ တူ၊ တူမ ၂၂ယောက်တို့၏ဘကြီးသည် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒုဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)
### တပ်ရင်းမှူး(ငြိမ်း)၊ ခလရ(၆)
### ကျောင်းအုပ်ကြီး(ငြိမ်း)၊ ဗဟိုပို့ဆက်ကျောင်း၊ မိတ္ထီလာမြို့
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ အောင်ဓမ္မရိပ်သာလမ်း၊ အမှတ် ၂၂/၁ နေ (ဦးဘမော်-ဒေါ်အေးစိန်)တို့၏သား၊ (ဦးဘိုနီ - ဒေါ်သန်းကျင်)တို့၏သားသမက်၊ ဒေါ်အမာစိန် (ဆရာမကြီး၊ ငြိမ်း၊ ဓနုဖြူမြို့)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၂-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးချုပ်သိန်းဇော်(ငြိမ်း)-ဒေါ်မူမူဝင်း**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့် အသက်(၆၇)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ရေဇင်းရွာနေ (ဦးနီ-ဒေါ်တင်ထွေး)တို့၏သား၊ (ဦးဘသာ-ဒေါ်သိန်းမြ)တို့၏သားသမက်၊ ဒေါ်ညွန့်တင်၏မောင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင့်လွင်-ဒေါ်အေးအေးမြင့်၊ ချမ်းမြသာစည်မြို့နယ်၊ ၅၄လမ်း၊ မဥ္ဇူလမ်းထောင့်၊ (ဘဘ-၁၆/၂)နေ ဒေါ်မော်မော်မြင့်(လက်ထောက်ကထိက၊ မန္တလေးနည်းပညာတက္ကသိုလ်)၊ ဒေါ်သူဇာမြင့်(ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)၊ ဒေါ်ထက်ထက်မြင့်(နည်းပြ၊ သူနာပြုသင်တန်းကျောင်း၊ဖလမ်းမြို့)၊ ဒေါ်စောစန္ဒာမြင့်(မူလွန်၊ထန်းချောင်)၊ ဒေါက်တာဝေဖြိုးဟိန်း(လပြည့်ဝန်း သွားနှင့်ခံတွင်းဆေးခန်း)တို့၏ဖခင်၊ မဆုသီရိစံ၊ မောင်ရဲစွမ်းပြည့်တို့၏အဘိုး၊ ဒေါ်စိန်လှမေ၏ချစ်လှစွာသောခင်ပွန်းသည် ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၁၇ရက်(စနေနေ့)တွင် ချမ်းမြသာစည်မြို့နယ်၊ ၅၄လမ်း၊ မဥ္ဇူလမ်းထောင့်၊ (ဘဘ-၁၆/၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးလှမြင့်
### အသက်(၆၇)နှစ်

ဒေါ်သူဇာမြင့် (စာရင်းကိုင်-၂၊ ကိုယ်ပွားသတင်းစာတိုက်၊ မန္တလေး)၏ ဖခင် ဦးလှမြင့် အသက်(၆၇)နှစ်သည် ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စာတည်းမှူး၊ သတင်းထောက်မှူး**
**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ**

## ဒေါ်စန်းစန်းမြင့်
### အခြေစိုက်အလုပ်ရုံအမှတ်(၁)
### ကပရ (ငြိမ်း)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ (ဦးဦးကျော်သာ-ဒေါ်သိန်းတင်)တို့၏သမီး၊(ဦးချစ်ဆွေ-ဒေါ်သိန်းနွဲ့)တို့၏သမီးချွေးမ၊ဦးမောင်မောင်စိုး-ဒေါ်ခင်ခင်ဝင်း၊ ဦးယဉ်ကြည်-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမောင်မောင်-ဒေါ်ကြူကြူဝင်းတို့၏ညီမ၊ [ကိုညီပု(ခ)ကိုဝင်းမြင့်]၏အစ်မ၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ၅၁လမ်း၊ မဟာနဝရတ်ကွန်ဒို၊ တိုက်(အေ)၊အခန်း ၂၀၉ နေ ဦးအေးချို (ကပရ၊ ငြိမ်း)၏ ဇနီး၊ ဦးဇော်ထက်ခိုင်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏မိခင်သည် ၁၃-၂-၂၀၁၇ရက် နံနက် ၁း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စမ်းစမ်းမြ(ခ)မချို
### (ရေတာရှည်)
### အသက်(၆၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ (ဦးထွန်းရှိန်-ဒေါ်မြရင်)တို့၏သမီး၊ (ဦးကျော်မြ - ဒေါ်ကြည်)တို့၏ချွေးမ၊ (ဦးအောင်လှ)-ဒေါ်ဝင်းကြည်၊ ဦးလှမောင်(ဒုဗိုလ်မှူးကြီး၊ ငြိမ်း)-ဒေါ်မာမာလှ၊ (ဦးသိန်းအောင်) - ဒေါ်တင်မြင့်၊ ဦးကျော် (လ/ထ အထွေထွေမန်နေဂျာ၊ ငြိမ်း)-ဒေါ်တင်အေး၊ ဦးပြုံးမောင် (လ/ထညွှန်မှူး၊ ထွေ/အုပ်၊ ငြိမ်း)-ဒေါ်အေးအေးလှ၊ (ဦးစစ်ရုံ၊ လ/ထအထွေထွေမန်နေဂျာ၊ ငြိမ်း)-ဒေါ်သန်းသန်းလှ (စိမ်းသန့်ရေတာရှည်)တို့၏ညီမ၊ဦးဝင်းမောင်(ကျန်းမာရေးမှူး၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာကောင်းမြတ်ထွန်း(သားဖွားမီးယပ်အထူးကု၊ဒီဃာယု)၊ ကိုနန္ဒမောင် - မခင်နှင်းရီ (ဖက်တီးကော်ရည်ခေါက်ဆွဲ)၊ကိုစိုးမောင်မောင်-မယဉ်ကေခိုင်မြင့် (အောင်ပြည်တန်ကုမ္ပဏီ)တို့၏မိခင်သည် ၁၃-၂-၂၀၁၇ရက် ညနေ ၅း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့ တောင်အင်းမြောက်အင်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၇-၂-၂၀၁၇ရက် (သောကြာနေ့) နံနက်ပိုင်းတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဂင်သိန်း (ထားဝယ်)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ အမှတ် ၅၅နေ (ဦးချိန်စွမ်-ဒေါ်ကျင်လွမ်)တို့၏သမီး၊ ဦးရန်ရှင်း-ဒေါ်ဂင်စိန်တို့၏ညီမ၊ဦးမင်းဝေ-ဒေါ်ခင်ပပလင်း၊ဦးခင်ဇော်-ဒေါ်မာမာလွင်၊ဦးတင်စိုး-ဒေါ်မာမာရှိန်၊ဦးငွေးဝင်း-ဒေါက်တာမာမာအေး၊ ဦးမောင်မောင်သန့်-ဒေါ်မာမာစန်း၊ ဦးအောင်လွင်-ဒေါ်မာမာထွေးတို့၏အဒေါ်၊ မြေး ၁၉ယောက်တို့၏အဘွားသည် ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၇ရက် (ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၂-၂၀၁၇ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးခင်မြင့် (ဒိုက်ဦး)
### မြန်မာ့ရေနံ(ငြိမ်း)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနမြို့တော်၊ အေ/၂လမ်း၊ တိုက် ၃၊ အခန်း ၀၀၄နေ (ဦးထွန်းတင်-ဒေါ်ခင်ကြည်)တို့၏သား၊ (ဦးဘဘူ-ဒေါ်ကြင်မြိုင်)တို့၏သားသမက်၊ ဦးစိုးနိုင်(ရှုဝံလျှပ်စစ်)-ဒေါ်ရင်ရင်မြင့်၊ ဦးနေလင်း - ဒေါက်တာခိုင်ခိုင်ဆွေ(USA)၊ ဦးသိန်းထွဋ်-ဒေါ်လှိုင်လှိုင်မြင့်၊ ဦးထွန်းလင်းမြင့်-ဒေါ်ခင်နှင်းဦး(ကိုမိုး အထွေထွေဆောက်လုပ်ရေးလုပ်ငန်း)တို့၏ဖခင်၊ ဒေါ်ကြင်ကြီး(အထက၊ ငြိမ်း)၏ခင်ပွန်း၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏ အဘိုးသည် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) နံနက် ၂နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မြတ်ထွဋ်
### (အုတ်တွင်း)
### တရားလွှတ်တော်ချုပ်ရှေ့နေ
### (စဉ်-၄၃၇၆)
### အသက်(၆၂)နှစ်

အုတ်တွင်းမြို့နေ (ဦးအောင်ကျော်စိုး-ဒေါ်ခင်ညွန့်)တို့၏သား၊ ဓနုဖြူမြို့နေ (ဦးအေး-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၂၁/၂၃ (သုံးလွှာ)နေ ဒေါ်ဆွေဆွေအေး (ဦးစီးအရာရှိ/စီမံ၊ အနောက်ပိုင်းခရိုင် ပညာရေးမှူးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ မရွှေဝန်းရုံ၊ မဝင့်ထည်ဝါအေး(ခ)ဆွိတို့၏ချစ်လှစွာသောဖခင်သည် ၁၃-၂-၂၀၁၇ရက် နံနက် ၅နာရီတွင် မော်လမြိုင်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကိုအောင်ထွန်းဦး(ခ)
## ကိုဖက်တီး
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တပင်ရွှေထီးလမ်း၊ (၃၉/A)ရပ်ကွက်၊ အမှတ် ၄၅၂နေ (ဦးထွန်းမြင့်)-ဒေါ်ဝင်းရီတို့၏သား၊ မမွေးစပါယ်၏အစ်ကို၊ မောင်ကျော်ဇင်ဦး၊ မထက်စပါယ်ဖြူတို့၏ ဘကြီးသည် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၄း၂၀နာရီတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
## ဦးခင်မောင်လေး
### အမှတ်(၁)စစ်တောင်းစက္ကူစက်(ငြိမ်း)
### အသက်(၈၃)နှစ်

မန္တလေးမြို့၊ ၂၈လမ်းနှင့် ၈၂လမ်းထောင့်နေ (ဦးဘချစ်-ဒေါ်မမလေး)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးထွန်းကြိုင်-ဒေါ်သန်း)တို့၏သားသမက်၊ မန္တလေးမြို့နေ ဒေါ်နုနုဆွေ၏အစ်ကို၊ ဦးလေးနိုင်-ဒေါ်စပါယ်ဦး၊ ဦးအေးမင်းနိုင်-ဒေါ်အေးခိုင်ဝင်း၊ ဦးမင်းကြည်စိုး-ဒေါ်ခင်မိုးမိုး၊ ဒေါ်ဖြိုးစုဝေတို့၏ဖခင်၊ မနှင်းဝတ်ရည်ဦး၊ မောင်ဇင်လင်းနိုင်၊ မဆုဖြူစင်၊ မမေမြတ်သူ၏အဘိုး၊ ဒေါ်ခင်ကြည်၏ချစ်လှစွာသောခင်ပွန်းသည် ၁၃-၂-၂၀၁၇ရက်(တနင်္လာနေ့)ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ကျီစုအအေးတိုက်မှကျီစုသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၇ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်၊(၁)ရပ်ကွက်၊ ထူပါရုံ ၈လမ်းအနောက်၊ အမှတ်(၉၅၂/ခ) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအုန်းငွေ
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကား၊ စမ်းချောင်း(၄)ရပ်ကွက်နေ ဦးကြာညွှန့်-ဒေါ်မြသိန်းတို့၏သား၊ ဒေါ်လှမြင့်၏ခင်ပွန်း၊ သီဟမင်းနိုင်၊ စန္ဒာဝင်း၊ နီလာဝင်း၊ သီတာဝင်း၊ ဝေယံမင်းနိုင်တို့၏ ချစ်လှစွာသောဖခင်သည် ၁၃-၂-၂၀၁၇ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
### အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ (ဦးသန်းလွင်-ဒေါ်တင်လှ)တို့၏သမီး၊ မရမ်းကုန်းမြို့နယ်၊ သလ္လာဝတီလမ်း၊ အမှတ် 9 D2 နေ ဦးမင်းဟန်(MD Golden Hawks Int'l Ltd.)၏ချစ်လှစွာသောဇနီး၊ (ဦးမျိုးလွင်)-ဒေါ်စန္ဒာခိုင်(အမက-၂၊ ပန်းဘဲတန်း)၊ ဒေါ်မျိုးမျိုး၊ ဦးကျော်ငွေးနိုင်(မဟာနွယ်ပုံနှိပ်တိုက်)-ဒေါ်မူမူအေးတို့၏အစ်မ၊ ဒေါ်စုစုလှ၊ ဦးလှမင်း(Director Golden Hawks Int'l Ltd၊ ဒု-ဥက္ကဋ္ဌ၊ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၊ ဒုဥက္ကဋ္ဌ၊မဟာဝိဟာရဓမ္မဝိနယဗုဒ္ဓတက္ကသိုလ်၊ နာယက ရက္ခပူရလင်္ကာရအသင်း၊ ရန်ကုန်)-ဒေါ်ယမင်းဝင်းသန့်၊ ဒေါ်မေဇင်အေး(MD AT & S Co., Ltd)တို့၏မိခင်၊ မောင်လပြည့်သစ် (UWC Grade XII စင်ကာပူ)၊ မောင်သက်လင်းထက်(YIS Grade V)၊ မောင်ထက်ရဲရင့် (YIS Grade II)တို့၏အဘွားသည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့)ညနေ ၄း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အေးဟန် (ဌာနစုမှူး)
### တွံတေးမွေးမြူရေးစခန်း၊ ထုတ်လုပ်ရေးဌာန
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အရှေ့ရပ်ကွက်၊ အောင်သပြေအရှေ့(၁၃)လမ်း၊ အမှတ် ၁၀၃၆/ခနေ ဦးအောင်ရှိန်-(ဒေါ်ကြင်မြိုင်)တို့၏တူမ၊ (ဦးထွန်းရွှေ-ဒေါ်တင်ရီ)တို့၏သမီး၊ (ဦးဉာဏ်အေး)-ဒေါ်ခင်စန်းမြင့်တို့၏ညီမ၊ ဒေါ်ငွေးရီ၊ ဦးမျိုးလွင်-မစန်းရီ၊ ဦးလှထွေး-မခင်အေး၊ ဦးငွေးကျော်-မသန်းသန်းမော်၊ မတင်တင်နိုင်တို့၏အစ်မသည် ၁၄-၂-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၁၇ရက်(တနင်္လာနေ့)နံနက်တွင်အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး
## ဦးအောင်မြတ်ထွဋ်(အုတ်တွင်း) အသက်(၆၂)နှစ်
### တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၆)

အုတ်တွင်းမြို့နေ [ဦးသန်းထွဋ်(ခ)ဦးအောင်ကျော်စိုး-ဒေါ်ခင်ညွန့်]တို့၏သား၊ ဓနုဖြူမြို့နေ(ဦးအေး-ဒေါ်ခင်အန့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက် ၅၆/၁၈နေ(ဗိုလ်ကြီးမြင့်လွင်-တေဇ-၁၁)-ဒေါ်ခင်သန်းဦး(လယ်/ပြ၊ ငြိမ်း၊ မ-၆၊ ကျောက်တံတား)တို့၏မောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၂၁/၂၃(သုံးလွှာ)နေ ဒေါ်ဆွေဆွေအေး(ဦးစီးအရာရှိ၊ စီမံ၊ အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)၏ချစ်လှစွာသောခင်ပွန်း၊ မရွှေဝန်းရုံ(MPT-KSGM. JO)နှင့် မဆင်းထည်ဝါအေး(Sweet)တို့၏ချစ်လှစွာသောဖခင်၊ ဦးထက်ထက်-ဒေါ်နီလာညွန့်၊ ဗိုလ်မှူးဟန်စိုးမင်း-ဒေါ်အိအိမြင့်လွင်တို့၏ဦးလေး၊ ကိုကို၊ ကိုညီ၊ မျိုးမျိုးတို့၏ဘိုးဘိုးလေးသည် ၁၃-၂-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၃း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်ဝင်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ ၁၅၉လမ်း၊ အမှတ် ၁၁နေ (ဦးအောင်ခင်)-ဒေါ်ခင်မေကြည်၊ (ဦးကျော်ဇော)၊ ဦးဝင်းမြင့်-ဒေါ်ချိုမာဝင်း၊ ဒေါ်ခင်မာညို(တပ်မတော်အထည်ချုပ်စက်ရုံ)၊ (ဒေါ်သင်းသင်းမာ)တို့၏ မိခင်သည် ၁၃-၂-၂၀၁၇ရက် ညနေ ၅း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမြတ်စိုး (Sonny)
### M.Sc (Botany)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးပြည်စိုး-ဒေါ်သန်းသန်းဇင်)တို့၏သား၊ (ဦးသောင်းဝေ)-ဒေါ်ခင်မြင့်မြင့်တို့၏သားသမက်၊ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပီတောက်ရိပ်မွန်၊တိုက် K၊ အခန်း ၇နေ ဒေါ်သီဂီသောင်း၏ခင်ပွန်း၊ဦးမျိုးချစ်-ဒေါက်တာသင်းသင်းစိုး၊ ဒေါ်အေးအေးစိုးတို့၏မောင်၊ ဦးညီစိုး၏အစ်ကို၊ မောင်လင်းထက်၊ မလှမြတ်စိုးတို့၏ ဖခင်သည် ၁၄-၂-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၈း၅၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၁၇ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဂျပန်နိုင်ငံ၌ကျင်းပမည့် လက်ဝှေ့ပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့တွဲဆိုင်း ခြောက်ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် ကျင်းပမည့် LETHWEI LEGACY - 2 IN JAPAN ပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့တွဲဆိုင်း ခြောက်ဆိုင်း ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြိုင်ပွဲစီစဉ်သော မြန်မာမီဒီယာဂရု (ပ်)မှ သိရသည်။

ထိုပြိုင်ပွဲကြီးတွင် မြန်မာ့ရိုးရာလက်ဝှေ့ ကစားနည်းဖြင့် တွဲဆိုင်းခြောက်ဆိုင်း ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဒေ့လက်ဒပ်(ကနေဒါ)နှင့် ဖိုးကေ(မြန်မာ)၊ ဖျံ သွေး(မြန်မာ)နှင့် ယာမာဇာကီ(ဂျပန်)၊ ရှမ်းကို(မြန်မာ)နှင့် အိုခူဒါ(ဂျပန်)၊ သားအသည်းတစ်ပွင့် (မြန်မာ)နှင့် ယာမာမိုတို(ဂျပန်)၊ စောရာဇာ (မြန်မာ)နှင့် ၅၄ ကီလို ဂျပန်မွေထိုင်းချန်ပီယံ ကိုမူအာ၊ အမျိုးသမီးပွဲအဖြစ် ရွှေစင်မင်း(မြန်မာ)နှင့် ဂျပန်နပမ်းမယ်မိုမိုတို့ပါဝင်ကာ တွဲဆိုင်းခြောက်ဆိုင်းဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။ ထိုပြိုင်ပွဲကြီးတွင် သွားရောက်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့သည် ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ကစားနည်းအား ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများရှိ ကမ္ဘာ့လက်ဝှေ့ချန်ပီယံများနှင့် ကမ္ဘာ့နိုင်ငံ အသီးသီးမှ အသိအမှတ်ပြုစေရန် မြန်မာမီဒီယာဂရု(ပ်)နှင့် အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။ ထို့အပြင် ယခု ၂၀၁၇ ခုနှစ်အတွင်းတွင် ဂျပန်နိုင်ငံ၌ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲခြောက်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။




ပြိုင်ပွဲကြော်ငြာဆိုင်းဘုတ်ကို တွေ့ရစဉ်

# မြန်မာနိုင်ငံအတွင်းလည်ပတ်ရန် ဂျာမနီနိုင်ငံသားများ ပါဝင်သည့်အဖွဲ့ မြဝတီမှဝင်ရောက်

**ထိန်လင်းအောင်(မြန်/ဆက်)**

**မြဝတီ ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ချုပ်ဆိုထားသော နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အရ ဖွင့်လှစ်ထားသည့် မြန်မာ-ထိုင်း နယ်စပ်ဂိတ်များတွင် နိုင်ငံခြားသား လူဝင်/လူထွက်နှင့်ပတ်သက်ပြီး လုပ်ငန်းတိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပါရှိသည့် ထိုင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများအား ဝင်ရောက်လည်ပတ်ခွင့်ကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့မှ စတင်ပြီး ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၄* ●



## ကျွန်တော်သိသော တရားဥပဒေစိုးမိုးရေး (သို့မဟုတ်) တရားဥပဒေစိုးမိုးရေးအပေါ် ကျွန်တော့်အမြင်

စာမျက်နှာ-၆

## အမေရိကန်အမျိုးသားလုံခြုံရေး အကြံပေး ရာထူးမှနုတ်ထွက်

စာမျက်နှာ-၁၀

## မြန်မာကလပ်များယှဉ်ပြိုင်မည့် AFC Cup ပြိုင်ပွဲ ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်မည်

စာမျက်နှာ-၁၄

# အင်းစိန်ဆေးရုံလူနာများအတွက် အောက်ဆီဂျင်လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်တော့မည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

**ရန်ကုန် ဖေဖော်ဝါရီ ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်ခုတင် ၅၀၀ အထွေထွေရောဂါကုဆေးရုံကြီးတွင် လာမည့် ဧပြီလဆန်းမှစတင်ကာ လူနာများ၏အောက်ဆီဂျင်ဘူးလိုအပ်ချက်ကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်က ပြောသည်။

"ကျွန်တော်တို့ဆေးရုံကြီးမှာ လက်ရှိအောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်တဲ့ စက်ငယ်သုံးလုံးရှိပါတယ်။ စက်နှစ်လုံးက အောက်ဆီဂျင်အိုးတွေအတွက် ထုတ်ပေးပါတယ်။ ကျန်တစ်လုံးကတော့ ဆေးရုံရဲ့လူနာတွေ ရှူသွင်းရာမှာသုံးဖို့ လိုင်းထဲမှာထည့်ပေးပါတယ်။ သို့ပေမယ့် ဆေးရုံကထုတ်လုပ်ပေးတာအပြင် ဘုန်းကြီးကျောင်းနဲ့လူမှုရေးအသင်းအဖွဲ့တွေက လှူဒါန်းတဲ့အောက်ဆီဂျင်ဘူးတွေကိုပါ သုံးနေရပါတယ်။ ရာခိုင်နှုန်းအားဖြင့်ပြောမယ်ဆိုရင် ဆေးရုံကထုတ်လုပ်တာတစ်ဝက်၊ လူမှုရေးအသင်းအဖွဲ့တွေက ထုတ်လုပ်တာက တစ်ဝက်လောက်ရှိပါတယ်။ ဆေးရုံကထုတ်ပေးတဲ့ အောက်ဆီဂျင်ဘူးတွေကိုတော့ အရေးပေါ်လူနာတွေ၊ ငွေကြေး လုံးဝမတတ်နိုင်သူတွေအတွက် အခမဲ့ပေးပါတယ်။ ငွေကြေးတတ်နိုင်သူတွေကိုတော့ လူမှုရေးအသင်းအဖွဲ့တွေ၊ ဘုန်းကြီးကျောင်းက လှူဒါန်းပေးတဲ့အောက်ဆီဂျင်ဘူးတွေနဲ့ အသုံးပြုပါတယ်"ဟု ဒေါက်တာအေးအောင်က ပြောသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ❖





Distributed by SEIN WUT HMON CO., LTD. No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township,Yangon.01-684 842, 09-731 26116 swh.com.mm